တက္ကသိုလ်

# သျှင်သီရိ

(ဓမ္မာစရိယ၊ ဘီအေ)

# ဘဝနေဝင် နည်းလမ်းပြင်



cover : idea kyaw

computerised colour separation

ဒုတိယအကြိမ်

စီစဉ်သူ
ကိုဝင်းထွဋ် (ဝေဘာဂီ) - ကိုသန်းနိုင်

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီအေ)

# ဘဝနေဝင်နည်းလမ်းပြင်

ကမ္ဘာကျော်စာပေ

အမှတ် ၄၇၊ ၃၂ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၈၆၂

စာမူခွင့်ပြုချက်အမှတ် [ ၃၉/၉၉ (၁) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၁၈၆/၉၉ (၄) ]

○

၁၉၉၉ ခုနှစ်၊
ဒုတိယအကြိမ်၊

○

တန်ဖိုး
ကျပ်

○

*အုပ်ရေ
၅၀၀ အုပ်

○

မျက်နှာဖုံးပန်းချီ
Idea Kyaw

○

မျက်နှာဖုံးဖလင်
CONQUEROR

○

ကွန်ပျူတာစာစီ
M.K

○

ထုတ်ဝေသူ
ဦးဝင်းမြင့်၊ ဝင်းမြင့်အောင်စာပေ (မြ ၀၁၅၁၂)
၃၁၅/၂၊ (ခ) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့။

○

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းအောင် (မြ ၀၅၁၃၁) သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် (၈၄/၈၆)၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

○

အတွင်းပုံနှိပ်
ဒေါ်ပုလေး၊ (မြ ၀၂၆၃၉)
ဇောတိကပုံနှိပ်တိုက်၊ အမှတ် ၁၁၂၊ ၉၂ လမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

○

အထက်မြန်မာပြည်ဖြန့်ချိရေး - ဦးထွန်းရွှေ၊ နဂါးစာပေ (မန္တလေးမြို့)

○

ရှမ်းပြည်နယ်နှင့် ကယားတောင်တန်းဖြန့်ချိရေး - မိလျှံနာစာပေ

Future Time Idea Group နှင့် ကမ္ဘာကျော်စာပေ မှ

ထုတ်ဝေဖြန့်ချိထားသော အောက်ဖော်ပြပါ စာအုပ်များကို အလိုရှိ၍ စာရေးမှာယူလိုပါက

တစ်မျိုးကို (၃) အုပ်နှင့်အထက်မှာယူပါလျှင် မူရင်းတန်ဖိုးဖြင့်လည်းကောင်း၊

(၁) အုပ်မှ (၂) အုပ်ထိ မူရင်းတန်ဖိုးနှင့် စာပို့ခကို ပူးတွဲကျခံစေ၍လည်းကောင်း၊

V.P.L ဖြင့် ပို့ပေးပါမည်။

| | | |
|---|---|---|
| ၁။ သိန်းဖေမြင့် ၏ | သီတာပြုံး | တန်ဖိုး ၂၀၀ ကျပ် |
| ၂။ ခင်နှင်းယု ၏ | ပိုးခန်းဆီးနောက်ကွယ်မှငရဲခန်းများ | ။ ၁၂၀ ကျပ် |
| ၃။ ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)၏ | ခေါင်းဖြတ်တောင်ခရီး | ။ ၁၂၀ ကျပ် |
| ၄။ သု (ဓနုမှုရုံသီ)၏ | အလိမ္မာပုံဝတ္ထုများ | ။ ၂၀၀ ကျပ် |

ဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| ၁။ သိန်းဖေမြင့် ၏ | ကျွန်တော်၏ အချစ်ဦး |
| ၂။ တက္ကသိုလ်ဘုန်းနိုင် ၏ | ညီမလေးရယ် စိုးရိမ်မိတယ် |
| ၃။ သော်တာဆွေ ၏ | ဟာသဝတ္ထုတိုပေါင်းချုပ်သစ် |
| ၄။ ဒဂုန်တာရာ ၏ | ဝတ္ထုတိုပေါင်းချုပ်သစ် |
| ၅။ ခင်နှင်းယု ၏ | လမင်းကြီးသာစမ်းပါ |
| ၆။ တက္ကသိုလ်သျှင်သီရိ ၏ | ကောင်းမှုတောင်းဆုပြည့်ဝကြစေသော် |
| ၇။ တက္ကသိုလ်သျှင်သီရိ ၏ | ဘဝနေဝင် နည်းလမ်းပြင် |
| ၈။ ဒဂုန်ရွှေမျှား ၏ | အလယ်ရပ်လွှာ |
| ၉။ ဦးထွန်းအေး (ဓမ္မာစရိယ ဘီအေ) ၏ | စိဇ္ဇာမတာလား၊ ဘုရားအလိုကျတာလား |
| ၁၀။ ဦးထွန်းအေး (ဓမ္မာစရိယ ဘီအေ) ၏ | တန်ခိုးပြကောင်းပါသည်၊ သို့သော် ..... |

Future Time Idea Group နှင့် ကမ္ဘာကျော်စာပေ

အမှတ် ၄၅ (တတိယလွှာ)၊ ၉၂ လမ်း၊ ကန်တော်ကလေး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၂၅၀၈၆၂

## နိုင်ငံတော်အစိုးရ၏ သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး　　　　　　　　　　　　　　　　　　　ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး　　　　　　　　　　ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး　　　　　　　　　　　　　　ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

# မာတိကာ

သေနည်းကောင်း
လယ်တီဆရာတော်ဘုရားကြီး၏ ဘဝနေဝင်နည်းလမ်းပြင်
သံဝေဂလင်္ကာကြီး
အမှာစာ
ယပ်တောင်လင်္ကာဆုံးမစာ
ညှော်သည်
သွားနှင့်မည်

## အခန်း (၁)

လူ့ဘဝရဲ့အစ-အဆုံး
ဘဝအဆုံး
သေခြင်းတရားသဘော
သေမင်းတရားသံဝေဂပွားရာ
သေမင်းတမန်ခေါ်ရာသို့
သေရဲ့သူအသင့်ဖြစ်ရေး
သေဘေးကြောက်သူနှင့်မကြောက်သူ
ပုဏ္ဏားအမေးနှင့်ဘုရားရှင်အဖြေ
  ၁။ ကာမဂုဏ်စွဲလမ်းသူကြောက်
  ၂။ ကာမဂုဏ်မစွဲလမ်းသူ သေမှာမကြောက်

ကမ္ဗာကျော်စာပေ

၃။ မိမိကိုယ်ကိုစွဲလမ်းသူကြောက်

၄။ မိမိကိုယ်ကို မစွဲလမ်းလျှင်မကြောက်

၅။ အကုသိုလ်များသူကြောက်

၆။ အကုသိုလ်မများသူမကြောက်

၇။ တရားယုံမှားသူကြောက်

၈။ တရားမယုံမှားသူမကြောက်

အမိနှင့်သားအချင်းချင်းမကာကွယ်နိုင်သောဘေး

အမိနှင့်သား အချင်းချင်းမကာကွယ်နိုင်သောဘေးကို

လွတ်မြောက်စေသောလမ်းစဉ်

## အခန်း (၂)

သေခြင်း (၄)မျိုး

၁။ အသက်ကုန်၍သေရခြင်း

၂။ ကံကုန်အစွမ်းကုန်၍သေရခြင်း

၃။ အသက်တမ်းကံအစွမ်းနှစ်မျိုးကုန်၍ သေရခြင်း

၄။ ဥပစ္ဆေဒကခေါ် ကပ်၍သတ်ဖြတ်တတ်သော ကံကြောင့်သေရခြင်း

သေချိန်မကျဘဲ သေရသူများ

ကံအခွင့်သာ၍ ဥပစ္ဆေဒကကံဖြင့်သေရသူများ

ကံနှင့်သက်တမ်းသေခြင်းတရား

## ကမ္ဘာကျော်စာပေ

သေခြင်းတရား

၁။ ရာဂကြောင့်သေရခြင်း

၂။ ဒေါသကြောင့်သေရခြင်း

၃။ မောဟကြောင့်သေရခြင်း

၄။ မာနကြောင့်သေရခြင်း

တစ်နည်း - သေရခြင်းအကြောင်းလေးပါး

၁။ ဟီရိ(အရှက်ကြောင့်)သေရခြင်း

၂။ သဒ္ဒါကြောင့်သေရခြင်း

၃။ ပညာကြောင့်သေရခြင်း

၄။ ကရုဏာကြောင့်သေခြင်း

သေခြင်းဖြစ်ပေါ် ရာအနာရောဂါရခြင်းအကြောင်း(၈)ပါး

သေခါနီးကာလဖြစ်ပေါ် သောကံများ

သေခါနီးအာရုံများ

ကံအာရုံထင်လာပုံ

ကမ္မနိမိတ်အာရုံထင်လာပုံ

ဂတိနိမိတ်အာရုံထင်လာပုံ

သေခါနီးမျက်နှာအနေအထားမှန်းဆဖွယ်

ဂတိနိမိတ်ထင်လာပုံတစ်မျိုး

ဘဝကူးပြောင်း ပဋိသန္ဓေစိတ်ဖြစ်ပုံ

သေခါနီးဘဝကံနှင့်ဆရာတော်များအဖြေ

**ကမ္ဘာကျော်စာပေ**

ဘိုးကြီး၊ ဘိုးလတ် မှန်သမျှကွဲသကဲ့သို့
အကြောင်းခြောက်ပါးနှင့်ဆက်စပ်ပုံ

## အခန်း (၃)

ယမမင်းစစ်ဆေးသောသေမင်းတမန်သုံးဦး
ဘုရားရှင်လမ်းညွှန်ခဲ့သောသေခါနီး
နှလုံးသွင်းရမည့်အာရုံတရား
တမလွန်ပြောင်းသူတို့အတွက် အားထားမှီခိုရာတရားများ
မကောင်းသောစွဲလမ်းမှုဖြင့် သေလျှင်
မတွေ့ဝေဘဲ သေရခြင်းနည်း
သေခါနီးမိတ်ဆွေ
မုဆိုးနတ်ပြည်ရောက်ရပုံ
ဘဝနေဝင် သေနည်းပြင်ဆင်ပေးသောမိတ်ဆွေကောင်း
သေခါနီးတရားနာရ ဖဂ္ဂုန
သေနည်းတတ်တဲ့ညီမလေး
သေခြင်းကိုမတုန်လှုပ်ကြသူများ
ဥပဇ္ဈာယ်ကကဲ့ဖြင့်နေဝင် နတ်ပြည်တွင်စံရသူ
ဘဝနေဝင်ကြို့တင်သိ၍ ကြို့တင်ပြင်ဆင်ခဲ့သော သုဇာတမင်းသား
ဘဝနေဝင်ခါန်း တစ်ဒင်္ဂပြင်ဆင်ခွင့်ရလိုက်သော နွားကျောင်းသား
ဘဝနေဝင်ခါန်း သရဏဂုံတည်၍နတ်ပြည်ရောက်ရသော ဆတ္တလုလင်

**ကမ္ဘာကျော်စာပေ**

ဘဝနေဝင် ကုသိုလ်ပြင်ဆင်ခွင့်ရခဲ့သော သူဆင်းရဲမ

နောက်ဆုံးဆည်းဆာ ပရိတ်နာသွားသူ မမကြည်

**အခန်း (၄)**

ကျွန်မသိတာတစ်ခုတည်းရယ်ပါ

ဘဝနေဝင်ကြည်ညိုခွင့်ရလိုက်သော ကပ်စေးနဲသူ၏သား

ဒုဋ္ဌဂါမဏိအဘယမင်း၏ ဘဝနေဝင်ချိန်

တံခါးမှူး၏ ဘဝနေဝင်ချိန်

အနာထပိဏ်သူဌေးအား အရှင်သာရိပုတ္တရာမထေရ်ပေးသော ဘဝနေဝင်

နည်းလမ်းပြင်နည်း

မဟာဓမ္မိက၏ ဘဝနေဝင်နည်းလမ်းပြင်နည်း

# လယ်တီဆရာတော်ဘုရားကြီး၏
# ဘဝနေဝင် – နည်းလမ်းပြင်
## သံဝေဂလင်္ကာကြီး

မှတ်ကာစွဲယူ၊ များဗိုလ်လူတို့၊
နဋ္ဌုမရ၊ ဆင်းရဲကြလိမ့်၊
လောကသုံးခွင်၊ ဘုံအပြင်ဝယ်၊
ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည်း။

သုံးစွဲဖို့ရာ၊ များဥစ္စာတို့၊
ကံကြမ္မာပေး၊ ရပြန်သေးလည်း၊
ပျက်ရေးတစ်ဖန်၊ တွေ့ကြုံပြန်၏။

ချစ်လျှံဝေဝေ၊ ချစ်ဆွေတွေနှင့်၊
ချစ်လေသမျှ၊ ပေါင်းဆုံကြလည်း၊
ကွဲရမည်မှာ၊ မလွဲသာတည်း။

ရှည်စွာအသက်၊ တည်ရှိလျက်လည်း၊
ပုခက်နှင့်ပေ ၊ ဝေးလေလေနှင့်
နီးလေပြင်ခေါင်း ၊ အမှန်အောင်းလိမ့်။

အကြောင်းမလျော် ၊ သုံးရက်ကျော်က၊
ပုပ်စော်ညှီနံ ၊ ရန်တွေ့ပြန်သို့၊

ကမ္ဘာကျော်စာပေ

အမှန်ချစ်သူ၊ မကပ်မူဘဲ၊
လျစ်လျူရှုသုံး ၊ တကယ်မုန်း၏။

နောက်ဆုံးရောက်ကာ ၊ မြို့ပြည်ရွာနှင့်၊
ဆွေဥာအများ ၊ စွန့်ပယ်ရှား၍၊
သွားရအပြီး ၊ လူမနီးသည်၊
တောကြီးမြိုင်ယံ ၊ မြေသုဿန်၌၊
ရောက်ပြန်မရှိ ၊ မြှုပ်နှံဘိခြင်း ၊
ခြောက်ပေတွင်းဝယ် ၊ စင်းစင်းအိပ်ကာ၊
မလွဲသာဘဲ ၊ နေရန်ကို ၊
စွဲစွဲမှတ်ကာ ၊ ဆင်ခြင်ပါတော့။

သင်္ခါရခြုံ ၊ လောကီမြုံ၌ ၊
ခိုလှုံဝင်စံ ၊ ပုထုဇဉ်တို့၊
လောကဓံလွတ်ကြောင်း ၊ ဆုပန်တောင်း၍၊
လမ်းကြောင်းမဂ္ဂင် ၊
ရှစ်အင်ဓမ္မ ၊ အဝဝကို ၊
နေ့ညမကွာ ၊ ကြိုးစားရာသည်၊
ခေမာရောက်မှ - အေးမည်တည်း ။

# အမှာစာ

" ဪ. . . သံသရာဆိုတာ ဘဝအဖုံဖုံ မျောကြရတာမို့
ဖန်ခါခါ အို ၊ နာ ၊ မရဏ ကြုံကြုံပြီး မျှောမှဖြင့် ကံဇာတ်သာ
အခြေတည်တော့ တယ် "

ဟူသော ဆရာတော်ကြီး ဦးဥတ္တမသာရ၏ နွားမေတ္တာစာလေးချိုးပါ စာပိုဒ်အရပင် သတ္တဝါအားလုံးသည် ဘဝသံသရာကြီးထဲမှာ ရဟတ်ချားကဲ့သို့ မရပ်မနား ဘဝတွေခြား၍ လည်သွားနေကြရပါသည်။

သက်ရှိ သတ္တဝါ ဖြစ်လာသမျှ သေရခြင်း ဒုက္ခ မကြုံတွေ့ရသေးမီ အိုခြင်း ၊ နာခြင်း ဒုက္ခများ ကြုံတွေ့ရမြဲ ဖြစ်ကြပါသည်။

**ဆရာတော်ကြီး ဦးဥတ္တမသာရ-၏ သံသရာ ဝဋ်ကို လွတ်အောင် ရှုန်းကြစို့ရဲ့ စာအုပ်နှင့် ၎င်းဆရာ တော်ကြီး၏ နွားမေတ္တာစာ လေးချိုးကြီး စာအုပ် ။**

ထို ဒုက္ခဘေးထက် ကြောက်စရာကောင်း၍ သတိထားရမည့် အချက်မှာ သတ္တဝါအားလုံးတို့သည် သံသရာဝယ် ပုံစံအမျိုးမျိုး ၊ ဘဝအမျိုးမျိုးဖြင့် ကျင်လည်နေကြပါသည်။ ထိုသို့ ကျင်လည်ရာတွင် လူဘဝကို အရတော်စွာ ရနေပြီးမှ သေလွန်သောအခါဝယ် ငရဲကျမည့်အရေး ၊ တိရိစ္ဆာန် ဖြစ်သွားရမည့်အရေး ၊ ပြိတ္တာ ဖြစ်သွားရမည့်အရေး ၊ အသူရကာယ်ဘဝ ဖြစ်သွားရမည့် အရေးတို့သည် ကြောက်စရာကောင်းသော လားရာဂတိ အရေးများဖြစ်ကြပါသည်။

ကမ္ဘာကျော်စာပေ

ခရီးသွား ယောက်ျားသည် လမ်းဆိုး ၊ လမ်းကောင်း ခရီးကြောင်း နှစ်ခုကြားဝယ် ကြိုက်ရာခရီးသို့ သွားနိုင်သကဲ့သို့ သံသရာခရီးသည် ဖြစ်နေကြသော ပုထုဇဉ် တို့များသူငါ အားလုံးတို့သည်လည်း အပါယ်ဘုံ (ဒုဂ္ဂတိဘုံ) လူရွာ ၊ နတ်ပြည် ၊ ဗြဟ္မာဘုံ (သုဂတိဘုံ )ဟူ၍ လမ်းနှစ်သွယ် ရှိရာ၌ ကြိုက်ရာလမ်းကို ရွေးချယ်သွားရမည်ဖြစ်ပါသည်။

ပုထုဇဉ်တို့၏ သဘာဝ မိမိတို့ စိတ်ကြိုက်ရာ ဖန်တီးလျက်သား ဖြစ်မှန်းမသိ ဖြစ်သွားကြရသောကြောင့် သူတော်ကောင်း ၊ အဖော်ကောင်း ရသူတို့က ထိုသူတို့လမ်းညွှန်ပြသော ဒါန ၊ သီလ ၊ ဘာဝနာ ကုသိုလ် တရားတို့ကို လေ့ကျင့်ပြုစု အားထုတ်မှုပြုကြလေသောကြောင့် ကောင်း ရာ သုဂတိဘုံဘဝသို့ ရောက်ရှိသွားကြသည်။

သူယုတ်မာ အပေါင်းအဖော်ရသူတို့မှာ ထိုသူတို့ လမ်းညွှန်ပြသော မကောင်းမှုဒုစရိုက်တရားတို့ကို ကြိုးစားအားထုတ်မိခဲ့ကြ၍ အပါယ်လေးဘုံ ဒုဂ္ဂတိဘုံတို့သို့ ကျရောက်ခံစားကြရလေသည်။

သံသရာဘဝခရီး မဆုံးသမျှ (ဝါ) နိဗ္ဗာန်မဂ်ဖိုလ်သို့ မဆိုက်ရောက် သေးသမျှ ကာလပတ်လုံး သူသူငါငါ သတ္တဝါဟူသမျှတို့သည် သံသရာ ကျင်လည်ရမည်။ သံသရာကျင်လည်ရာတွင် အဆင့်မြင့်မြင့်ဖြင့် (ဝါ) လူ ရွာ၊ နတ်ရွာ၊ ဗြဟ္မာရွာ၊ သံသရာခရီးဖြင့် သံသရာလည်နိုင်ရေးအတွက် မိမိတို့ဘဝဝယ် အချိန်ရှိခိုက် လုံ့လစိုက်ပြီး ဒါန၊ သီလ၊ ဘာဝနာတရား တို့ကို ကြိုးစားအားထုတ်ကြရပေမည်။

**ကမ္ဘာကျော်စာပေ**

ဤသည်မှာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဆောင်ရွက်ကြရသည့် တာဝန်ဝတ္တရားလည်း ဖြစ်ပါသည်။

တောင်တန်းဆရာတော်ဘုရားကြီး ဦးဥတ္တမသာရက တရားပွဲ တစ်ခုတွင်-

'လူတို့သည် သေမှာကိုသိကြသည်။ သေမှာကိုသိလျက် သေရေးကို မစီမံ မဆောင်ရွက်ကြ၊ ကြီးပွားရေး၊ စီးပွားရေးတွေကိုသာ စီမံဆောင်ရွက်နေကြသည်။ လူ့ပြည်တွင် ဘာသင်တန်း၊ ညာသင်တန်းတွေ ဖွင့်လှစ် နေကြသည်။ လူသားတိုင်း တကယ်တွေ့ကြုံခံစားကြရမည့် သေနည်း သင်တန်းကိုသာ မည်သူမျှမဖွင့်ကြ၊ သေနည်းသင်တန်းဖွင့်ဖို့ ကောင်းသည်'

ဟု မိန့်မှာ ဟောကြားသွားသည်ကို စာရေးသူ သတိထားမိပါသည်။

မှန်ပါသည်။ လောကတွင် လူတိုင်းသေရမည်ကို သိကြပါသည်။ သေနည်းကို ပြင်ဆင်ထားသူများ အလွန်နည်းပါးသည်။ မတွေဝေဘဲ သေရနည်းကို မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသောသူသည် သေရသည်ဟု သိထားကြသည်။ သို့သော် မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပြီး သေနည်းကို ပြင်ဆင်ထားသူကား အလွန်နည်းလှပါသည်။

ယခုစာရေးသူသည် ဆရာတော်ကြီး၏ 'သေနည်းသင်တန်းတော့ မည်သူမှ မဖွင့်ကြဘူး' ဟူသော ဩဝါဒကို အလေးအနက်ဝင်စားပြီး လူတိုင်းသည် သေနည်းတတ်ရန်သင့်သည်၊ သေနည်းကောင်းကို သိထားသင့်သည်၊ ဘုရားရှင်သည်လည်း ပုဂ္ဂိုလ်စရိုက်အားလျော်စွာ သေနည်း

တတ်ရန် ဟောပြောထားသော တရားတော်များရှိသည်။ ထိုတရားတော်များသည် လူသားတို့အတွက် သေနည်းသင်တန်း၏ သင်ခန်းစာများဖြစ်ကြသည်ဟု ခံယူကာ လေ့လာမိသရွေ့ - စုစည်းမိသရွေ့သော ဘုရားဟော သေနည်းသင်ခန်းစာများကို စုဆောင်းပြီး ဤ 'ဘဝနေဝင်နည်းလမ်းပြင်' စာအုပ်ကို ရေးသားရန် ကြိုးစားဆောင်ရွက်ခဲ့ရပါသည်။

လူသားတိုင်းသည် သေခါနီး အာရုံဇော စောရာဝယ် သေနည်းသင်ခန်းစာ မတတ်ထားကြ၍ မသိထားကြ၍ ကုသိုလ်ပြုထားပါလျက် အာရုံမှားကာ အပါယ်ငရဲရွာသို့ သွားရသည်ကိုလည်းကောင်း၊ သေခါနီးကာလဝယ် ထင်လာသော အာရုံဇော မကောင်းမှုကြောင့် ကြောက်လန့်တုန်လှုပ်ပြီး ရုန်းကန်လှုပ်ရှား သေသွားရသည်ကိုလည်းကောင်း၊ စာရေးသူအပါအဝင် ဗုဒ္ဓဘာသာအတော်များများသည် စာတွေ့၊ ကိုယ်တွေ့၊ တွေ့ထားဖူးသူ တော်တော်များများ ရှိကြပါသည်။ ဤသူတို့သည် ဤသေနည်းသင်ခန်းစာကို မသိကြသည့်အတွက် မိမိတို့ကိုယ် မိမိ မကာကွယ်နိုင်ကြ၊ သူတစ်ပါးကိုလည်း အကူအညီမပေးနိုင်ကြ ဖြစ်ကြရပါသည်။

ဤသို့သော ဘဝအဖြစ်ဆိုးများ မကြုံတွေ့ကြရလေအောင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေနှင့် ဆရာတော်ကြီး ဦးဥတ္တမသာရ၏ဆန္ဒနှင့်အညီ သေနည်းသင်တန်း၊ သေနည်းသင်ခန်းစာများကို ကြိုတင်သိရှိထားကြပြီး ကျင့်သုံးဆောက်တည်ကာ ဘဝကူးကို အေးချမ်းသာယာစွာ ကူးနိုင်ရန် ရည်ရွယ်လျက် ဤ 'ဘဝနေဝင်နည်းလမ်းပြင်' သေနည်းသင်တန်း ဘဝသင်ခန်းစာ စာအုပ်ကို ရေးသားရပါသည်။

**ကမ္ဘာကျော်စာပေ**

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ပထမဦးစွာ ဟောကြား အကြံပြုခဲ့တော်မူသော တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရကို လည်းကောင်း၊ ဤစာအုပ်ကို ထုတ်ဝေရန် စီစဉ်ကြသော ရွှေလဝင်းစာပေမှ ဦးသိန်းအောင်အားလည်းကောင်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသတည်း။

တက္ကသိုလ် - သျှင်သီရိ

(ဓမ္မစရိယ၊ ဘီ-အေ)

# အခန်း (၁)
## လူ့ဘဝရဲ့အစ–အဆုံး

လူ့ဘဝ ဘယ်ကစသလဲဆိုရင် ကလလရေကြည် သန္ဓေတည်သော အချိန်ကစသည်ဟု ဆိုပါမည်။ လူ့ဘဝအစ အမိဝမ်းတွင်းမှာ နေရသောဘဝသည် အလွန်ဆင်းရဲလှသည်။ မိခင်ဝမ်းဗိုက်ထဲတွင် ခွေ၍ နေရသည့်အတွက် အလွန်ပင် ကျဉ်းကျပ်လှသည်။

မဟာဝင်အဋ္ဌကထာတွင် ပဋိသန္ဓေယူနေရပုံကို နှိုင်းယှဉ်ဖော်ပြထားသည်မှာ မိုးရွာ၍ သစ်ခေါင်းထဲ၌ ဝင်အောင်းနေရသည့် မျောက်အိုတစ်ကောင်နှင့် တူသည်ဟု ဆိုထားပါသည်။

ပဋိသန္ဓေယူထားသော လူသားသည် အစာအိမ်သစ်ကို ခေါင်းပေါ်မှာရွက်ပြီး အစာဟောင်းအိမ်ကို ထိုင်ထားရသည်။ မိခင်သည် ဒ
အစပ်များစားပါက အထဲကသန္ဓေသားသည် သေမတတ်ခံစားရသည်။

အအေးစာကို စားလိုက်ပါက လောဟကုမ္ဘိုင်ရဲသို့ ရောက်နေသကဲ့သို့ ဒုက္ခဆင်းရဲခံစားရသည်။ ဖွားမြင်သောအခါတွင်လည်း ကျဉ်းမြောင်းသော မိခင်၏ဒွါရပေါက်မှ ခက်ခဲစွာထွက်ရသည်။ သန္ဓေသားသည် အမိဝမ်းမှ ထွက်ခါနီးတွင် ကမ္မဇလေက ကလေးငယ်ကို ကျွမ်းပြန်ပြီး လှည့်ပတ်သွားအောင် လှည့်လိုက်သည်။ သန္ဓေသားကလေးငယ်သည် မိခင်ဝမ်းထဲ၌ နေရသောဒုက္ခကို ပြောပြချင်ကြသည်။ သူ၏ဒုက္ခကို ကယ်ပါဦးဆိုသော သဘောဖြင့် အမိဝမ်းကထွက်လျှင်ထွက်ချင်း ငိုပြကြသည်။ တချို့က အပြင် လောကလေစိမ်းနှင့်ထိတွေ့၍ စပ်ဖျဉ်းဖျဉ်း နာကျင်ခံစားရသောကြောင့် ငိုသည်ဟုဆိုပါသည်။ ဤသို့ ခံစားရခြင်းသည်လည်း ဒုက္ခဆင်းရဲတစ်မျိုး ဖြစ်ပါသည်။

မွေးလာသောကလေး၏ အညစ်အကြေးများကို လက်သည်များက ရေထပ်မံဆေးပေးတော့ ကလေးငယ်မှာ ပိုမိုခံစားရသည့်အတွက် သည်းစွာ ငိုရလေသည်။

သို့အတွက် လူ့ဘဝအစသည် ငိုပွဲနှင့် စ, ရသည်ဟု ဆိုကြပါသည်။

## ဘဝအဆုံး

လူသားတွေဟာ မွေးဖွားခြင်းရှိသလို သေခြင်းတရားကလည်း ရှိလာပါသည်။ သတ္တဝါမှန်သမျှ မွေးဖွားခြင်းနှင့် သေခြင်းသည် ယှဉ်တွဲ၍ ပါလာပါသည်။

**ကမ္ဘာကျော်စာပေ**

သေခြင်းသည် . . .

(၁) အသက်ကုန်၍ သေခြင်း (အာယုက္ခယမရဏ)

(၂) ကံကုန်၍သေခြင်း (ကမ္မက္ခယမရဏ)

(၃) အသက်, ကံနှစ်ပါးကုန်၍ သေခြင်း (ဥဘယက္ခယမရဏ)

(၄) ကပ်၍ဖြတ်တတ်သော ကံကြောင့်ဖြစ်သော သေခြင်း (ဥပစ္ဆေဒကမရဏ) ဟူ၍ လေးမျိုးရှိပါသည်။

(ဋီကာကျော် - ၁၅၉၊ ၁၆၀)

အသက်မသေ နေရမည့်ကံ ရှိပါသော်လည်း အသက်တမ်း, အပိုင်းအခြား ကုန်ခြင်းကြောင့် သေဆုံးခြင်းသည် အသက်ကုန်၍ သေခြင်း ဖြစ်ပါသည်။

ပိုင်းခြားအပ်သော အသက်တမ်း, အသက်ကြွင်းရှိသော်လည်း ကောင်းမှုကံ ကုန်ခြင်းကြောင့် သေခြင်းသည် ကံကုန်၍ သေခြင်း ဖြစ်ပါသည်။

အသက်တမ်း, ကောင်းမှုကံနှစ်ပါးကုန်သောကြောင့် သေခြင်းသည် အသက်, ကံနှစ်ပါးကုန်၍ သေခြင်းဖြစ်ပါသည်။

ကံရှိသေးသော်လည်း ကံတစ်ပါးဖြတ်၍ သေခြင်း - ဥပစ္ဆေဒက မရဏဟူ၍ သေခြင်းလေးမျိုးရှိပါသည်။

သေရာညောင်စောင်း လျောင်းနေသော သူများကို အချို့ မျက်မြင် ကိုယ်တွေ့ တွေ့ကြုံကြပါလိမ့်မည်။ ငယ်ရွယ်သူဖြစ်စေ၊ အိုမင်းသောသူ ဖြစ်စေ သေခါနီးသောကာလဝယ် ခန္ဓာ၏ ဖောက်ပြန်သော ဝေဒနာ ဒဏ်

ရာဒဏ်ချက်တို့ကို အနည်းနှင့်အများ ခံစားသွားကြရသည်ကို တွေ့ရပါမည်။ သေသူအချို့မှာ သက်သက်သာသာ ညင်ညင်သာသာနှင့် အသက်ထွက်ပြီး သေခြင်းမျိုးရှိသလို တချို့က မသက်မသာ ခန္ဓာကိုယ်ကြီးကို တွန့်လိမ်ခံစားပြီး အသက်ထွက် သေသွားရခြင်းမျိုးများလည်း ရှိပါသည်။

အချို့မှာ လေးငါးခြောက်ရက်၊ ရက်သတ္တနှစ်ပတ် မေ့မြောနေတတ်ပေသည်။ ရေပေါက်ချ မေးသည်ကိုပင် မသိနိုင်တော့သည့် အခြေအနေ ရောက်နေတတ်သည်။ ယင်းကို အချို့က ဖုတ်ဝင်နေသည်ဟု ပြောဆိုတတ်ကြသည်။

သေခါနီးလာလေလေ မျက်စိပသာဒရုပ်များ တစ်ခုပြီးတစ်ခု ကုန်ခန်းချုပ်ဆုံးလေဖြစ်သည်။ မျက်စိစသော ပသာဒရုပ်တို့သည် ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ဖြစ်သည်။ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ ချုပ်ဆုံးသောအခါ ခန္ဓာကိုယ်ကြီးသည် ဗုန်းဗုန်းလဲကျတော့သည်။ အစားထိုး၍ မရတော့ပေ။။ မထသော အိပ်ခြင်းဖြင့် အိပ်စက်သွားရတော့သည်။

သစ်ပင်တစ်ပင် အိုလာသောအခါ ကိုင်းဖျားမှစ၍ အိုလာသည်။ နာလာသည်။ ခြောက်လာသည်။ နောက်ဆုံး ပြတ်ကျရသည်။ ထိုနည်းတူ လူ့ခန္ဓာကိုယ်သည်လည်း ရင့်ရာမှအို၊ အိုရာမှနာ၊ နာရာမှ ခြောက်သွေ့၍ ခြေသေ, လက်သေ ဖြစ်လာရတော့သည်။ သွေးလေတို့ပိုင်းဖြတ်၍ ရပ်ဆိုင်းကုန်တော့သည်။ ယင်းကို ခြေလက်တွေ သွေးဆုတ်ကုန်ပြီး သေတော့မှာပဲ ပြောဆိုကြသည်။ ကိုင်တွယ်စမ်းသပ်ကြည့်ပါက အေးစက်ပြီး မာမာတောင့်တောင့်ကြီး ဖြစ်နေတတ်သည်။ မကြာမီ အောက်ပိုင်းသွေးလေဖြတ်

ပြီး သေသွားတော့သည်။

အထက်ပိုင်းမှာလည်း တဖြည်းဖြည်း ချုပ်၍ ချုပ်၍လာသည်။ မျက်စိက ဘယ်အရာဝတ္ထုကိုမျှ သဲကွဲစွာ မမြင်ရတော့။ နားရွက်များလည်း နောက်ကိုလန်၍ ချုပ်သွားသည်။ နှာခေါင်းလည်း လန်သွား. တိုသွားတော့သည်။ မျက်နှာ၏ အကြောအားလုံး လျော့ကျသွားသည်။ မေးရိုးများ ပါးချိတ်ကိုင်၍ တင်းမာနေသည်။ ပါးစပ်ဟောင်းလောင်းပွင့်လျက် နေတော့သည်။ နှာခေါင်းဖြင့် အသက်မရှူနိုင်တော့။ ပါးစပ်ဟပြီးသာ အသက်ရှူနေရတော့သည်။

အသက်ကိုလည်း ပုံမှန်မရှူနိုင်တော့။ အဆင့်ဆင့်အားယူပြီး ရှူနေရသည်။ နှလုံးအားမကောင်းတော့၍ ကောင်းစွာ အလုပ်မလုပ်နိုင်တော့ချေ။ ရင်ဘတ်မောက်တက်လာလိုက်၊ ကျသွားလိုက်ဖြင့် တစ်ကိုယ်လုံး၏ နောက်ဆုံးလှုပ်ရှားမှု ကွက်ကွက်ကလေးကို ပြနေသကဲ့သို့ ရှိသည်။

ဤသို့သော အချိန်တွင် သေခါနီးဖြစ်သူ၏ သားသမီးဆွေမျိုး ရှိခဲ့လျှင် ငိုသူက ငိုနှင့်ကြသည်။ လားရာဂတိကောင်းစေရန် ကြေးစည် တီးပေးသူက တီးပေးကြ၏။ ကုသိုလ်စာရင်းဖတ်ပြသူက ဖတ်ပြ၏။ ပရိတ် ရွတ်ဖတ်သူက ရွတ်ဖတ်၏။ အချို့က ဘုန်းကြီးပင့်၍ ရွတ်ဖတ်ကြ၏။

ကျန်ရစ်သူတစ်စုတို့က ဤသို့တတ်သရွေ့ မှတ်သရွေ့ ပြုစုကြသော်လည်း သေရမည့်သူက အာရုံယူနိုင်သည်လည်းရှိသည်။ မယူနိုင်သည်လည်းရှိပါမည်။ ဤမြင်ကွင်းကို ထောက်ရှု၍ ရှေးလူကြီးသူမများက-

'သေခါနီး ဘဝကူးကောင်းစေဖို့ မိဘများမှာ သားသမီးကောင်း

ရှိဖို့လိုသည်’

‘သေခါနီး မိတ်ဆွေကောင်းရှိဖို့လိုသည်’

ဟု ဆိုစမှတ်ပြုခဲ့ကြသည်။

သေခါနီးကာလ သင့်တင့်သော နှလုံးသွင်းမှုရှိ၍ သေရာဇော ကောင်းစေရန်၊ ကောင်းသောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များ ထင်လာစေရန်တို့သည် သေရာဇောမျောသူအဖို့ အလွန်အရေးကြီးလှပေသည်။ ထိုသေရာဇောမျောသည့်ကာလသည် တစ်ဘဝလုံး ပြုလုပ်ထားသော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကိုသာ နောက်ဆုံးအာရုံပြုပြီး လားရာဂတိသို့ သွားရသောကာလဖြစ်သည်။

ဒသေခါနီးကာလဝယ် ‘ငြိမ်းခါနီး မီးအရှိန်ကြီး’ ဆိုသကဲ့သို့ စိတ်ဓာတ်အင်အား ကြီးကြီးမားမား ရှိတတ်ပါသည်။ ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ ထင်လာသော အာရုံဇောကို စွဲမိစွဲရာ ပြင်းပြင်းထန်ထန် အာရုံစွဲကပ်တတ်ပါသည်။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ရှိသူတို့အဖို့ ကုသိုလ်အာရုံဇောများသည် စွဲကပ်ထင်လာတတ်ပါသည်။ အကုသိုလ်ဒုစရိုက်မှု ပြုသူများအတွက် ဧရဲစသော အကုသိုလ် အာရုံဇောများသည် စွဲကပ်ထင်လာတတ်ပါသည်။

တစ်ဖန် သေခါနီးကာလ အာသန္နကံဇောသည် မည်မျှ အရှိန်ကြီးသည်ဆိုမူ သေခါနီးကာလဝယ် မည်မျှပင် ကုသိုလ်ပြုထားသည်ဖြစ်စေ အာသန္နကံဇောက အကုသိုလ်အာရုံစွဲမိပါက မကောင်းသောဘုံသို့ ရောက်သွားတတ်ပါသည်။ ဥပမာ - ဘုရားလက်ထက်၌ ရဟန်းတစ်ပါးသည်

သ ◌ံနး၌ အာရုံစွပြီး သေသွားသည့်အတွက် သက်ိန်း၌ သန်းဖြစ်သွားရ သည့်အဖြစ်မျိုး (ဓမ္မပဒ)။

မည်မျှပင် အကုသိုလ် ပြုထားသည် ဖြစ်စေကာမူ သေခါနီးအာရုံ ကောဝယ် ကုသိုလ်အာရုံသော တေမိပါက ကောင်းရာမွန်ရာဘဝသို့ ရောက် တတ်ပါသည်။ ဥပမာ - ရှင်သောဏာ၏ ဖခင်မုဆိုးကြီးသည် တစ်သက်လုံး အကုသိုလ်လုပ်ခဲ့သော်လည်း သေခါနီးကာလဝယ် သားဖြစ်သော ရှင်သောဏမထေရ်၏ အလှူပေးသော ဘုရားပန်းအလှူကို အာရုံပြုမိ သဖြင့် နတ်ပြည်သို့ ရောက်ရသည်။

ဤသည်မှာ လူ့ဘဝ၏ နောက်ဆုံး ခွဲခွာရာကာလအခြေအနေ ဖြစ်သည်။ ဤသို့ဖြင့် ဘဝတစ်ခုသို့ ရွှေ့ပြောင်းသွားပြီး လူ့ဘဝအဆုံးသို့ ရောက်ခဲ့သည်။

## သခြင်းစာရေးသဘော

၁။ သတ္တဝါတစ်ဦး တစ်ယောက်သည် ရှေးဦးစွာ ပဋိသန္ဓေနေခဲ့သည် ရှိသော်လည်း စုတေရန်အတွက် ရှေ့သို့သာ ဆက်လက်သွားနေ ၏။ မည်သည့်အခါမှ ဆုတ်နစ်ရပ်တန့်၍ မနေပေ။

(ဇာတကပါဠိ ပထမ - ၃၅၃)

၂။ တိုင်းပြည်၏သခင် မင်းရှင်ဘုရင်သည် ဆင်း၊ မြင်း၊ ရထား ခြေသည်အားဖြင့် အင်္ဂါလေးပါးရှိသော် အလွန်တရာ ကြောက် မက်ဖွယ်ကောင်းသည့် စစ်တပ်ကို အောင်နိုင်သော်လည်း

သေမင်းကိုမူ အောင်ခြင်းငှာ မစွမ်းပေ။

(ဇာတကပဠိ ပထမ - ၃၅၄)

၃။ ခြင်္သေ့၊ ကျားသစ်တို့သည် ထိတ်လန့်ကြောက်ရွံ့တုန်လှုပ်လျက်ရှိသော သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက် သတ်ဖြတ်လျက် စားသောက်နိုင်ကြကုန်သော်လည်း သေမင်းကိုမူ နှိပ်စက်သတ်ဖြတ်စားသောက်ခြင်းငှာ မစွမ်းနိုင်ချေ။ သေမင်းကသာလျှင် သတ္တဝါအားလုံးတို့ကို မညှာမတာ အပြင်းနှိပ်စက် သတ်ဖြတ်လျက် စားသောက်တတ်ကုန်၏။

(ဇာတကပါဠိ ပထမ - စာ ၃၅၆)

၄။ အလုံးစုံသော သတ္တဝါတို့သည် သေမင်းနှင့် မိတ်ဖွဲ့၍ သေခြင်းမှ လွတ်ကင်းအောင် ကြိုးစားကြသော်လည်း မလွတ်နိုင်ကြချေ။ တံစိုးလက်ဆောင်မြောက်မြားစွာ ပေး၍ သေခြင်းမှ လွတ်ကင်းအောင် ရုန်းသော်လည်း မလွတ်နိုင်ချေ။ သေမင်းနှင့်စစ်ခင်း၍ မိမိတို့ကသာ အောင်နိုင်ခြင်းဟူသည်လည်း ဘယ်အခါမျှ မရှိချေ။ နောက်ဆုံး၌ သေခြင်းတရားသာလျှင် လဲလျောင်းရာရှိသည်။

(ဇာတက၊ ၄ ပဥ္စမ - ၁၁၄)

၅။ နွားကျောင်းသားသည် တုတ်၊ နှင်တံဖြင့် နွားတို့ကို နွားစားကျက်သို့ မောင်းနှင်သကဲ့သို့ ထို့အတူ အိုခြင်း၊ သေခြင်း တရားတို့သည်လည်း သတ္တဝါတို့၏ အသက်ကို မရဏာနိုင်ငံသို့မောင်းနှင်ကုန်၏။

(ဓမ္မပဒ)

၆။ ယနေ့ကပင်လျှင် မိမိပြုလုပ်အပ်သော၊ ပြုသင့်သော ကိစ္စမှန်သမျှကို ကြိုးစားအားထုတ်ပြုလုပ်ကြရာ၏။ မနက်ဖြန် သေလိမ့်မည်ဟု အဘယ်ပုဂ္ဂိုလ်သည် သိပါအံ့နည်း။ ရေ၊ မီး၊ အဆိပ်၊ ဓား၊ လက်နက်၊ အနာရောဂါ စသော များသော စစ်သည်ရှိသော သေမင်းနှင့်အချိန်းအချက်ကား မရှိသည်သာတည်း။

(ဥပရိပဏ္ဏာသ - ၂၂၆)

၇။ ကိလေသာရန်သူကို မအောင်သမျှ ကာလပတ်လုံး သေမင်းရန်သူကို မအောင်မြင်နိုင်ချေ။

(မဟာဝံသ -၇၂)

၈။ ဘဝသစ်၌ ဖြစ်ရခြင်းမည်သည် ဆင်းရဲလှ၏။ ခန္ဓာကိုယ်ပျက်ယွင်း၍ သေမင်းနိုင်ငံသို့ သက်ဆင်းရခြင်းသည်လည်း ဆင်းရဲလှချေ၏။

(ဗုဒ္ဓဝံသ - ၃၁)

၉။ ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သည် ယုတ်မာလှသည့်အပြင် မလွှမ်းမိုးအပ်၊ မလွှမ်းမိုးနိုင်သော မမြဲမှုအနိစ္စ၏ သဘောတရားကို ဆင်ခြင်စဉ်းစား သတိတရားလက်ကိုင်ထားပြီး ဉာဏ်ဖြင့် ရှုကာ သိ၍ အရှည်အစွဲ အမြဲတည်နေ မသေရာဖြစ်သော အသခ်တဓာတ် ထက်မြက်လှသော နိဗ္ဗာန်သို့ ရောက်အောင် ကြိုးစားအားထုတ်ရာ၏။

(ပါရာဇိက၊ ဋ-ပ ၂၉)

## သေမင်းတရား သံဝေဂမွှားရာ

ညီဖွားလိမ္မာ အာနန္ဒာ၊ သက်ရှိသက်မဲ့ တွင်းပြင်လည်၍ ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော သင်္ခါရတို့သည် ဤသို့ဖြစ်ပေါ်ပြီးက ပျက်စီး တတ်သဖြင့် မမြဲကုန်သည်သာ။

ညီဖွားလိမ္မာ အာနန္ဒာ၊ ကံ, စိတ်, ဥတု, အာဟာရကြောင်း လေးပါးတို့ ပေါင်းကာပြုပြင် စီရင်အပ်သမျှ သင်္ခါရတို့သည် အိုပ်မက်၌ သောက်သော ရေကြည် ရေပေါက်ပမာ သက်သာရာ ရှာမရကုန်သည်သာ။

(မဟာသုဒဿနသုတ်၊ စာ -၁၆၁)

စွဲလာသန္ဓေ တည်နေဖြစ်သော သတ္တဝါတို့၏ အသက်ဇီဝိန်ကို ဇရာတရားသည် သေခြင်းသို့ ရောက်အောင် ပို့ဆောင်အပ်၏။ အသက်သည် အပ်ပေါ်မှ မုန်ညင်း မြက်ပေါ်မှနှင်းသို့ နည်းကျဉ်း တိုတောင်းလှချေ၏။ အိုမင်းရင့်ရော် မှည့်ပျော်ခြင်း ဇရာတရားသည် သေခြင်းသို့ရောက်အောင် ဆောင်ယူအပ်သော သတ္တဝါအား စောင့်ရှောက်တားမြစ်နိုင်သော မြေး,မြစ်, သားသမီးနှင့် ဇနီး လင်သား မိဘစသည်တို့သည် မုချပုံသေ မရှိပါကုန်ချေ။

(သဂါထာဝဂ္ဂသံယုတ် - ဥပနီယသုတ်)

ကြုံရဖြစ်ရ ဤလောက၌ စွဲလာသန္ဓေ တည်နေဖြစ်လာ သတ္တဝါတို့၏ အသက်သည် အမှတ်နိမိတ် သင်္ကေတမရှိပါချေ။ ပြုလုပ်စရာ ကိစ္စအဝဝ ကျန်ရှိနေသေးသဖြင့် မသေရပါစေနှင့်ဟု ချိန်းချက်သတ်မှတ်ချက် မရှိပါချေ။

ကမ္ဘာကျော်စာပေ

ဤမျှကြာလျက် အသက်ရှည်ဇာ့ ဟူ၍ မည်သူမည်ဝါ ပိုင်ပိုင်မိမိ မသိအပ်နိုင်၊ အကြောင်းရပ်ရပ် ကာလကြာတည် ရှည်ရန်ခဲယဉ်းလည်း ခဲယဉ်းလှချေ၏။

မြက်ပေါ်ဆီးနှင်း၊ အပ်ပေါ် မုန်ညင်းတမျှ နည်းကျဉ်းလည်း နည်းကျဉ်းလှချေ၏။ ထိုအသက်သမုတ် နာမ်ရုပ်သည်လည်း ပြောထူများလှ ဆင်းရဲဒုက္ခနှင့် ထာဝရအစဉ် မပြတ်ယှဉ်၏။

(သုတ္တနိပါတပဠိ)

ခုခေတ်ပေါက်ဖွား ပုဂ္ဂိုလ်များတို့၏ အသက်ဇီဝိန်သည် လွန်စွာ ခဏ တိုတောင်းလှချေ၏။ တရားသက်ဝင် သူတော်စင် သူတော်ကောင်း တို့သည် ထိုအသက်ကို ကဲ့ရဲ့ရှုတ်ချရာ၏။ ရဲရဲပြောင်ပြောင် ခေါင်မီးလောင် ခံရသူကဲ့သို့ မနားမနေ တအားဖွေ၍ ကျင့်ကြံပေရာ၏။

သုံးဆယ့်တစ်ဘုံ အကုန်ခွင်းသည့် သေမင်း၏ မလာမရောက်ရာ သည် တစ်ကွက်မျှ မရှိချေ။

(သဂါထာဝဂ်သံယုတ် - ပထမအာယုသုတ်)

အလျှံညီးညီး မီးပုံကြီးတို့ကဲ့သို့ သေခြင်း၊ နာခြင်း၊ အိုခြင်းဟူသြား တရားသုံးပါးတို့သည် မညှာမထောက် ရှေးရှုရောက်လာကုန်၏။ မရဏ ဗျာမိ ထိုပြည့်တစ်ဖြာ ဇရာရန်ကို တန်ပြန်တော်လှန်တိုက်ထုတ်ခြင်းငှာ အားခွန်ဗလစွမ်းအစသည် မုချပုံသေ မရှိပါချေ။ လွတ်မြောက်ရန်အရေး ထွက်ပြေးတိမ်းရှောင်ခြင်းငှာ အဟုန်သည် မုချပုံသေ မရှိပါချေ။

(ထေရဂါထာ၊ စာ - ၂၉၉)

နံနက်,နေ့လယ် အသွယ်သွယ်ပိုင်းခြား ကာလများတို့သည် တရွေ့ရွေ့ စားလွန်သွားကုန်၏။ ပထမယံ၊ မဇ္ဈိမယံ၊ ပစ္ဆိမယံ၊ သုံးယံပိုင်းခြား ညဉ့်အများတို့သည် တစ်ညဉ့်ပြီးတစ်ညဉ့် ဆင့်ကာ ဆင့်ကာ ကုန်လွန်သွားကုန်၏။ ပထမ၊ မဇ္ဈိမ၊ ပစ္ဆိမ ဟု အရွယ်သုံးခုတို့သည် အစဉ်အတိုင်း စွန့်ကုန်၏။

(သဂါထာ၀ဂ္ဂ သံယုတ္တအဋ္ဌကထာ)

## သေမင်းတမန်ခေါ်ရာသို့

တန်ခိုးဗုဒ္ဓါ၊ ဇာတ်ပညာ၊ ဂုဏ်ဝါမြောက်မြား၊ လွန်ထင်ရှားသော၊ ဘုရားပစ္စေကဗုဒ္ဓ၊ အရိယာက၊ သတ္တဝါဟူစေ၊ တည်သန္ဓေလျှင်၊ မနေရလျှဉ်း၊ သေစေခြင်းကား၊ သေမင်းမမှတာ၊ မှန်လှစွာကြောင့်၊ လူ့ရွာပုရွ၊ မြင်သမျှတို့၊ မုချမချွတ်၊ မြေလက်ခတ်သို့၊ မလွတ်စိမ့်ဟူ၊ ရှိတိုင်းယူလိမ့်၊ မည်သူတာချင်း၊ မည်သူမင်းဟု၊ ရှောင်ခြင်းသဘော၊ မရှိသောရှင့်၊ ရက်ရောကြမ်းကြော့၊ ကွင်းလည်လျော့လျက်၊ မှတ်လော့မရွေ့၊ သေတွက်စေ့ကာ၊ သေလေ့မယွင်း၊ ဝင်အပြင်းသည် ငြင်း၍မလွတ်နိုင်သေးတည်း။

(မဃဒေဝလင်္ကာ)

တန်ခိုးဂုဏ်သိန် စည်းစိမ်အပေါင်းတို့၏ တည်ရာပဋိသန္ဓေက ပါလာသော ပညာမြက်တို့ဖြင့် အရာရာဂုဏ်မြောက်ပြီး အလွန်ထင်ရှား

ခြင်းသို့ ရောက်တော်မူကြကုန်သော ပုဂ္ဂိုလ်များ၊ ဘုရားပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကမှစ၍ ပုပုစ္ဆ မြင်သမျှသော သတ္တဝါဟူသမျှတို့သည် ဘာတိရှိလျှင် ဇရာရှိ၍ - ဇရာမြဲလျှင် အနိစ္စ. မရဏာမေ့သို့ မလွဲဧကန် ရောက်ရမည်သာ ဖြစ်ပါသည်။

မရဏာ ဟူသော သေမင်းတမန်၏ ဆွဲဆောင်ခေါ်ယူရာသို့ မလွဲမသွေ လိုက်ပါကြရမည် ဖြစ်သောကြောင့် လူ့ရွာလောကရှိ မြင်မြင်သမျှ သတ္တဝါအနန္တတို့သည် မြေကြီးလက်ခတ်မလွဲ မမြဲမှုချသာလျှင် ကိုးဆယ့်ခြောက်ပါးသော ဘေးရောဂါ အပေါင်းတို့၏ အကြီးအမှူးဖြစ်သော သေမင်း တမန်က -

- မည်သူသည် မင်းယောက်ျား ရာထူးစည်းစိမ်ဂုဏ်ရှိန် များသူဖြစ်သည်။
- မည်သူသည် တန်ခိုးအာဏာ စည်းစိမ်ကြွယ်ဝသူဖြစ်သည်။
- မည်သူသည် စကြဝတေးမန္တတ်မင်း. ပြည့်ရှင်မင်းဖြစ်သည်။

ဟု လူ့လောက ဇာတ်ခုံ၌ အမြတ်ဆုံးပုဂ္ဂိုလ်ပါတကားဟုဆိုကာ သေမင်းနိုင်ငံသို့ ဆွဲငင်ရာ၌ ရှောင်ရှားချန်ထားရိုး မရှိပါပေ။

ရက်စက်ကြမ်းကြုတ်သော သေမင်းလက်တွင်းမှ ကျော့ကွင်း၏ ဆွဲဆောင်ရာသို့ အစဉ်တစိုက် လိုက်ပါရမည်မှာ မချွတ်ဧကန် မှန်လှပါသည်။ ထမင်းစားပြီးသေနေ့ကို ငံ့လင့်နေရသော လူသားများပိပ် မလိုက်လိုပါ၊ မသွားလိုပါ မနေလိုပါဟူ၍ ငြင်းပယ်ခြင်းငှာ မရသော သေမင်းနိုင်ငံသို့ ဘဝ၏ နောက်ဆုံး၌ အမှန်လိုက်ပါရမည် ဖြစ်ပါသည်။

ကမ္ဘာကျော်စာပေ

## သေရဲသူ အသင့်ဖြစ်ရေး

ပုထုဇဉ်လူသားမှန်သမျှတို့သည် မိမိတို့၏ အသက်ဇီဝရှင်သန်မှုကို လိုလားကြသည်နှင့်အမျှ သေခြင်းတရားကိုမူ လွန်စွာ ကြောက်ရွံ့ထိတ်လန့်တတ်ကြပါသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ သေခြင်းဟူသောစကားကို မကြားလို၊ မမြင်လို၊ မတွေ့ကြုံလိုတတ်ကြပါ၊ မိမိတို့သေခြင်းအကြောင်းကိုမူ တွေးပင် မတွေးလိုကြပါ။

အမှန်တွင် လူသားတိုင်း သတ္တဝါတိုင်းသည် ဗုဒ္ဓ၏ မိန့်မှာချက်အရ မိမိတို့၏ သေခြင်းတရားကို အမြဲနိစ္စဆင်ခြင်နေခြင်းဖြင့် မရဏနုဿတိ ဘာဝနာကို ပွားများနေသင့်ကြပေသည်။

ကွေးသောလက်ကို မဆန့်မီ ဆန့်သောလက်ကို မကွေးမီ' သေခြင်းတရားကား - အလွန် လျင်မြန်သော အဟုန်ဖြင့် ဆိုက်ရောက်လာတတ်ပေသည်။ ဘုရားရှင် လက်ထက်က ရဟန်းများသည် သေခြင်းတရားကို ဆင်ခြင်ကြရာ၌ -

ပထမရဟန်းတစ်ပါးက - တစ်ရက်အတွင်း သေရလိမ့်မည်ဟု ဆင်ခြင်သည်။

ဒုတိယရဟန်းတစ်ပါးက - နေ့အတွင်း သေရလိမ့်မည်ဟု ဆင်ခြင်သည်။

တတိယရဟန်းတစ်ပါးက - နေ့ဝက်အတွင်း သေရလိမ့်မည်ဟု ဆင်ခြင်သည်။

စတုတ္ထရဟန်းတစ်ပါးက- ဆွမ်းတစ်ကြိမ်စား အတွင်းမှာ သေရလိမ့်မည်ဟု ဆင်ခြင်သည်။

ပဉ္စမရဟန်းတစ်ပါးက- ဆွမ်း ၄-၅ လုတ်အတွင်းမှာ သေရလိမ့်မည်ဟု ဆင်ခြင်သည်။

ဆဋ္ဌမရဟန်းတစ်ပါးက - ဆွမ်းတစ်လုပ်စာအတွင်းမှာ သေရလိမ့်မည်ဟု ဆင်ခြင်သည်။

သတ္တမရဟန်းတစ်ပါးက- ဆွမ်းတစ်လုပ်တတစ်ဝက်အတွင်းမှာ သေရလိမ့်မည်ဟု ဆင်ခြင်သည်။

အဋ္ဌမရဟန်းတစ်ပါးက-ထွက်သက်,ဝင်သက်အတွင်းမှာ သေရလိမ့်မည်ဟု ဆင်ခြင်သည်။

ယင်းအကြောင်းကို ဘုရားရှင်အား လျှောက်ကြားသောအခါ ဘုရားရှင်က ပထမ-သတ္တမထိ ရဟန်းများကို ကဲ့ရဲ့ပြီး အဋ္ဌမရဟန်းကို မမေ့မလျော့သူဟု ချီးမွမ်းတော်မူလေသည်။

(အင်္ဂုတ္တိုရ်-ဒုတိယပဏ္ဏာသက-ယမကဝဂ္ဂ-
ပထမ မရဏ-တိသုတ်)

ဘုရားရှင်သည် အဘိဏှသုတ်ခေါ် သေခြင်းကို မပြတ်ဆင်ခြင်ရန် နည်းလမ်းများကို ဟောကြားခဲ့ပါသည်။ ယင်းငါးပါးကို အမြဲဆင်ခြင်နေသောသူသည် သေခြင်းတရားကို အမြဲဆင်ခြင်နေသည့်အတွက် သေရဲ

သူအသင့်ဖြစ်သူဟု ဆိုရပါမည်။

ယင်း ဆင်ခြင်ရမည့် အဘိဏှသုတ်မှာ -

ငါသည် အိုခြင်းသဘောရှိသည်၊ အိုခြင်းသဘောကို မလွန်မြောက်နိုင်၊ ဤသို့ နေ့ညဉ့်မပြတ် ဆင်ခြင်အပ်၏။

ငါသည် နာခြင်းသဘောရှိသည်၊ နာခြင်းသဘောကို မလွန်မြောက်နိုင်။ ဤသို့ နေ့စဉ်မပြတ် ဆင်ခြင်အပ်၏။

ငါသည် သေခြင်းသဘောရှိသည်၊ သေခြင်းသဘောကို မလွန်မြောက်နိုင်။ ဤသို့ နေ့ညဉ့်မပြတ် ဆင်ခြင်အပ်၏။

ငါ့အား ခပ်သိမ်းသော ချစ်ခင်နှစ်သက်အပ်ကုန်သော နှလုံးကိုပွားစေတတ်ကုန်သော ဆွေမျိုးခင်ပွန်းတို့နှင့် အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားသဖြင့် ရှင်ကွဲ ကွဲရခြင်းသည်လည်းကောင်း၊ ဘဝတစ်ပါးသို့ ပြောင်းသွားသဖြင့် သေကွဲ ကွဲရခြင်းသည် လည်းကောင်း၊ ဖြစ်တတ်ချေ၏။

ဤသို့ နေ့ညဉ့်မပြတ် ဆင်ခြင်အပ်၏။

ငါသည် ကံသာလျှင် ဥစ္စာရှိသည်။

ကံသာလျှင် အမွေခံရှိသည်။

ကံသာလျှင် အကြောင်းရင်းရှိသည်။

ကံသာလျှင် အဆွေအမျိုးရှိသည်။

ကံသာလျှင် ကိုးကွယ်လဲလျောင်းရာရှိသည်။

ကောင်းသည်လည်းဖြစ်သော၊ မကောင်းသည်လည်းဖြစ်သော၊

အကြင်ကံကို ပြုသည်ဖြစ်ငြားအံ့၊ ထိုကောင်းမှု မကောင်းမှုကံ၏ ကောင်းမွေဆိုးမွေသည် ဖြစ်ရအံ့။

ဤသို့ နေ့ညဉ့်မပြတ် ဆင်ခြင်အပ်၏။

ရဟန်းတို့ ဤငါးပါးသော အကြောင်းတရားတို့ကို မိန်းမသည် လည်းကောင်း၊ ယောကျ်ားသည်လည်းကောင်း၊ လူသည်လည်း ကောင်း၊ ရဟန်းသည်လည်းကောင်း မပြတ်နေ့စဉ် ဆင်ခြင် အပ်၏။

နတ္ထိ ပဉ္စုဿနာဂဟေ သေခြင်းတရား မရောက်လာသော နေရာ မည်သည်မရှိ၊ သေမင်းသည် နေရာတိုင်းသို့ ရောက်လာမည် ဧကန် ဖြစ်သည်ဟူသော မိန့်မှာချက်အရ လောကတွင် ထာဝရ အမြဲဆုံး. အမှန် ကန်ဆုံးတရားသည် သေခြင်းတရားသာလျှင် ရှိပါသည်။

မရဏံ မေ ဓုဝံ ငါ၏သေခြင်းသည်မြဲ၏။

ဇီဝိတံ မေ အဓုဝံ ငါ၏ အသက်မှုကား အမြဲမရှိ။

မရဏံ မေ ဘဝိဿတိ ငါ့အား သေခြင်းတရားသည် အခါမရွေး၊ နေရာမရွေး ဖြစ်လတ္တံ့။

ဤတရားသဘော သုံးချက်ကို မပြတ် သတိထားသင့်ပါသည်။

သတ္တဝါတိုင်းတွင် သေခြင်းသုံးမျိုးဖြင့် အမြဲရင်ဆိုင်ကြုံတွေ့နေရ ပါသည်။

ယင်းတို့မှာ -

ခဏိကမရဏ - တစ်ခဏသေရခြင်း၊

သမုတိမရဏ - ပညတ်အားဖြင့်သေခြင်း၊

သမုစ္ဆေဒမရဏ - အဆုံးသတ် အပြတ်သေခြင်းတို့ဖြစ်သည်။

ယင်းသုံးမျိုးတွင် ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်-တည်-ပျက်) ဟူသော ခဏငယ်သုံးချက် (အတွဲ) တစ်ဆယ့်ခုနစ်ချက်စာမျှဖြင့်မူ ထာဝရ သေလျက်ရှိကြပါသည်။

ပညတ်အားဖြင့် သမုတ်အပ်သော လူနတ်များစွာ သတ္တဝါတို့၏ သေခြင်းမျိုးကိုမူ မျက်မြင်တွေ့မြင်လက် ရှိကြသည်။ သံသရာတစ်လျှောက် လည်း သေခဲ့ပေါင်း များလှပေပြီ။

အဆုံးသတ် အပြတ်သေခြင်းဟူသော ဘုရား၊ရဟန္တာတို့၏ သေခြင်း၊ ပရိနိဗ္ဗာန်မျက်မှောက်ပြုနိုင်ခြင်းသို့ ရောက်အောင်သာ ကြိုးစား အားထုတ်သင့်ကြပေသည်။

လူတိုင်းသည် ရှောင်လွဲမရနိုင်သော အနိစ္စတရားတို့ကို နေ့စဉ် ထာဝရ ဆင်ခြင်လျက် မရဏာနုဿတိဘာဝနာကို ပွားများခြင်းဖြင့် မအိုမီ မနာမီကပင် ကြိုတင်၍ ဒါန၊ သီလ၊ ဘာဝနာတရားတည်းဟူသော သံသရာရိက္ခာထုပ်ကို ကြိုးစားအားထုတ်သင့်ကြပါသည်။

ထိုသို့ အားထုတ်ပြီး ကြိုတင်ပြင်ဆင်ခြင်းဖြင့် သေခြင်းတရားကို ရဲဝံ့စွာ ရင်ဆိုင်ရဲအောင် အဆင်သင့်ရှိနေကြရပါမည်။ အသက်ရှင်စဉ်က ပင် ဓမ္မလက်နက်ရိက္ခာထုပ် အပြည့်အစုံ ကိုင်စွဲထားပါမူ မရဏမင်းနှင့် စစ်ခင်းသည့်ပွဲတွင် အနိုင်ကြသောသူ၊ အပြုံးမပျက်ဘဲ အောင်ပွဲခံနိုင်သူ ဖြစ်ပါလိမ့်မည်။

ကမ္ဘာကျော်စာပေ

သေခြင်းတရားနှင့်ပတ်သက်၍ အင်္ဂလိပ်လူမျိုး ကဗျာဆရာကြီး ရှိတ်စပီးယားက-

"သေခြင်းတရားကို ကြိုတင်လက်ခံထားပါက သေခြင်းသည်လည်းကောင်း၊ အသက်ရှင်နေခြင်းသည်လည်းကောင်း အလွန် ချိုမြိန်ဖွယ်ရာသာ ဖြစ်ပါသည်" ဟု သေခြင်းနှင့်ပတ်သက်သော အဘိဓမ္မာ အယူအဆတစ်ရပ်ကို ဖော်ပြခဲ့ဖူးပါသည်။

အကြင်သူ တစ်ဦးတစ်ယောက်အား နေမလား-သေမလားဟူသော မေးခွန်းကို မေးခဲ့သော် လူ့ဘဝတွင် အကျိုးရှိသော နေခြင်းဖြင့် မြတ်သော နေခြင်းဖြင့် နေထိုင်ခဲ့သူ 'နေရဲသူ' ဖြစ်သင့်ပါသည်။

တစ်ဖန် တမလွန်ဘဝအတွက်လည်း ကောင်းမြတ်သောသေခြင်း၊ မြင့်မြတ်သောသေခြင်းဖြင့် 'သေရဲသူ အဆင်သင့် ဖြစ်နေသူလည်း ဖြစ်ရပါမည်။

ထိုသို့ နေရဲသူ- သေရဲသူဘဝ ဖြစ်နိုင်ရေးအတွက် လူသားတိုင်းသည် လူ့ဘဝတွင် အသက်ရှင်နေရစဉ်အတွင်း -

- ကောင်းသောအပြုအမူ-ကာယ၊
- ကောင်းသောအပြောအဆို - ဝစီကံ၊
- ကောင်းသော အကြံအစည် - မနောကံ

တို့ဖြင့် မိမိတို့၏ ဘဝကို တည်ဆောက်နေရပါမည်။ ထိုသို့နေသောသူအတွက် နေမလား-သေမလားဟူသော မေးခွန်းအတွက် တစိုးတစိသ-

ကြောင့်ကြမှု၊ စိုးရိမ်မှု၊ သောကဖြစ်မှုတို့သည် ရှိမည် မဟုတ်တော့ပါ။

သို့အတွက် လူသားတိုင်းသည် တမလွန်ဘဝအတွက် ကောင်းမြတ်သော သေခြင်း-မြင့်မြတ်သော သေခြင်းဖြင့် သေရဲသူအဆင်သင့်ဖြစ်ရေးအတွက် ဤသေနည်းပြင်ဆင်မှုသင်တန်းလေ့ကျင့်ခန်း' တို့ကို လေ့ကျင့်ဆောင်ရွက်နိုင်ပါစေသော်။

## သေဘေးကြောက်သူနှင့် မကြောက်သူ

လောကကြီးတစ်ခုလုံးသည် မမြဲ၊ သက်ရှိသတ္တဝါမှန်သမျှ အကုန်လုံး သေရမည်။ လက်တွေ့အားဖြင့်လည်း တဖြုတ်ဖြုတ် သေနေကြသည်ကို မြင်တွေ့နေကြရသည်။

သေမင်းသည် တိုင်းပြည်ကို အုပ်ချုပ်နေသော မင်းတစ်ပါးကဲ့သို့ သီးခြား အခြားမှာ ရှိသည်မဟုတ်ပါ။

- သကြားမှာ အချိုဓာတ်ပါသလို
- သံပရာသီးမှာ အချဉ်ဓာတ်ပါလာသလို
- ခန္ဓာကိုယ်ထဲမှာ အသေဓာတ်ကြီး၊ မမြဲသောအနိစ္စဓာတ်ကြီး ပါလာခဲ့ပါသည်။ ခန္ဓာရလာလျှင် ရာဇဝတ်သား ပြေးမလွတ်ဆိုသကဲ့သို့ သေးရမည့်ဘေးက ပြေးမလွတ်ပါချေ။

လူတိုင်းသည် သေရမည်ကို သိကြပါသည်။ သို့သော် သေရမည်ကိုလည်း ကြောက်ကြပါသည်။

**ကမ္ဘာကျော်စာပေ**

## ပုဏ္ဏားအမေးနှင့် ဘုရားရှင်အဖြေ

သေဘေးဆိုးကြီးနှင့်ပတ်သက်၍ ဘုရားရှင်လက်ထက် ပုဏ္ဏားကြီးတစ်ယောက်သည် ဘုရားထံ လျှောက်ထားခဲ့ဖူးသည်။

'မြတ်စွာဘုရား၊ လူတိုင်းသည် သေရမည်ကိုသိပါသည်။ သေရမည်ကိုလည်း ကြောက်ကြပါသည်ဘုရား'

ပုဏ္ဏားကြီး၊ သေဘေးကို ကြောက်သူ လေးယောက် မကြောက်သူလေးယောက်ရှိသည်။'

### ၁။ ကာမဂုဏ်စွဲလမ်းသူကြောက်

'ကာမဂုဏ်သာ စွဲလမ်းပါ၊ သေမှာကြောက်မည်မှတ် သားမယား၊ အိုးအိမ်တိုက်တာ၊ ရွှေငွေ၊ လယ်ယာ စသည်တို့ကို စွဲလမ်းအားကြီးလျှင် သေခါနီး၌ ထိုကာမဂုဏ်များနှင့် ခွဲခွာရတော့မည်ဟု ပူပန်ပြီး သေရမည်ကို ကြောက်သည်။ ယင်းကို 'မုဲသေ' ဟု ခေါ်သည်။

### ၂။ ကာမဂုဏ်မစွဲလမ်းသူ သေမှာမကြောက်

### ကာမဂုဏ်သာ မစွဲလမ်းပါ၊ သေမှာ မကြောက်မှတ်'

လောကီအာရုံ ကာမဂုဏ်တို့သည် မသေခင် ခဏလေးသာ သုံးစွဲရသည်။ မမြဲတဲ့တရားတွေ၊ ငါကခွဲ သူကခွဲကြရမှာတွေဟု မီးကိုမလောင်ခင်ကတားဆိုသလို တရားနှင့်ဆင်ခြင်ထား၍ အစွဲအလမ်း မကြီးလျှင်

သေခါနီး၌ ခွဲခွာရတော့မည်ကို မပူပန်၍ သေရမှာကို မကြောက်တော့ပေ။ ယင်းကို 'ပြုံးသေ' ဟု ခေါ်သည်။

**၃။ မိမိကိုယ်ကို စွဲလမ်းသူကြောက်**
**'မိမိကိုယ်သာစွဲလမ်းပါ၊ သေမှာ ကြောက်မည်မှတ်'**

သတ္တဝါတိုင်းသည် မိမိကိုယ်ကို အလွန်စွဲလမ်းသည်၊ ဘဝတဏှာ အားကြီးသည်၊ မိမိနှင့်တူသော ချစ်သူမရှိ၊ ဤကဲ့သို့ မိမိကိုယ်ကို စွဲလမ်းချစ်၍ သာယာမက်မော၍နေသဖြင့် သေရတော့မည်ဆိုလျှင် အပူကြီးပူ၊ အကြောက်ကြီးကြောက်တော့သည်။ ယင်းကို 'မဲ့သေ' ဟုခေါ်သည်။

**၄။ မိမိကိုယ်ကို မစွဲလမ်းလျှင် မကြောက်**
**'မိမိကိုယ်သာ မစွဲလမ်းပါ၊ သေမှာမကြောက်မှတ်'**

မိမိကိုယ်ကိုမစွဲလမ်း၊ ငါမဟုတ်မှန်း နာမ်ရုပ်သမှန် သဘောပေါက်ထားသည်။ လူမမာမှ စုန်းကိုခွာသည်။ နာမ်ရုပ်မှ ငါရဲ့အတ္တဒိဋ္ဌိစွဲ၊ သက္ကာယဒိဋ္ဌိစွဲကို ဉာဏ်ဖြင့်ခွာထားသည်။ ထိုကား ငါ-ငါဟု အစွဲအလမ်း မကြီးတော့။ နာမ်တွေ ရုပ်တွေ ဖြစ်ပျက်နေသည်ဟုမြင်နေသည်။ ထိုသူသည် သေရမှာကို မကြောက်တော့။ ယင်းကို 'ပြုံးသေ' ဟုခေါ်သည်။

## ၅။ အကုသိုလ် များသူကြောက်

'အကုသိုလ်သာ များလေပါ၊ သေမှာကြောက်မည်မှတ်'

သူတစ်ပါးအသက်သတ်ခြင်း၊ ခိုးခြင်း၊ သောက်စားခြင်းစသော ဒုစရိုက်တရားတွေကို နေ့စဉ်လိုလို လုပ်ဆောင်သောသူသည် ငါသေလျှင် အပါယ်ကျတော့မည်ဟု တွေးတောမိပြီး သေမှာ ကြောက်လန့်လေသည်။ 'မဲ့သေ' ဟုခေါ်သည်။

## ၆။ အကုသိုလ်မများသူ မကြောက်

'အကုသိုလ်သာ၊ မများပါ၊ သေမှာမကြောက်မှတ်'

တရားကိုရှာထားပြီး အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်ထားသူ မှာကား မူလတန်းအောင်၍ အလယ်တန်းတက်ရမည့်- လယ်တန်း အောင်၍ အထက်တန်း တက်ရမည့် အထက်တန်းအောင်၍တက္ကသိုလ် သွားရမည့် ကျောင်းသား/သူကဲ့သို့ သေရမည်ကို မကြောက်တော့ပါ။ မြင့်သည်ထက် မြင့်ရာသို့ သွားရတော့မည်ကို တွေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည့်အတွက် သေမှာမကြောက်ပေ။ ယင်းကို 'ပြုံးသေ' ဟုခေါ် သည်။

## ၇။ တရားယုံမှားသူကြောက်

'တရားကိုသာ ယုံမှားပါ၊ သေမှာကြောက်မည်မှတ်'

အကုသိုလ်လုပ်၍ ငရဲကျသည်ဆိုတာ ဟုတ်မှဟုတ်ပါရဲ့လား၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ မှန်ပါ့မလား၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတာ ရှိရဲ့လား

စသည်ဖြင့် တရားကို ယုံမှားသံသယ ဖြစ်နေ၍ ဘာကုသိုလ်မှ မပြုခဲ့ပေ။ ထိုသူသည် သေခါနီးမှ ပူပန်၍ ကြောက်ပါသည်။ ယင်းကို 'မှဲ့သေ' ဟု ခေါ်သည်။

## ၈။ တရားမယုံမှားသူ မကြောက်

**'တရားကိုသာ မယုံမှားပါ၊ သေမှာ မကြောက်မှတ်'**

မီးကိုထိလျှင်ပူ၍ ရေကိုထိလျှင် အေးသကဲ့သို့ အကုသိုလ် သည် မကောင်းကျိုးပေး၍ ကုသိုလ်သည် ကောင်းကျိုးပေးသည်။ အချဉ်စေ့က အချဉ်ပေါက်သည်။ အချိုစေ့က အချိုပေါက်သည်။ ဤသို့သော အယူအဆဖြင့် တရားတော်၌ ယုံမှားသံသယမရှိတော့ဘဲ အကုသိုလ်ရှောင်၊ ကုသိုလ် ဆောင်ပြီး တရားနှင့် ပျော်မွေ့နေသူမှာ သေမှာမကြောက်တော့။

**(အံ-အဘယသုတ်)**

## အမိနှင့်သား
## အချင်းချင်း မကာကွယ်နိုင်သောဘေး

ရဟန်းတို့၊ အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သောဘေးတို့ သည် သုံးမျိုးရှိလေသည်။

မြို့ရွာ နိဂုံး အိုးအိမ်တို့ကို မီးလောင်သောအခါ အမိသည်လည်း သားကိုတွေ့ခွင့်မရ၊ သားကလည်း အမိကို တွေ့ခွင့်မရ။

ရေဘေးကြီး ဆိုက်ရောက်သောအခါ အမိသည် သားကိုတွေ့ခွင့်

မရ၊ သားသည် အမိကို တွေ့ခွင့်မရ။

နိုးသားခေးပြဘေးတို့ ကြုံတွေ့သောအခါ အမိသည် သားကို တွေ့ခွင့်မရ၊ သားသည် အမိကို တွေ့ခွင့်မရ။

ဤဘေးသုံးပါးသည် အမိနှင့် သားအချင်းချင်း မကာကွယ်နိုင်သော ဘေးများဖြစ်ကြသည်။ သို့သော် ထိုဘေးများသည် တစ်ခါ တစ်ရံ အမိနှင့်သားကို တွေ့ကြုံခွင့်ရသေးသည်။

အောက်ပါ ဘေးတို့သည် အမိနှင့် သားအချင်းချင်း မကာကွယ်နိုင်သော ဘေးစင်စစ်တို့ ဖြစ်ကြပါသည်။

ယင်းဘေးသုံးပါးဟူသည် အိုဘေး၊ နာဘေး၊ သေဘေးတို့ ဖြစ်ကြပါသည်။

အမိသည် 'ငါအိုပါအံ့၊ ငါ၏သား မအိုပါစေလင့်' ဟု အိုမင်းသော သားကို မကာကွယ်နိုင်ပါ။

သားသည် 'ငါအိုပါအံ့၊ ငါ၏မိခင် မအိုပါစေလင့်' ဟု အိုမင်းသော အမိကို မကာကွယ်နိုင်ပါ။

အမိသည် 'ငါနာပါအံ့၊ ငါ၏သား မနာပါစေလင့်' ဟု နာသော သားကို မကာကွယ်နိုင်ပါ။

သားသည် 'ငါနာပါအံ့၊ ငါ၏အမိ မနာပါစေလင့်' ဟု နာသော အမိကို မကာကွယ်နိုင်ပါ။

အမိသည် 'ငါသေပါအံ့၊ ငါ၏သား မသေပါစေလင့်'ဟု သေသော သားကို မကာကွယ်နိုင်ပါ။

**ကမ္ဘာကျော်စာပေ**

သားသည် 'ငါသေပါအံ့၊ ငါ၏အမိ မသေပါစေလင့်' ဟု သေသော အမိကို မကာကွယ်နိုင်ပါ။

## အမိနှင့်သား
## အချင်းချင်း မကာကွယ်နိုင်သောဘေးကို
## လွတ်မြောက်စေသောလမ်းစဉ်

အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးကို လွတ်မြောက်စေသော ကျင့်စဉ် (၈) ပါး ရှိပါသည်။

ယင်းမှာ -

| | |
|---|---|
| ၁။ မှန်စွာသိခြင်း | သမ္မာဒိဋ္ဌိ |
| ၂။ မှန်စွာကြံခြင်း | သမ္မာသင်္ကပ္ပ |
| ၃။ မှန်စွာပြောဆိုခြင်း | သမ္မာဝါစာ |
| ၄။ မှန်စွာပြုလုပ်ခြင်း | သမ္မာကမ္မန္တ |
| ၅။ မှန်စွာအသက်မွေးခြင်း | သမ္မာအာဇီဝ |
| ၆။ မှန်စွာအားထုတ်ခြင်း | သမ္မာဝါယာမ |
| ၇။ မှန်စွာအောက်မေ့ခြင်း | သမ္မာသတိ |
| ၈။ မှန်စွာတည်ကြည်ခြင်း | သမ္မာသမာဓိ |

ဤအရိယာမဂ္ဂင် (၈) ပါးသည် အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေးသုံးမျိုးတို့ကို ပယ်ရန် လွတ်မြောက်ရန် လမ်းစဉ် အကျင့် ဖြစ်ပါသည်။

**(အင်္ဂုတ္တိုရ်၊ မဟာဝဂ္ဂ-ဘယသုတ်)**

**ကမ္ဘာကျော်စာပေ**

# အခန်း (၂)
# သေခြင်း (၄) မျိုး

သုံးဆယ့်တစ်ဘုံအတွင်းရှိ သတ္တဝါ ဟူသမျှတို့သည် မိမိတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများ၊ ချစ်သော သားမယား၊ သားသမီး၊ ဆွေမျိုးမိတ်ဆွေများ၊ ရရှိထားသော ရာထူးဂုဏ်သိန်များကို စွန့်ခွာကာ သေမင်းခေါ် ရာသို့ မသေချင်ဘဲလည်း သေမြဲဓမ္မတာအရ သေပွဲဝင်ကြရမည် ဖြစ်ပါသည်။

ထိုသို့ သတ္တဝါအားလုံး သေဆုံးကြရာဝယ် အောက်ပါ သေခြင်းလေးမျိုး တစ်မျိုးမျိုးဖြင့် သေပွဲဝင်ကြရသည်မှာလည်း ဓမ္မတာသဘောပင် ဖြစ်ပါသည်။

သေခြင်း လေးမျိုးဟူသည် -

အသက်တမ်းကုန်၍သေရခြင်း၊

ကံအစွမ်းကုန်၍သေရခြင်း၊

ကမ္မာကျော်စာပေ

အသက်တမ်း ကံစွမ်းနှစ်ပါးစလုံးကုန်၍ သေရခြင်း၊

ဥပစ္ဆေဒကခေါ် ကြားကံတစ်ပါးပါးက သတ်ဖြတ်၍ သေရခြင်းတို့ ဖြစ်ပါသည်။

ယင်းသေခြင်းလေးမျိုးကို ဥပမာအားဖြင့် နှိုင်းစာဆိုရသည် ဆိုသော်-

ဆီမီးငြိမ်းရာ၌-

- ဆီကုန်ခန်းခြင်း၊
- မီးစာကုန်ခန်းခြင်း၊
- ဆီနှင့်မီးစာနှစ်မျိုး ကုန်ခန်းခြင်း၊
- ဆီနှင့်မီးစာရှိပါသော်လည်း လေပြင်းတိုက်ခတ်ခြင်း (သို့မဟုတ်) တမင်ငြိမ်းသတ်ခြင်းဟူသော အကြောင်းလေးမျိုး ရှိသကဲ့သို့ပင် ဖြစ်ပါသည်။

## ၁။ အသက်ကုန်၍ သေရခြင်း

ထိုထို ဘုံဘဝတို့၌ သတ်မှတ်ထားအပ်သော အသက်တမ်းများ ရှိကြပါသည်။ ဤလူ့ဘုံဘဝဝယ် တက်ကပ်ကာလဝယ် တဖြည်းဖြည်း တက်၍ အသင်္ချေယျတိုင်အောင် အသက်တမ်းရှိ၍ ဆုတ်ကပ်ကာလဝယ် တဖြည်းဖြည်း ဆုတ်ကာ (၁၀) နှစ်သက်တမ်း တိုင်အောင် သက်တမ်းရှိ လေသည်။

ဂေါတမဘုရားရှင် ပွင့်သောအခါ၌ သက်တမ်းသည် (၁၀၀) ရှိသည်၊ ယခုကာလဝယ် (၇၅)နှစ်သာရှိသည်ဟု ဆိုပါသည်။ သင့်တော်ရုံကံပါလာကြသူတို့သည် သတ်မှတ်ထားအပ်သော အသက်တမ်းကို မလွန်နိုင်ကြပါ။ ယင်းသတ်မှတ်ထားသော သက်တမ်းကာလ၌ သေဆုံးခြင်းကို အသက်တမ်းကုန်၍ သေခြင်းဟုခေါ်ပါသည်။

မီးစာရှိသေးသော်လည်း ဆီကုန်၍ မီးငြိမ်းသည်နှင့် ဥပမာတူပါသည်။

## ၂။ ကံကုန်အစွမ်းကုန်၍ သေရခြင်း

ဘဝသစ်တစ်ခုကို စီမံလိုက်သောကံသည် ပဋိသန္ဓေတည်ပြုသည့်အချိန်မှစ၍ မိမိ၏သတ္တိ မကုန်သေးသမျှ ဘဝမပြတ်အောင်, မသေအောင် အစဉ်တစိုက် အမြဲဖန်တီးလျက်ရှိပါသည်။ ထိုမှုလစီမံလိုက်သောကံ၏အစွမ်းကို အားပေးကူညီသော အခြားကံများကလည်း ရှိနေသေးပါသည်။ ထိုမူလ စီမံလိုက်သောကံနှင့် အားပေးကူညီကြသော ကံတို့၏ အစွမ်းသတ္တိကုန်လျှင် အသက်တမ်း မကုန်သေးသော်လည်း ဧကန်မုချသေရတော့မည်။

ဥပမာ - သက်တမ်းက (၇၅) နှစ် သက်တမ်းရှိသော်လည်း ထိုဘဝ၌ နေရမည့်ကံက (၅၀) သာပါလျှင် အသက် (၅၀)၌ သေရမည် ဖြစ်ပါသည်။

ဆီမကုန်သေးသော်လည်း မီးစာကုန်လျှင် ကေန်မီးငြိမ်းရသကဲ့သို့ ဖြစ်ပါသည်။

## ၃။ အသက်တမ်း ကံအစွမ်း နှစ်မျိုးကုန်၍ သေရခြင်း

အချို့သော သတ္တဝါတို့အား အသက်တမ်းလည်းကုန်၊ ကံ၏အစွမ်းလည်းကုန်၍ သေကြရသည်။ ဥပမာ - အသက်တမ်း (၇၅)နှစ်ရှိသော အမျိုး၌ ဖြစ်နေသောသူသည် ကံကလည်း (၇၅)နှစ်နေရမည့်အစွမ်းပါလာသော် (၇၅)နှစ်တွင် သေရမည်။ ဆီလည်းကုန်, မီးစာလည်းကုန်သောကြောင့် မီးငြိမ်းနေသည့် သဘောနှင့် တူပါသည်။

ဤဆိုအပ်ခဲ့သော သေခြင်းအကြောင်း (၃) ပါးတွင် တစ်ပါးပါးကြောင့် သေခြင်းကို သေချိန်ကျ၍ သေရခြင်း (ကာလမရဏ) ဟုခေါ်သည်။

## ၄။ ဥပစ္ဆေဒကကံ ကပ်၍ သတ်ဖြတ်တတ်သော ကံကြောင့်သေရခြင်း

အချို့ သတ္တဝါတို့အား အသက်တမ်းလည်းရှိ၊ ကံအစွမ်းလည်းရှိနေပါလျက် ရှေးရှေးဘဝတို့၌ ပြုအပ်သော ကပ်၍ သတ်ဖြတ်တတ်သော ဥပစ္ဆေဒကကံကြောင့်လည်းကောင်း၊ ယခုဘဝ၌ ပြုအပ်သော ကပ်၍ သတ်

ဖြတ်တတ်သော ဥပစ္ဆေဒကံကြောင့်လည်းကောင်း အနာရောဂါဆိုးတို့နှင့် တွေ့ကြုံသေရခြင်း၊ မြေပြို၍သေရခြင်း၊ မိုးကြိုးကျ၍ သေရခြင်း၊ သေနတ်ဗုံးဆန်မှန်၍ သေရခြင်း၊ သူတစ်ပါးက ဓားလှံလက်နက်ဖြင့် ထိုးသတ်၍ သေရခြင်း၊ ရေနစ်သေရခြင်း စသည်များလည်း ကံတစ်ပါးက သတ်မှတ်၍ သေရခြင်းမည်ပါသည်။

မိးစာဆိ (၂) မျိုးလုံးမကုန်သေးသော်လည်း လေပြင်းတိုက်ခတ်မှုတမင်ငြိမ်းသတ်မှုကြောင့် မီးငြိမ်းခြင်းမျိုးနှင့် တူပါသည်။

ဤဥပစ္ဆေဒကကံတစ်ခုခုကြောင့် သေရခြင်းကို အချိန်မကျသေးဘဲ သေရခြင်း (အကာလမရဏ) ဟု ခေါ်ပါသည်။

## သေချိန်မကျဘဲ သေရသူများ

သတ္တဝါတို့၏ သန္တာန်ဝယ် ရှေးရှေးက ပြုခဲ့သော မကောင်းမှုလေးများ ကိုယ်စီကိုယ်င အများအပြားပါရှိတတ်ပါသည်။ ထိုကံများသည် မိမိတို့ချည်း သက်သက်သေကြေအောင် ၊ သတ်ဖြတ်နိုင်သော်လည်း သတိမရှိဉာဏ်မရှိ - အစဉ်းစား အဆင်ခြင် အမြော်အမြင် မရှိ၍ အစားမတတ်-အသွားမတတ်-အနေမတတ်သူများကို ဘေးဥပဒ်ရောက်အောင် ထိုဘေးဖြင့် သေကြေပျက်စီးအောင်ကား တတ်နိုင်ကြပါသည်။

ရှေးရှေးက သူတစ်ပါးကို အင်္ကျဆာေ ခဲ့ဖူးခြင်း၊ မြွေနှင့်တိုက်ခြင်း၊ အဆိတ်ခတ်သတ်ခြင်း၊ တုတ်၊ဓား စသည်ဖြင့် ရိုက်သတ်ခြင်း၊ ရေနစ်

သတ်ခြင်း၊ မီးတိုက်သတ်ခြင်း စသည်ဖြင့် သူတစ်ပါးသေအောင် တစ်နည်းနည်းဖြင့် ပြုခဲ့သော သူသည် ထိုကံများ အခွင့်ရသောဘဝဝယ် ထမင်းဝတ်၍ သေတတ်၊ ရေဝတ်၍ သေတတ်၊ မြွေကိုက်၍သေတတ်၊ အဆိပ်မိ၍ သေတတ်၊ လက်နက်ဖြင့် သေတတ်၊ ရေနစ်၍သေတတ်၊ မီးလောင်၍ သေတတ်ကြလေသည်။

သူတစ်ပါးကို တစ်နည်းနည်းဖြင့် နှိပ်စက်သတ်ဖြတ်ခဲ့ဖူးသူသည် ယခုဘဝ၌ လေနာခြင်း၊ သလိပ်ရောဂါရှိခြင်း၊ ပန်းနာရှိခြင်း၊ နူနာရှိခြင်း၊ မကျန်းမမာရှိခြင်း စသည်ဖြင့် ညှိုးနွမ်းပင်ပန်းစွာ အသက်ရှည်နေရသည့်ပြင် ထိုရောဂါများဖြင့်ပင် သေရတတ်သည်။

ဤသို့ စသည်ဖြင့် ရှေးကံ ကလေးများသည် ဆင်ခြင်စဉ်းစား သတိထားတတ်သူတို့၌ နှိပ်စက်ခွင့်- သတ်ဖြတ်ခွင့် မရသော်လည်း မစဉ်းစား မဆင်မခြင် ရှိသူတို့ကား မကျန်းမာအောင်, သေကြေအောင် နှိပ်စက်တတ်လေသည်။

ထို့ကြောင့်-

အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့်

အသွားမတော်တစ်မုဟုတ်၊ အစားမတော်တစ်လုတ်

ကျားရဲရာ ကြမ္မာမရှိုးသာ

ကံယုံပြီး ဆူးပုံမနင်းရာ

ဟူ၍ ရှေးလူကြီးသူမများက ဆိုဆုံးမထားခဲ့ခြင်း ဖြစ်ပါသည်။

ထိုစကားများ၏ ဆိုလိုရင်းသည် လူတိုင်းမှာပင် မကောင်းကျိုး

ပေးရန် အကုသိုလ်ကံများ ရှေးဘဝများစွာက တစ်မျိုး နှစ်မျိုး စသည် ပြုမိခဲ့ကြသဖြင့် ကိုယ်စီကိုယ်ငရှိကြသည်။

ထိုကံများသည် အလွန်သတ္တိမထက်လျှင် သူတို့ဘာသာ အကျိုးပေးခွင့်သာအောင် မတတ်နိုင်ကြပါ။ အစဉ်းစား အဆင်ခြင် မရှိသူများ၌သာ အသွားအလာ, အစားအသောက်, အနေအထိုင် မတတ်သည့်အတွက် ထိုကံများ အကျိုးပေးခွင့်ရကြပါသည်။

သို့ဖြစ်၍ အသက်ရှည်စွာ အနာကင်းမှုကို ဂရုစိုက်ခြင်း မရှိလျှင် ဥပစ္ဆေဒကကံ အခွင့်သာ၍ သက်တမ်းမစေ့ခင်က ကံအစွမ်း မကုန်သေးခင် သေရမည်မှာ မုချဖြစ်ပါသည်။

## ကံအခွင့်သာ၍ ဥပစ္ဆေဒကကံဖြင့် သေရသူများ

၁။ ရှင်မဟာမောဂ္ဂလာန်သည် ရှေးက အမိကို သတ်ခဲ့ဖူး၏။ အရှင်မောဂ္ဂလာန်ဘဝ၌ ထိုကံ အခွင့်ရသဖြင့် ခိုးသားငါးရာတို့၏ အသတ်ခံရပြီး ပရိနိဗ္ဗာန်စံရသည်။

၂။ ဗိမ္ဗိသာရမင်းသည် ရှေးက ဘုရားရင်ပြင်၌ ဖိနပ်စီးခဲ့ဖူး၏။ ဗိမ္ဗိသာရမင်းဘဝ၌ ထိုကံက အခွင့်ရသဖြင့် ခြေဖဝါးခေါင်ခွဲခံရပြီး နတ်ရွာစံရသည်။

၃။ သာမာဝတီ အမျူးရှိသော နန်းတွင်းသူတို့သည် ရှေးက ပစ္စေကဗုဒ္ဓါ သမာပတ်ဝင်စားနေစဉ် အလောင်းကောင်ထင်၍ မီးရှို့ရာ သမာပတ်

မှထသောအခါ အသက်ရှိသေးကြောင်း သိလျက် မိမိတို့အမှုပေါ်မည်ကို စိုးရိမ်၍ ထပ်မံမီးတိုက်ခဲ့ဖူး၏။ ထိုကံက အခွင့်ရ၍ မာဂဏ္ဍီ၏ ဦးရီးတော်၏ မီးရှို့သတ်ခြင်းကို ခံရသည်။

ဤကား ရှေးဘ၀ကပြုခဲ့သော အကုသိုလ်၏ အခွင့်ရသဖြင့် သတ်ဖြတ်ခံရခြင်း ဥပစ္ဆေဒကကံ ဖြစ်သည်။

ယခုဘ၀မှာပင် ဂုဏ်ကြီးသူများကို စော်ကားမိ၍ ဥပစ္ဆေဒကကံက ချက်ချင်းသတ်ဖြတ်သော သာဓကများရှိသည်။

၁။ ဒေ၀ဒတ်သည် ဘုရားရှင်ကို စော်ကား၍ ချက်ချင်း မြေမျိုရသည်။

၂။ နန္ဒမည်သော နတ်ဘီလူးသည် ရှင်သာရိပုတ္တရာ၏ ဦးခေါင်းကို ပုတ်ခတ်သဖြင့် ချက်ချင်း မြေမျိုခံရသည်။

၃။ ကဿပဘုရားရှင်၏ လက်ယာတော်ရံ အဂ္ဂသာ၀ကအရှင်၏ ဦးခေါင်းကို ကျောက်ခဲဖြင့် ပစ်ပေါက်သော ဒုဿီမည်သော မာရ်နတ်သည် ချက်ချင်း မြေမျိုခံရသည်။

၄။ စိဉ္စမာဏဝိကာသည် ဘုရားရှင်ကို စွပ်စွဲစော်ကား၍ ချက်ချင်း မြေမျိုခံရသည်။

၅။ ခန္တီဝါဒီရသေ့ကို နှိပ်စက်သော ကလာဗုမင်းသည် ချက်ချင်းပင် မြေမျိုခံရသည်။

ဤသည်မှာ ထိုကံအတွက် သက်တမ်းစေ့အောင် မနေရဘဲ လတ်တစ်လော ဥပစ္ဆေဒကကံဖြင့် သေရခြင်းမျိုး ဖြစ်ကြပါသည်။

ကမ္မာကျော်စာပေ

## ကာမနှင့်သက်တမ်း သေခြင်းတရား

သေခြင်းလေးမျိုး

- အသက်တမ်းကုန်၍ သေခြင်း၊
- ကံအကျိုးပေးကုန်၍ သေခြင်း၊
- ကံနှင့် အသက်တမ်း နှစ်မျိုးကုန်၍ သေခြင်း၊
- ကံမကုန်သေးသော်လည်း ဥပစ္ဆေဒကကံ ကုန်၍ သေခြင်း (ဝါ)
- အစိမ်းသေခြင်း။

ယင်းသေခြင်းလေးမျိုးအပြင် သေရခြင်း၏ အကြောင်းတရားတို့သည် လေးပါးရှိလေသည်။

### (၁) ရာဂကြောင့် သေရခြင်း

သက်တမ်း၊ ကံမကုန်သေးပါဘဲလျက် ပြင်းပြသော ကာမရာဂတို့ကို သည်းမခံနိုင်ဘဲ အဆိပ်သောက်သေခြင်း၊ ကြိုးဆွဲချသေရခြင်း တစ်နည်းနည်းဖြင့် ကိုယ့်ကိုယ်ကို သတ်သေခြင်းမျိုးသည် ရာဂကြောင့် သေရခြင်းမည်ပါသည်။

### (၂) ဒေါသကြောင့် သေရခြင်း

သက်တမ်း၊ကံမကုန်သေးပါဘဲလျက် ပြင်းထန်သော ဒေါသကြောင့် ရိုက်ပုတ်၍သေရခြင်း၊ ကြောက်လန့်၍သေရခြင်း၊ ရွံကုန်သည်၊

ဒေဝဒတ်အလောင်းကဲ့သို့ ပြုစုပူပန်၍ သေရခြင်းမျိုးသည် ဒေါသကြောင့် သေရခြင်းမည်ပါသည်။

## (၃) မောဟကြောင့် သေရခြင်း

သက်တမ်းနှင့်ကံ မကုန်သေးဘဲ အလိမ္မာ နည်းခြင်းကြောင့် မပြု လုပ်အပ်သည်ကို လုပ်မိ၍ သေရခြင်း၊ မသွားအပ်သည်၌ သွား၍သေရ ခြင်း၊ မစားသောက်အပ်ရာကို စားသောက်မိ၍ သေရခြင်း စသည်ဖြင့် မိမိ၏ မိုက်မဲမှုကြောင့် သေရခြင်းမျိုးကို မောဟကြောင့် သေရခြင်းဟု ခေါ်ပါသည်။

## (၄) မာနကြောင့် သေရခြင်း

သက်တမ်းနှင့်ကံမကုန်သေးဘဲ ကိုယ့်အောက်, ယုတ်ညံ့သူ၊ ကိုယ်နှင့် တန်းတူသူ၊ ကိုယ့်ထက်သာလွန်သူတို့၌ လွှမ်းမိုးလိုခြင်း၊ ဖက်ပြိုင် လိုခြင်း၊ တုပလိုခြင်း စသော အပြုအမူအမျိုးမျိုးကြောင့် သည်းမခံနိုင်၍ သေရခြင်းတို့သည် မာနကြောင့် သေရခြင်းမည်ပါသည်။

## တစ်နည်း–သေရခြင်းအကြောင်းလေးပါး

## (၁) ဟိရီ (အရှက်ကြောင့်) သေရခြင်း

သက်တမ်း. ကံမကုန်ပါသေးဘဲ မပြုသင့်. မပြုအပ်သော ဒုစရိုက် မှုမျိုးတို့.ကို ကျူးလွန်ပြုကျင့်ရမည်မှ ရှက်ကြောက်၍ အသက်အသေခံ

သီလကိုစောင့်ထိန်းသွားသော ပုဂ္ဂိုလ်တို့၏ သေခြင်းမျိုးကို ဟီရိကြောင့် သေခြင်းမည်ပါသည်။

## (၂) သဒ္ဓါကြောင့် သေခြင်း

သက်တမ်း ကံမကုန်သေးသော်လည်း ရတနာသုံးပါးနှင့် မိမိကြည်ညိုအားထားရာ စသည်တို့၌ သဒ္ဓါတရားလွန်ကဲ အားကြီးလွန်းသဖြင့် မိမိကိုယ်ကိုမိမိ မီးရှို့၍ ပူဇော်ခြင်း၊ ဘုရားအလောင်းယုန်မင်းကဲ့သို့ အသက်ကို စွန့်၍ လွှတ်ခြင်းမျိုးမှာ သဒ္ဓါကြောင့် သေခြင်းမည်ပါသည်။

(ငါးရာ့ငါးဆယ် စတုက္ကနိပါတ်၊ သသဇာတက)

## (၃) ပညာကြောင့်သေခြင်း

သက်တမ်း ကံ မကုန်သေးသော်လည်း သေခြင်း၌အကျိုးကို ဆင်ခြင်သိမြင်၍ သေခြင်း၊ ဂေါဓိကမထေရ်ကဲ့သို့သေခြင်း၊ သေခြင်းတရားတို့ကို ပညာဖြင့် နှလုံးသွင်းဆင်ခြင်၍ သေခြင်းမျိုးကို ပညာဖြင့်သေခြင်းမည်ပါသည်။

## (၄) ကရုဏာကြောင့်သေခြင်း

သက်တမ်း မကုန်သေးသော်လည်း သူတစ်ပါးအတွက် (သို့မဟုတ်) အများအတွက် တိုင်းပြည်အတွက်နှင့် လူမျိုးအတွက် ကရုဏာထား၍ မိမိအသက်ကို စွန့်လွှတ်ခြင်းသည် ကရုဏာကြောင့် သေခြင်း

မည်ပါသည်။

## သေခြင်းဖြစ်ပေါ်ရာ အနာရောဂါရခြင်း အကြောင်း (၈) ပါး

၁။ လေကြောင့် အနာရောဂါဖြစ်ကာ သေရခြင်း။

၂။ သည်းခြေကြောင့် အနာရောဂါဖြစ်ကာ သေရသည်။

၃။ သလိပ်ကြောင့် အနာရောဂါဖြစ်ကာ သေရသည်။

၄။ အထက်ပါ အကြောင်းသုံးပါး စုံညီ၍ အနာရောဂါ ဖြစ်ကာ သေရသည်။

၅။ ဥတုဖောက်ပြန်သောကြောင့် အနာရောဂါ ဖြစ်ကာ သေရသည်။

၆။ အာဟာရမညီညွတ်မှုကြောင့် အနာရောဂါဖြစ်ကာသေရသည်။

၇။ သူတစ်ပါးရိုက်နှက် ပုတ်ခတ်မှုကြောင့် အနာရောဂါဖြစ်ကာ သေရသည်။

- ပဏ္ဍိတဝေဒနိဿကျမ်းစာ၊
- ရာဂန္တရဒီပနီ၊
- အာဟာရဒီပနီ။

## သေဓါနိးကာလ ဖြစ်ပေါ်သောကံများ

၁။ ဂရုကံ = တစ်ပါးသော ကံများက မတားမြစ်နိုင်ဘဲ သေသည်၏ အခြားမဲ့၌မုချအကျိုးပေးမည့်

အလွန်အပြစ်ကြီးသော၊အလွန် အာနုဘော်ကြီးသောကံသည် ဂရုကံဖြစ်ပါသည်။

အကုသိုလ်ကံအဖို့၌ ပဉ္စာနန္တရိယကံဟု ဆိုအပ်သော

၁။ အမိကိုသတ်ခြင်း၊

၂။ အဖကိုသတ်ခြင်း၊

၃။ ရဟန္တာကိုသတ်ခြင်း၊

၄။ ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုခြင်း၊

၅။ သံဃာကိုသင်းခွဲခြင်း။

ဟူသော ပဉ္စာနန္တရိယကံကို ကျူးလွန်သောသူသည် ဂရုကံကို ပြုသောသူများဖြစ်၍ သေသည် အခြားမဲ့၌ ငရဲစသော အကုသိုလ်အကျိုးကို မုချပေး၍ ခံစားရမည်သာဖြစ်သည်။

ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကုသိုလ်များသည် ဂရုကံမည်ပါသည်။ သေသည် အခြားမဲ့၌ အကုသိုလ်အကျိုးကို မုချပေး၍ ခံစားရမည်သာ ဖြစ်သည်။

ထိုတွင် မဟဂ္ဂုတ်ကုသိုလ်သည် တစ်ခါတစ်ရံ မေ့လျော့မှုကြောင့်လည်းကောင်း၊ နီဝရဏတရား ထပ်မံဖြစ်ပေါ်မှုကြောင့်လည်းကောင်း၊ နီဝရဏတရား ပိတ်ပင်ဟန့်တားမှုကြောင့်လည်းကောင်း၊ အကျိုးမပေးဘဲ အဟောသိကံဖြစ်နိုင်သေးသည်။ လောကုတ္တရာကုသိုလ်ဟု ဆိုအပ်သော မဂ်ရောက် ဖိုလ်ရောက်နေသော ပုဂ္ဂိုလ်သည်ကား အဟောသိကံ မဖြစ်တော့ဘဲ မုချဆက်ဆက် အကျိုးပေးလေသည်။

ကမ္ဘာကျော်စာပေ

၂။ အာသန္နကံ = ရှေးအခါက ပြုပြီး၍ သေခါနီးအခါ၌ အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ်ကံသည် လည်းကောင်း၊ သေခါ နီး၌ ပြုအပ်သော ကုသိုလ်, အကုသိုလ်ကံ သည်လည်းကောင်း အာသန္နကံ ဖြစ်ပါ သည်။

ကုသိုလ်အရာ၌ သောဏမထေရ်ဖခင် မုဆိုးအိုသည် ငရဲနိမိတ် ထင်လာမှ သားက ပန်းလှူပေးသဖြင့် နတ်သမီး နတ်ဗိမာန်အာရုံ ထင်လာ ခြင်းမျိုးဖြစ်သော ကံဖြစ်သည်။

အကုသိုလ်အရာ၌ မဟာသောကမင်းကြီးသည် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် ကုသိုလ် ပြုခဲ့သော်လည်း သေခါနီးကာလ၀ယ် ပစ္စည်းအာရုံဇော စောမိသည့် အတွက် မြွေပြိတ္တာဖြစ်ရခြင်းမျိုး၊ ရဟန်းတစ်ပါးသည် ရဟန်းတရားကို မြဲစွာ အားထုတ်ခဲ့ပါလျက် သေခါနီး၀ယ် နှမလှူသောသင်္ကန်းကို အာရုံစွဲမိသဖြင့် သင်္ကန်း၌ သန်းဖြစ်ခဲ့ရခြင်းများသည် အာသန္နကံအကျိုးပေးခြင်း ဖြစ်ပါ သည်။

ဤသည်မှာ မုဆိုးအလုပ်ဖြင့် အသက်မွေးခြင်းဟူသော အကုသိုလ် အာစိဏ္ဏကံမှ အမြဲမပြတ် လေ့ကျင့်အပ်သော ကံရှိသော ပုဂ္ဂိုလ် သည် ဘုရား၌ ပန်းလှူခြင်း၊ ကြည်ညိုစိတ်ထားခြင်းဟူသော ကုသိုလ်ဖြစ် သော အနီးကပ် အာသိန္နကံကြောင့် နတ်ပြည်သို့သွားရသည်။

ဥစ္စာပစ္စည်းပေါင်း ကုဋေပေါင်းများစွာ လှူခဲ့ခြင်း၊ သာသနာပြုခြင်း စသော ကုသိုလ်အာစိဏ္ဏကံ များခဲ့သော ဓမ္မာသောကမင်းကြီးသည် သေခါနီး ကာလဝယ် ပစ္စည်းဇော စောမိခြင်းဟူသော အကုသိုလ်အာသန္နကံကြောင့် မြွေပြိတ္တာဖြစ်ရခြင်း၊ ရဟန်းတရားများကို ပွားစည်းခဲ့သော ကုသိုလ်အာစိဏ္ဏကံရှိခဲ့သော ရဟန်းသည် သေခါနီးကာလဝယ် နှမလှူသောသင်္ကန်းကို အာရုံစွဲမိခြင်း အကုသိုလ်အာသန္နကံကြောင့် သန်းဖြစ်ရခြင်းတို့သည် အနီးကပ်ပြုအပ်သော အာသန္နကံ အစွမ်းများပင် ဖြစ်ပါသည်။

အာသန္နကံ၊ အာစိဏ္ဏကံ နှစ်ပါးတို့သည် အားတူအားမျှ ဖြစ်ကြကုန်လျှင် အာသန္နကံကသာ ရှေးဦးစွာ အကျိုးပေးသည်။

ဥပမာ - နွားအပေါင်းနှင့် ပြည့်စုံသော ခြံ၏တံခါးကို ဖွင့်သည်ရှိသော် နောက်အဖို့၌ ဆုံးမအပ်သောနွား၊ အားရှိသောနွားတို့သည် ရှိကုန်သော်လည်း အကြင်နွားသည် ခြံတံခါးအနီး၌တည်၏၊ အယုတ်အားဖြင့် နွားအိုကြီးသည် ခြံတံခါးအနီး၌တည်၏။ ထိုနွားအိုကြီးသည်သာ ရှေးဦးစွာ ထွက်လာသကဲ့သို့ ထို့အတူ ဂရုကံမှတစ်ပါး ကုန်သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် ရှိကုန်သော်လည်း သေခါနီးကာလ၏ နီးသည် အဖြစ်ကြောင့် အာသန္နကံသည်သာလျှင် ရှေးဦးစွာ အကျိုးပေးသည်။

၃။ အာစိဏ္ဏကံ ႏ ဝါသနာစရိုက် အစုံလိုက်၍ နေ့ ရှည်လများ ကာလလျားအောင်ပွားများပြုလုပ်အပ်သော ဒါန၊သီလ၊ဘာဝနာ စသော ကုသိုလ်ကံမျိုး၊

ကမ္မာကျော်စာပေ

သူ့အသက်သတ်ခြင်း စသော အကုသိုလ် ကံမျိုးသည် အာစိဏ္ဏကံ မည်ပါသည်။ တစ်ကြိမ်ပင် ပြုအပ်ဖူးသော်လည်း ထိုပြုမိသည်ကို အထပ်ထပ်သတိရကာ ဝမ်းမြောက်မှုကို ဖြစ်စေတတ်သော ကံမျိုးသည်လည်းကောင်း၊ နောက်တစ်ဖန် ပူပန်မှုကို ဖြစ်စေတတ်သောကံမျိုးသည်လည်းကောင်း၊ အာစိဏ္ဏကံမည်ပါသည်။

၄။ ကဋတ္တာကံ = ဂရုကံစသော ကံသုံးပါးမှ တစ်ပါး တစ်ပါးသောပြုကာမျှဖြစ်သော ပဋိသန္ဓေအကျိုးကို ပေးနိုင်သောကံသည် ကဋတ္တာကံ မည်ပါသည်။

ဤသို့ အကျိုးအလှည့်ပေးရာ ကံလေးပါးရှိရာ၌ ဂရုကံသည် ခပ်သိမ်းသော ကံတို့၏ ရှေးဦးစွာ အကျိုးပေး၏။ ဂရုကံမရှိသော် အာသန္နကံ အကျိုးပေးသည်။ ထိုအာသန္နကံမရှိသော် အာစိဏ္ဏကံသည် အကျိုးပေး၏။ အာစိဏ္ဏကံမရှိလတ်သော် ကဋတ္တာကံ အကျိုးပေးသည်။

## သေခါနီးအာရုံများ

သတ္တဝါတို့ သေခါနီးကာလဝယ် ဘဝကူးပြောင်းရေးအတွက် အာရုံဇောများစောကြသည်။ အာရုံနိမိတ်များထင်ကြသည်။ ဤသို့ အာရုံ

ဇော စောရာဝယ် မည်သို့မည်ပုံစွဲလမ်းပြီး စောသည်ကို ကျမ်းဂန်အသီးသီး၌ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဗာလပဏ္ဍိတသုတ္တန်တွင် သေခါနီး အာရုံစွဲလမ်းမှုနှင့် ပတ်သက်၍ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်။

အကြင် သေခါနီးသောသူအား ရှေးအခါက ပြုခဲ့ဖူးကုန်သော အကြင်ကုသိုလ်ကံ အကုသိုလ်ကံတို့သည် ထင်ရှားရှိကုန်၏။ ထိုသူ၏ ကုသိုလ်. အကုသိုလ်ကံတို့သည် စိတ်အစဉ်ကို မိမိ၌ ညွတ်အောင် ဆွဲဆောင်နိုင်ကုန်၏။ အလွန်အလွန် ညွတ်အောင် ဆွဲဆောင် နိုင်ကုန်၏။ တည့်တည့်ညွတ်အောင် ဆွဲဆောင်နိုင်ကုန်၏။

ထိုနည်းတူ တိကင်္ဂုတ္တရ၌လည်း သေခါနီး ပုဂ္ဂိုလ်၏ အာရုံဇောစောမှုနှင့် ပတ်သက်၍ ဤသို့ ဖော်ညွှန်းထားသည်ကို တွေ့ရပါသည်။

ညနေချမ်းအချိန်ကာလဝယ် ကြီးမားသော တောင်ထွတ်ကြီးတို့၏ အရိပ်ပမာကဲ့သို့ သေခါနီးကာလ ကပ်ရောက်၍နေသော သတ္တဝါ၏ စိတ်၌ အိပ်မက်.မက်၍ နေသကဲ့သို့ အကျိုးတရားကို ပေးခြင်းငှာ ခွင့်ပြုပြီး ဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံသည် (ထိုကုသိုလ်ကံ၊ အကုသိုလ်ကံ တို့၏ အမှတ်နိမိတ်သည်) လားရောက်ရန်ဂတိ၏ အမှတ်နိမိတ်သည် ရှေ့ ရှုကာ အမှန်မလွဲ အမြဲထင်မြင်လာကြရသည်သာလျှင်တည်း'

သေခြင်းလေးမျိုးတွင် တစ်ပါးပါးကြောင့် လူတစ်ယောက် သေရန်

အချိန်နီးကပ်လာလျှင် မသေမီ နာရီဝက်လောက်မှစ၍ စိတ်ကောင်း,ဇော ကောင်း ရရှိရန် အရေးကြီးလှပေသည်။

သေသည်တိုင်အောင် အကုသိုလ်ဇောများ စောနေလျှင်-ညွတ်နေလျှင် ဧကန်အပါယ်သို့ ကျရောက်တော့မည်။

သို့ဖြစ်၍ မြင်းအပြေးပြိုင်ရာတွင် ပန်းဝင်ခါနီး၌ အရေးကြီးဆုံးဖြစ်သကဲ့သို့ နောက်ထပ် တစ်ဖန် သတိကောင်းရရန် သေခါနီး၌ အရေးကြီးလှပေသည်။ ထိုသေခါနီး၌ စိတ်ကောင်းမကောင်းမှာလည်း ထိုအခါထင်လာသောအာရုံနှင့် သက်ဆိုင်လေသည်။

သေခါနီး၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဟူသော အာရုံသုံးမျိုးတွင် တစ်မျိုးမျိုး ထင်လာတတ်ပါသည်။

ကံ-ဆိုသည်မှာ ကုသိုလ်-အကုသိုလ် စေတနာဖြစ်ပါသည်။

ကမ္မနိမိတ်-ဆိုသည်မှာ ထိုကုသိုလ်-အကုသိုလ်ပြုစဉ်က တွေ့ကြုံသုံးစွဲခဲ့သော အရာဝတ္ထုများဖြစ်ကြပါသည်။

ဂတိနိမိတ်-ဆိုသည်မှာ သေပြီးနောက် ရောက်ရမည့် တွေ့ကြုံရမည့် အရာဝတ္ထုများဖြစ်ပါသည်။

## ကံအာရုံထင်လာပုံ

သေချိန်မရောက်ခင် စက္ကန့်အနည်းငယ်က ဖြစ်စေ၊ နာရီဝက်၊ တစ်နာရီ စသည့် ကွာခြားသောအခါက ဖြစ်စေ၊ ရက်ပေါင်း လပေါင်းများစွာ ကွာခြားသောအခါကဖြစ်စေ၊ ဘဝပေါင်း, ကမ္ဘာပေါင်းများစွာ

ကွာခြားသောအခါကဖြစ်စေ ပြုခဲ့သော ကံအမျိုးမျိုးသည် နောင်ဘဝသစ်တွင် ပဋိသန္ဓေအကျိုးပေးခွင့် ကြုံလာလျှင် သေခါနီး လောလောဆယ် ထင်လာတတ်သည်။

ထိုသို့ ထင်လာရာဝယ် ရှေးက ဒါန, သီလ စသော ကုသိုလ်ကံဖြစ်လျှင် ထိုကံကို ပြန်၍ အမှတ်ရသောအားဖြင့် ထင်လာခြင်း၊ ယခုလောလောဆယ် လှူနေရသလို ဥပုသ်စောင့်နေရသလို အိပ်မက် မက်သလို အနေဖြင့် ထင်လာခြင်းနှစ်မျိုးရှိသည်။

အကုသိုလ်ကံများတွင်လည်း ပါဏာတိပါတမှု (သူ့အသက်သတ်ခြင်းအမှု) ဖြစ်လျှင် ထိုကံကို ပြန်၍ အမှတ်ရခြင်းတစ်မျိုး၊ ယခုပင် သတ်ဖြတ်၍ နေရသလို ထင်ခြင်းမျိုးဟု နှစ်မျိုးရှိလေသည်။

ဤနည်းအတိုင်းပင် အခြားသော ကုသိုလ်ကံ အကုသိုလ်ကံများသည်လည်း ထင်လာတတ်ပေသည်။

## ကမ္မနိမိတ်အာရုံ ထင်လာပုံ

အကုသိုလ်ကံပြုခဲ့သူတို့မှာ သူ့အသက်သတ်ခြင်းဖြစ်လျှင် သတ်ဖြတ်စဉ်အခါက အသုံးပြုခဲ့သော ဓား၊ တုတ်၊ သေနတ်၊ ပိုက်ကွန်၊ လေး၊ မြား၊ လှံစသော လက်နက်များ ထင်လာတတ်သည်။ နွား၊ ဝက် စသည် သတ်သူတစ်ယောက်ဖြစ်ကား နွား ဝက်များကို သတ်ပြီးနောက် အသားတွေခွာ၍ စုပုံထားသော အရိုးပုံကြီး ထင်လာတတ်သည်။ သူတစ်ပါးဥစ္စာ ခိုးယူမှု၊ သူတစ်ပါး သားမယားပြစ်မှားသူစသော ဒုစရိုက်ပြုခဲ့ကြသူများလည်း

ထိုမကောင်းမှုနှင့်ဆိုင်သော အာရုံများ ထင်လာတတ်ပါသည်။

ကုသိုလ်ကံပြုသူတို့မှာလည်း ဒါနပြုရာ၌ ကျောင်းဆောက်၊ ဘုရားတည်သူဖြစ်လျှင်၊ ကိုးကွယ်သူ ဖြစ်လျှင် ကျောင်းအာရုံ၊ ဘုရားအာရုံ၊ ကျောင်းနှင့်စပ်၍ လှူခဲ့သော ဆွမ်း , သင်္ကန်း, ဆေးစသော အာရုံ၊ ပန်း, ဆီမီးစသော အာရုံများ ထင်လာတတ်သည်။ ဥပုသ်စောင့်ခဲ့သူ (ကမ္မဋ္ဌာန်းထိုင်ခဲ့သူ) ဖြစ်လျှင် ဥပုသ်နှင့် စပ်ဆိုင်သော စိတ်ပုတီး၊ စင်ကြယ်သော အဝတ်အစား၊ ကမ္မဋ္ဌာန်းကျောင်း၊ စိတ်ပုတီးစိပ်ရာ သစ်ပင်ရိပ် စသော နေရာများ ထင်လာတတ်ပါသည်။ အပစာယန ဝေယျာဝစ္စ စသော ကုသိုလ်များ၏ အာရုံများသည်လည်း ထင်လာတတ်ပါသည်။

## ဂတိနိမိတ်အာရုံ ထင်လာပုံ

သေခါနီးဘဝသစ်ဝယ် တွေ့ကြုံရမည့် အာရုံများသည် တင်ကြို၍ ထင်လာတတ်သည်။ နတ်ပြည်သို့ ရောက်မည့်သူဖြစ်လျှင် နတ်သမီးများ၊ နတ်ဘုံဗိမာန်ဥယျာဉ် စသည်များ ထင်လာတတ်ပါသည်။

လူ့ပြည်သို့ ရောက်မည့်သူဖြစ်လျှင် အမိဝမ်းရေ၏ နီနီရဲရဲ အဆင်း ထင်လာတတ်ပါသည်။

ငရဲသွားရမည်ဖြစ်လျှင် ငရဲမီး၊ ငရဲထိန်း၊ ခွေးနက်ကြီး စသည် ထင်လာတတ်ပါသည်။

ပြိတ္တာဖြစ်မည့်သူ ဖြစ်လျှင် တောကြီး တောင်ကြီး မြစ်ရေ သမုဒ္ဒရာကမ်း စသည်ဖြင့် မိမိနေထိုင်ရမည့် အရပ်ဒေသအလိုက် ထင်လာ

တတ်သည်။

## သေခါနီး မျက်နှာအနေအထား မှန်းဆပွယ်

သေခါနီး မျက်နှာအနေအထား ကြည့်ပါက ကြည်ကြည်လင်လင်ရှိလျှင် အာရုံကောင်းထင်နေပြီး ဖြစ်၍ သုဂတိသို့ သွားရလိမ့်မည်ဟု မှန်းဆနိုင်ပါသည်။ မျက်နှာအနေအထားညှိုးလျှင် (သို့မဟုတ် ကြမ်းတမ်းသောအမူအရာဖြစ်နေလျှင်) မကောင်းသော အာရုံထင်နေပြီး ဖြစ်၍ ဧကန်မုချဒုဂ္ဂတိသို့ သွားရတော့မည်ဟု ယူဆနိုင်ပါသည်။

တချို့က ရှေးကခံစားခဲ့သော ကာမဂုဏ်ကြောင့် ပြုံးနေပေလိမ့်မည်။ ထိုအပြုံးကား ကောင်းသောအပြုံးမဟုတ်ပါ။

တချို့ သေခါနီး၌ ညင်ညင်သာသာမရှိဘဲ ပြောလား၊ ဆိုလား၊ ယောင်လား၊ ယမ်းလား လုပ်သည်။ ဥပမာ-သောဏမထေရ်၏ဖခင် မုဆိုးဘဝမှ ရဟန်းကြီးဖြစ်လာသူသည် သေခါနီးဝယ် ခွေးကြီးတွေက ကိုက်တော့မည် မာန်ထင်နေသဖြင့် " သားရဲ့ခြောက်ပါ ၊ ခြောက်ပါ" ဟုအော်ခဲ့သည် ၊ သားက ဖခင်ကြီး ငရဲနိမိတ်ထင်နေသည်ကို သိ၍ ဘုရား၌ပန်းလှူပြီး ဘုရားကို ကြည်ညို စေသောအခါ နတ်သမီးအာရုံများ မြင်ပြီး "သားရဲ့ နေရာဖယ်ပေးလိုက်ပါ ၊ သင့်မိထွေးတွေလာနေသည်" ဟုယောင်ယမ်းဆိုလေသည်။

## ဂတိနိမိတ် ထင်လာပုံတစ်မျိုး

တချို့ သေခါနီး လာရာဂတိ၌ တွေ့ကြုံရမည့်အရာ ဝတ္ထုတို့ကို တိုက်ရိုက်ပင် မျက်စိဖြင့် တွေ့မြင်ရလေသည်။

ဘုရားကျောင်း ဒါယကာ နန္ဒိယသူကြွယ်၏ ဇနီးရေဝတီသည် သဒ္ဓါတရားကင်းမဲ့သည်။ ရဟန်းသံဃာတော်များကို ဆဲရေးတတ်သည်။ နန္ဒိယသူကြွယ်က စောစွာ သေပြီး နတ်ပြည်၌ဖြစ်ပြီးနောက် ရေဝတီ သေချိန်ရောက်သော် ငရဲမှငရဲထိန်းနှစ်ယောက်သည် ရေဝတီကို အတင်း ဆွဲယူကာ နတ်ပြည်သို့ ခေါ်သွားကာ နန္ဒိယ၏ စည်းစိမ်ကို ပြပြီးမှ ဤ သို့ အတင်းဆွဲချသွားခဲ့သည်။

ဓမ္မိကဥပသကာသည် ဥပသကာပေါင်း များစွာကို ခေါ်ဆောင်၍ သူတော်ကောင်းအဖြစ်နေထိုင်သည်။ သေခါနီးသော် ရဟန်းတော်များ၏ တရားကို နားနေစဉ် နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်း ကောင်းကင်၌ တည်လျက် သူ့ရထားတင်မည်၊ ငါ့ရထားတင်မည်ဟု ပြော ဆိုနေသံကို မြင်လည်းမြင်သည်၊ ကြားလည်းကြားနေရသည်။ ထို့နောက် မကြာခင်သေ၍ တုသိတာနတ်ရထား၌ နတ်သားအဖြစ် ပါသွားလေသည်။

## ဘဝကူးပြောင်း ပဋိသန္ဓေစိတ်ဖြစ်ပုံ

သတ္တဝါတို့သည် (စုတိစိတ်) ဖြစ်ပြီးနောက် ဘဝသစ်ပဋိသန္ဓေ စိတ်ဖြစ်သည်။ စုတိ (သေစိတ်) နှင့်ပဋိသန္ဓေ (ဘဝသစ်) စိတ်တို့သည် ချက်ချင်း ဆက်ပါသည်။ စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့ အလယ်တွင် အချိန်

ကာလအကြားကလေးမျှ မခြားတော့ချေ ။ ဘဝသစ်ရောက်ဖို့ရာသည် ဤမျှမြန်လှပါသည်။

လူပြည်မှ စုတေသေ၍ နတ်ပြည်ရောက်သူ ဖြစ်ဖြစ်၊ငရဲ ရောက်သူ ဖြစ်ဖြစ် သေပြီးသည်နှင့် တစ်ပြင်နက်ပဋိသန္ဓေစိတ် ဆက်ကာ ဆိုင်ရာဘဝသစ်၌ ခန္ဓာအသစ်ထူထောင်မိလေမည်သာ ဖြစ်သည်။

## သေခါနီးဘဝကံနှင့် ဆရာတော်များအဖြေ

ကံသည် သတ္တဝါတိုင်း ယုတ်ညံ့သောအဖြစ်-မြင့်မြတ်သောအဖြစ် အစရှိသည်၏ ထူးသောအကြောင်း ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အကြင် ယုတ်သည်၏အဖြစ် မြတ်သည်၏ အဖြစ်သည်ရှိ၏။ ထိုအဖြစ်ဖြင့် ကံသည် သတ္တဝါတို့ကို ဝေဖန်၏။

(ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ ပညာဘူမိနဒ္ဒေသ)

သေခါနီးပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ကံတရားကစိမ်ခြယ်လှယ် ဖန်တီးပုံနှင့် ပတ်သက်၍ စိတ္တဇဆေးရုံဆရာဝန်ကြီး ဦးနေဝင်း၏အမေးကို အရှင်ဇနကာဘိဝံသက 'သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာအဖြေ' စာအုပ်တွင် အောက်ပါအတိုင်း ဖြေထားသည်ကို တွေ့ရပါသည်။

'သေခါနီးရောက်သွားပြီ။ ကံသတ္တိမပါဘူးလား၊ ပါတယ်နော်၊ သတ္တိတွေ ပါနေပြီ သေခါနီးကို အင်မတန်ကပ်နေပြီ၊ လက်ဖျောက်တစ်ချက်တီးက ကုဋေတစ်သိန်းလို့ဆိုတာ လက်ဖျောက်တစ်ချက်

တီးတော့ မကသေးဘူး၊ ကပ်တော့ကပ်နေပြီ၊ ကံရဲ့ကမ္မသတ္တိတွေက ပါနေပြီ၊ ဒီတော့ သေခါနီးကို ခုနက လက်ဖျောက်တီးတာလောက် လိုတဲ့ အချိန်မှာ ပတ်ဝန်းကျင်က ဆွေမျိုးတွေကငိုကြတယ်၊ ငိုသံတွေ သူ့နားထဲနည်းနည်းဝင်လာတယ်၊ အသံ လေးဝင်လာတော့ သူ့စိတ် ထဲ ဆွေမျိုးတွေကို နည်းနည်းကလေး ငဲ့စောင်း တဲ့စိတ်တွေ မဖြစ်ပေ ဘူးလား၊ ဖြစ်တယ်နော်၊ အဲဒီအချိန်မှာ ခုနက(ကံ) သတ္တိတွေလိုက် လာလျက်နော်။

'ကံတွေကအမျိုးမျိုး အကောင်းတွေလဲပါတယ်၊ မကောင်း တာတွေလဲ ပါမယ်။ အဲဒီအချိန်ကလေးမှာ ကောင်းတဲ့ကံတွေကလဲ အကျိုးပေးမလို့ အဖော်ကောင်းအောင် စောင့်နေတယ်၊ ဒီတော့ သေတော့မယ်၊ လောလောဆယ် ဆွေတွေမျိုးတွေရဲ့ ငိုသံကလေး ကြားလိုက်တော့ စိတ်ကအဲဒီထဲ ဝင်စားလိုက်တာ၊ တစ်ခါတည်း ဝင်စားပြီးတော့လည်းလာရော ဆွေမျိုးသံယောဇဉ်က ဦးဆောင် သွားတာဖြစ်တော့ မကောင်းတဲ့ကံကလည်း အနားမှာရှိနေတော့- ဖြစ်နေတော့ မကောင်းတဲ့ကံက အကျိုးပေးလိုက်တာ တစ္ဆေဖြစ် သွားတယ်။

'စုတိစိတ်ရဲ့ ရှေ့နားက ထင်တဲ့အာရုံအလိုက်ကံက အကျိုးပေး ရတာ၊ ဒီတော့ ကံတွေကလိုက်လာတယ်၊ ထင်လာတဲ့အာရုံအတိုင်း အကျိုးပေးတယ်။

'ဘာဖြစ်လို့ အနားကပ်နေတဲ့ကံက အကျိုးပေးတာလဲ၊ နွားခြံ

မှာနွားတွေ ဘယ်လောက်များနေပေမယ့် နွားအိုကြီးပင်ဖြစ်ဖြစ်၊ ခြံတံခါးဝမှာ ကပ်နေတဲ့နွားက ထိုခြံတံခါးကို ဖွင့်လိုက်တာနှင့် အလျင်ဆုံးထွက်လာတာပဲ၊ ခုလဲ ကံတွေအမျိုးမျိုးမှာ သေလောက်သောဘဝမှာ ကပ်နေတဲ့ကံက အကျိုးပေးတာပဲ။

'ဒါကြောင့်မို့လို့ ဗုဒ္ဓဘာသာရဲ့ ပညာရပ်ကသေခါနီးနော်၊ သေခါနီးဘေးက အပေါင်းအဖော်တွေ ကောင်းဖို့လိုတယ်နော်၊ သေခါနီးနော်၊ ဘေးကစကားပြောတွေကို လိုတယ်နော်၊ မငိုကြနှင့်နော်၊ သူ့ဆီကိုမသွား ကြနဲ့နော်၊ ဒီလိုသိပ်ပြီးတော့ သတိပေး နေတဲ့ ဥစ္စာဟာ အဲဒီအမှားအယွင်း တွေဖြစ်ပြီး မကောင်းတဲ့ကံတွေ အခွင့်ရမှာစိုးလို့'

ဆရာတော် အရှင်ဇနကာဘိဝံသသည် ဒကာ၊ ဒကာမများ သေခါနီးတွင် သေသူအယူမလွဲသွားစေရန် ဘေးလူများက အထူးသတိထားပြီး ကူညီစောင့်ရှောက်တတ်ဖို့လိုကြောင်း အထက်ပါအတိုင်း ဆုံးမခဲ့သည်ကို တွေ့ရပါသည်။

သေပြီးသူများ နောက်ဘဝအခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ သေခါနီးမှာ အကျိုးပေးပုံနှင့် ပတ်သက်၍လည်းကောင်း မဟာစည်ဆရာတော်ဘုရားကြီး၏ အင်ဒိုနီးရှားသို့ သာသနာပြုကြွစဉ် အင်ဒိုနီးရှားဒါယကာတစ်ဦးကမေး၍ ဆရာတော်က ဖြေကြားပုံမှာလည်း ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အဖို့ သေနည်းနှင့်ပတ်သက်သော သဘောကိုကောင်းစွာသဘောပေါက်နိုင်ပါသည်။

မေး။ ။ လူ့ဘဝသေပြီးတဲ့နောက်မှာ တစ်ဖန်ဘဝသစ်ဖြစ်တယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ။ ။ လောဘ,ဒေါသစတဲ့ ကိလေသာမကင်းသေးတဲ့သူဟာ သေပြီးတဲ့နောက်မှာ ဘဝသစ်ဖြစ်ရတယ်၊ ဖြစ်ပုံကတော့ စိတ်ဆိုတာ ရုပ်ကိုမှီပြီးတော့ တစ်ခုပြီးတစ်ခု မပြတ်ဖြစ်နေတယ်။ ဓာတ်မီးလုံးထဲမှာ လျှပ်စစ်ဓာတ်အားတွေ အသစ်အသစ်လာပြီး လင်းနေသလိုပါပဲ၊ အကယ်၍ ဗတ်သီး(မီးလုံး)က ပျက်သွားလျှင် အဲဒီဗတ်သီးထဲမှာ မီးမလင်းတော့ဘူး၊ ဒါပေမယ့် ဓာတ်ကြိုးထဲမှာ ဓာတ်အားကတော့ ရှိနေလျက်ပါပဲ၊ အဲဒီပျက်နေတဲ့မီးလုံးကို ဖယ်ရှားပြီး ဓာတ်မီးလုံးအသစ်ကို ထည့်ပေးလိုက်လျှင် အဲဒီမီးလုံးအသစ်ထဲမှာ မီးဟာယခင်ကလို လင်းမြဲလင်းနေပြန်ပါတယ်။ ဒီလိုပဲ ရုပ်ကိုယ်အလောင်းက ပျက်သွားတဲ့ အခါမှာ စိတ်ကအဲဒီကိုယ်ထဲမှာ မဖြစ်နိုင်တော့ဘူး။ အဲဒါကို သေ တယ်လို့ခေါ်ကြတယ်။ ဒါပေမယ့် စိတ်ကတော့ လုံးလုံး ပျောက်သွားတာမဟုတ်ဘူး၊ တခြားကိုယ်, ရုပ်အသစ်ထဲမှာ ထပ်ဖြစ်သွားပြန်တယ်။ ဗတ်သီးသစ်ထဲမှာ မီးလင်းမြဲလင်းနေသလိုပါပဲ။

ဆက်လက်ပြီး ဖြစ်ပုံက ဘယ်လိုလဲဆိုရင် စိတ်ဆိုတာ အာရုံတစ်ခုခုကို စွဲလမ်းပြီး မပြတ်ဖြစ်နေမယ်၊ အာရုံကို လုံးလုံး စွန့်လွှတ်မေ့ပျောက်မပစ်နိုင်ဘူး၊ သစ်ပင်ပေါ်ကမျောက်ဟာ

သစ်ကိုင်းကို လုံးလုံးစွန့်လွှတ်မထားနိုင်သလိုပါ။ ဒါကြောင့် သေခါနီးမှာ ကိုယ်ပြုခဲ့တဲ့ အမှုကိစ္စတစ်ခုခုကို စွဲလမ်းနေရင်းနှင့် သေသွားတယ်၊ သေတယ်ဆိုတာကလဲ လက်ရှိရုပ်အလောင်းထဲမှာ စိတ်အသစ်မဖြစ်ပေါ်လာတော့ပဲ၊ ပြတ်စဲသွားတာကို ခေါ်ပါတယ်၊ ဒီလိုပြတ်စဲသွားတဲ့အခါမှာ သေခါနီးမှာ စွဲလမ်းခဲ့တဲ့အာရုံကိုပဲ စွဲပြီးတော့ ရုပ်ကိုယ်အသစ်ထဲမှာ စိတ်အသစ် ဖြစ်ပေါ်လာတာပါပဲ၊ အဲဒါကို ဘဝအသစ်ဖြစ်တယ်လို့ ခေါ်ပါတယ်။

ဥပမာ အိမ်မက်ထဲက စွဲလာတဲ့အာရုံကို နိုးလာသည့်တိုင်အောင် မပျောက်ဘဲ စွဲလမ်းနေတာနှင့်တူပါတယ်။ အလှူပေးခြင်းစသော ကောင်းမှုကိုစွဲလမ်းပြီး သေခဲ့လျှင် မြင့်မြတ်တဲ့ဘဝမှာ ဖြစ်ပါတယ်၊ သတ်ဖြတ်ခြင်းစသော မကောင်းမှုကိုစွဲလမ်းပြီး သေလာခဲ့လျှင် ယုတ်ညံ့တဲ့ဘဝမှာ ဖြစ်ရပါတယ်၊ ဒီလိုဖြစ်တာကို ကုသိုလ်ကံက မကောင်းကျိုးပေးတယ်လို့ခေါ်တယ်၊ ကံဆိုတာ ပြုမှုပဲ၊ ပြုမှုရှိလျှင် တန်ပြန်မှုရှိတယ်၊ တောအုပ်ထဲမှာဖြစ်စေ၊ လိုဏ်ခေါင်းထဲမှာဖြစ်စေ 'ဟေး'ဟု အော်လိုက်ရင် အဝေးကနေ 'ဟေး'ဆိုတဲ့ ပဲ့တင်သံပြန်လာတယ်၊ မြေကြီးပေါ်ကို ဘောလုံးပေါက်လိုက်ရင် အထက်ကိုပြန်တက်လာတယ်၊ တစ်စုံတစ်ခုကို ရိုက်လိုက်ရင် အရိုက်ခံရတဲ့ အရာဝတ္ထုက အသံမြည်လာတယ်၊ ဒါတွေဟာ တန်ပြန်မှုတွေပါပဲ။

အခါးမျိုးစိုက်ရင် အခါးသီးသီးတယ်၊ အချိုမျိုးစေ့ကို စိုက်လျှင် အချိုသီးသီးတယ်၊ ခွေးကိုခဲနှင့်ပေါက်လျှင် အဲဒီခွေးက ပြန်ဟောင်တယ်၊ ခွေးကိုချိုချိုသာသာခေါ်ပြီးကျွေးလျှင် အဲဒီခွေးက အမြီးနှံ့ပြီး အရိုအသေပြုတယ်၊ လူတစ်ယောက်ကို ဆဲလိုက်လျှင် အဲဒီလူကပြန်ဆဲတတ်တယ်၊ ပြုံးရွှင်ပြီး ချိုချိုသာသာ နှုတ်ဆက်လျှင် အဲဒီလူက ပြုံးပြုံးရွှင်ရွှင် ပြန်ပြီးနှုတ်ဆက်တယ်၊ ဒါတွေဟာ တန်ပြန်လာတဲ့ အကျိုးတွေပဲ။

ထို့အတူ ကောင်းသောပြုမှုရှိလျှင် ကောင်းသောဘဝအကျိုး တန်ပြန်လာတယ်၊ မကောင်းသောပြုမှုရှိလျှင် မကောင်းသော ဘဝအကျိုးတန်ပြန်လာတယ်၊ ဒီနည်းဖြင့် သတ္တဝါတွေဟာ ကိလေသာမကင်းလေသမျှ ကာလပတ်လုံး တစ်ဘဝက သေပြီးလျှင် တခြားဘဝမှာ မိမိပြုထားတဲ့ အမှုကံအားလျော်စွာ အသစ်ဖြစ်ဖြစ်သွားပါတယ်။

ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်ပြီး ရဟန္တာဖြစ်သွားတဲ့ အခါမှသာ ကိလေသာတွေ လုံးဝကင်းစင်သွားတယ်၊ အဲဒီလို ကိလေသာတွေ လုံးလုံးကင်းစင်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေမှာတော့ ပရိနိဗ္ဗာန်စံသည့် အခြားမဲ့မှာတော့ ဘဝအသစ် မဖြစ်ရတော့ဘဲ အစဉ်ထာဝရ ငြိမ်းသွားတယ်။

မေး။ ။ နောက်ဘဝ ဘယ်ဖြစ်မယ်ဆိုတာ သိပါသလား။

ဖြေ။ ။ ဘယ်မှာဖြစ်မယ်ဆိုတာကိုတော့ အတိအကျ မသိပါဘူး၊ ဒါ

ပေမယ့် ဗုဒ္ဓဘာသာတရားတော်အရ ကိလေသာမကင်းသေးလျှင် ဘဝသစ်ဖြစ်ဦးမယ်လို့ ပြောနိုင်တယ်၊ သီဟိုဠ်မှာလဲဖြစ်တယ်၊ မြန်မာပြည်မှာလဲ ဖြစ်နိုင်တယ်၊ အင်ဒိုနီးရှားမှာလဲ ဖြစ်နိုင်တယ်၊ အမေရိကန်မှာလဲ ဖြစ်နိုင်တယ်၊ ဗုဒ္ဓဘာသာတရားတော်အရ ဘယ်နိုင်ငံကလူမျိုး ဖြစ်ဖြစ်၊ ဘယ်ဘာသာအယူရှိတဲ့လူပဲဖြစ်ဖြစ် ကောင်းမှုကုသိုလ်ကံရှိလျှင် ကိုယ်ဖြစ်လိုရာအရပ်မှာ ဖြစ်တယ်။

## အိုကြီးအိုလတ်မှန်သမျှ ကွဲသကဲ့သို့

ဤလောကကြီးဝယ် သတ္တဝါတို့၏အသက်သည် အမှတ်အသားမရှိ ဤသတ္တဝါကား မည်မျှအသက်ရှည်လိမ့်မည်ဟု မသိနိုင်ပါ။

ထိုအသက်သည် -

- ထွက်သက်
- ဝင်သက်
- မဟာဘုတ်လေးပါး
- ထမင်းဟင်းစသော အစာအဟာရ
- ကမ္ဘလတေဇောဓာတ်
- ဝိညာဉ်

ဤခြောက်ပါးသော အကြောင်းတို့နှင့်စပ်၍ ဖြစ်သောကြောင့် ခဲယဉ်းငြိုငြင်စွာ စောင့်ရှောက်မှုတစေရသည်။

## အကြောင်းခြောက်ပါးနှင့် ဆက်စပ်ပုံ

ထိုတွင် ထွက်သက်ချုပ်သော်လည်းကောင်း၊ ဝင်သက်ချုပ်သော်လည်းကောင်း သတ္တဝါတို့ သေကြရသည်။ ဓာတ်လေးပါးညီညွတ်မျှတလျှင် အသက်ရှည်၍ ဓာတ်လေးပါးတို့တွင် တစ်ပါးတပါးပျက်ခြင်း သေကြရ၏။

မြွေကိုက်အပ်သောကိုယ်သည် ကြမ်းတမ်းခက်မာခြင်းရှိသကဲ့သို့ ပထဝီဓာတ်ပျက်လျှင် ကြမ်းတမ်းခက်မာခြင်းသဘော ရောက်၏။

မြွေကိုက်အပ်သောကိုယ်သည် ပုပ်သကဲ့သို့ အာပေါဓာတ်ပျက်လျှင် ကိုယ်သည် ပုပ်ခြင်းသို့ရောက်၏။

မြွေကိုက်အပ်သောကိုယ်သည် လောလောပူလောင်သကဲ့သို့ တေဇောဓာတ်ပျက်လျှင် ကိုယ်သည် ပူပန်ခြင်းသဘောရောက်၏။

မြွေကိုက်အပ်သောကိုယ်သည် အပိုင်းပိုင်းပြတ်သကဲ့သို့ ဝါယောဓာတ်ပျက်လျှင် ကိုယ်သည် အပိုင်းပိုင်းဖြစ်၏။

ငတ်မွတ်ခေါင်းပါးခြင်းဘေးသို့ ရောက်သောအခါ ထမင်းစသောအာဟာရပြတ်လျှင် သတ္တဝါတို့သေကြေကြရသည်။ စားတိုင်း၊ မျိုးတိုင်း၊ခဲတိုင်း၊ လျက်တိုင်းသော ထမင်းစသော အစာအာဟာရတို့ကို ကြေကျက်စေသော ကမ္မဇတေဇောကုန်လျှင် သတ္တဝါတို့ သေကြရ၏။

ဝိညာဉ်ရှိလျှင် အသက်ရှင်၍ ဝိညာဉ်ချုပ်လျှင် သတ္တဝါတို့ သေကြရ၏။

လူတို့၏အသက်သည် နတ်တို့၏အသက်နှင့်စာသော် သမန်းမြက်ဖျား၌ ထင်နေသော ဆီးနှင်းပေါက်မျှရှိ၍ အလွန်နည်းလှ၊ တိုတောင်းလှ၏။ ထိုတိုတောင်းလှသော အသက်သည်လည်း အချမ်းအပူနှိပ်စက်ခြင်း၊ မှက်၊

ခြင်း, ယင်စသည်တို့ကိုက်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းစသော ဆင်းရဲဒုက္ခအပေါင်းတို့နှင့် ရောပြွမ်းနေသည်။

သတ္တဝါတို့သေခြင်းကားမမြဲ၊ အမိဝမ်းတွင်းမှလည်းကောင်း၊ ဖွားပြီးမှလည်းကောင်း၊ ထိုင်နိုင်သွားနိုင်သော အမှတ်မရှိသော ကာလ၌ပင် သေခြင်းသို့ ရောက်ရသည်။

သစ်ပင်တို့မည်သည် ပထဝီရသ၊ အာပေါရသနှစ်ပါးကိုမှီ၍ စည်ကားကြီးပွားခြင်းသို့ ရောက်သကဲ့သို့ နေထွက်ပေါ်လာချိန် နေ၏အပူဓာတ်လောင်မြိုက်၍ ပထဝီရသ၊ အာပေါရသနှစ်ပါးတို့သည် အရွက်မှအခက်၊ အခက်မှပင်စည်၊ ပင်စည်မှအမြစ်၊ အမြစ်မှမြေသို့ အစဉ်အတိုင်းဝင်လေသည်။

နေဝင်ချိန်တွင် ပထဝီရသ၊ အာပေါရသတို့သည် မြေမှအမြစ်၊ အမြစ်မှပင်စည်၊ ပင်စည်မှအခက်၊ အခက်မှအရွက်တိုင်အောင် အစဉ်အတိုင်းတက်ပြန်သည်။

ထိုမှတက်လာသော ပထဝီရသ၊ အာပေါရသတို့သည် မှည့်ရင့်သောအသီး၏အညာတို့ မဝင်တော့ပြီ၊ ထိုအခါ နေရောင်အပူဓာတ်ဖြင့် သီးညာရင်းကို လောင်မြိုက်သည်ရှိသော် သစ်သီးတို့သည် ကြွေကျသကဲ့သို့ ထိုအတူ ကံ, စိတ်, ဥတု, အာဟာရစသော အကြောင်းတို့ ပေါင်းစုပြုပြင်ခံရသော သတ္တဝါတို့၏ အသက်သည် အကြောင်းတရားတို့ ကုန်ပျက်ခြင်းကြောင့် သေဘေးကြီးသည် အစဉ်မပြတ် ဆိုက်ကပ်လျက်ရှိသည်။

အိုးလုပ်သူတို့ ပြုလုပ်အပ်သောအိုးသည် အစိမ်း၊ အကျက်၊ အကြီး,

အငယ်အလုံးစုံသော အိုးတို့သည် ကွဲပျက်ခြင်းအကျိုးရှိသကဲ့သို့ ငယ်သူ, ကြီးသူ၊ ပညာရှိသူ၊ ပညာမဲ့သူဟူ၍ တစ်ယောက်မကျန် အလုံးစုံသော သတ္တဝါတို့သည် သေမင်းနိုင်ငံသို့ လိုက်ပါရသည်။

(သုတ္တနိပါတ်-သလ္လသုတ်)

# အခန်း (၃)

## ယမမင်းစစ်ဆေးသော ဒေသမင်းတမန်သုံးဦး

ဤလောကဝယ် အချို့သောသူတို့သည် ကိုယ်,နှုတ်,စိတ် သုံးပါးဖြင့် ကောင်းမှုတို့ကို ပြုလုပ်ကြသည်။ ထိုသူတို့သည် သေသည်နောက်ဝယ် ချမ်းသာကင်းရာ ငရဲသို့ ကျရောက်ရလေသည်။

ထိုသူကို ငရဲထိန်းတို့သည် အသီးသီးလက်မောင်း၌ ဆွဲကိုင်ပြီး ယမမင်းထံ ခေါ်ဆောင်ကာ ပြသကြသည်။

'မင်းမြတ်၊ ဤသူသည် မိဘတို့၌ သားသမီးကျင့်ဝတ်ကို ချွတ်ယွင်း၏၊ သမဏ, ဗြဟ္မဏတို့၌ လူတို့ကျင့်ရမည့် ကျင့်ဝတ်ကို ချွတ်ယွင်း၏၊ အမျိုး၌ ကြီးသော အဘိုး၊ အဘွား၊ ဦးကြီး၊ ဦးလေးစသည်တို့ကို အရိုအသေမပြု၊ မင်းမြတ်၊ ဤသူအား ဒဏ်ပေးပါလော့' ဟု ဆိုကြသည်။

ထိုသူကို ယမမင်းသည် ဤသို့မေးလေသည်။

'အမောင်ယောကျ်ား၊ သင်သည် ဤလူ့ပြည်၌ ထင်ရှားဖြစ်ပေါ်နေသော

ပထမသေမင်းတမန်ကို မမြင်ခဲ့ရပါသလော'

'အရှင်. . . ကျွန်ုပ်မမြင်ခဲ့ပါ'

'အမောင်ယောကျ်ား၊ သင်သည် အိမ်အခြင်ကဲ့သို့ကိုင်းသော၊ ခါးကုန်းသော၊ တောင်ဝှေးကို အားထားနေရသော၊ တုန်တုန်ယင်ယင် သွားလာနေရသော၊ အို့, နာ နှိပ်စက်နေအပ်သော၊အရွယ်လွန်သော၊ သွားကျိုးသော၊ ဆံဖြူသော၊ဦးခေါင်းပြောင်နေသော၊ ဦးခေါင်းတုန်လှုပ်နေသော၊ အရေတွန့်လိမ်မွဲခြောက်သောကိုယ်ရှိသော၊ အသက်ရှစ်ဆယ်, ကိုးဆယ်, တစ်ရာရှိသော အမယ်အိုကိုဖြစ်စေ၊ အဘိုးအိုးကိုဖြစ်စေ မတွေ့မြင်ခဲ့ပါသလော'

'အရှင်. . . မြင်ခဲ့ပါသည်'

'အမောင်ယောကျ်ား၊ သင်သည် သိကြားလိမ္မာသူဖြစ်ပါလျက် အသက်အရွယ်ကြီးရင့်သူဖြစ်ပါလျက်၊ ငါသည်လဲ အိုခြင်းသဘောရှိ၏၊ အိုခြင်းသဘောကို မလွန်နိုင်ချေ၊ ငါသည် ယခုအခါ ကိုယ်,နှုတ်,စိတ်ဖြင့် ကောင်းမှုကိုပြုအံ့၊ ဤသို့သော စိတ်အကြံသည် မဖြစ်ခဲ့ဘူးလော'

'အရှင်၊ ကျွန်ုပ်ကောင်းမှုပြုနိုင်ခြင်းငှာ မစွမ်းဆောင်နိုင်ခဲ့ပါ။

'အမောင်ယောကျ်ား၊ သင်သည် မေ့လျော့သောကြောင့် ကိုယ်နှုတ်စိတ်ဖြင့် ကောင်းမှုကို မပြုခဲ့ပေ၊ အမောင်ယောကျ်ား သင်သည် အခြင်းအရာအားဖြင့် မေ့လျော့ခဲ့၏၊ ထိုအခြင်းအရာအားဖြင့် သင့်ကိုမချွတ်ပြုကြကုန်လတ္တံ့၊ ထိုမကောင်းမှုကို သင့်အမိ၊ သင့်အဘ၊ သင့်ညီ၊ သင့်နှမ၊ သင့်မိတ်ဆွေ၊ သင့်ဆွေမျိုးသားချင်းတို့က ပြုသည်မဟုတ်၊ နတ်တို့ကလည်း ပြုသည်မဟုတ်၊ ရဟန်း, ပုဏ္ဏားတို့ကလည်း ပြုသည်မဟုတ်၊ စင်စစ်သင်သာလျှင်

ထိုမကောင်းမှုကိုပြု၏။ သင်သည် ထိုမကောင်းမှုအကျိုးကို ခံစားရလတ္တံ့'

တစ်ဖန် ယမမင်းသည် ဒုတိယသေမင်းတမန်ကို ဆက်မေးပြန်သည်။

'အမောင်ယောကျ်ား သင်သည် လူ့ပြည်၌ ထင်ရှားရှိသော ဒုတိယသေမင်းတမန်ကို မမြင်ခဲ့ပါသလော'

'အရှင်. . . ကျွန်ုပ်မမြင်ခဲ့ပါ'

'အမောင်ယောကျ်ား၊ လူ့ပြည်၌အနာဖြင့် နှိပ်စက်အပ်သော ဆင်းရဲခြင်းသို့ ရောက်နေသော၊ ပြင်းစွာမကျန်းမာသော၊ မိမိ၏ကျင်ကြီးကျင်ငယ်၌ လိမ်းကျံပေရေလျှက်အိပ်နေသော သူတစ်ပါးထူပေးမှ ထနိုင်သော၊ သူတစ်ပါးချီပို့ပေးမှ အိပ်ရာသို့ သွားနိုင်သော ယောကျ်ားလူနာ၊ မိန်းမလူနာကို သင်မမြင်ခဲ့သလော'

'အရှင်၊ ကျွန်ုပ်မြင်ခဲ့ပါသည်'

'အမောင်ယောကျ်ား သင်သည် အသိအလိမ္မာရှိပါလျှက် အသက်အရွယ်ကြီးရင့်ပါလျှက် ငါသည်လဲနာခြင်း သဘောရှိ၏။ နာခြင်းသဘောကို မလွန်နိုင်၊ ယခုအခါ ငါသည် ကိုယ်နှုတ်စိတ်တို့ဖြင့် ကောင်းမှုကိုပြုအံ့ဟူသော စိတ်သဘောအကြံသည် မဖြစ်ခဲ့ပါသလော'

'အရှင်၊ အကျွန်ုပ်သည် ကောင်းမှုပြုခြင်းငှာ မစွမ်းဆောင်နိုင်ပါ၊ မေ့လျော့ခဲ့ပါသည်'

'အမောင်ယောကျ်ား သင်သည် မေ့လျော့သဖြင့် ကိုယ်နှုတ်စိတ်တို့ဖြင့် ကောင်းမှုတစ်ခုခုကို မပြုခဲ့၊ သင်သည် အကြင်အခြင်းအရာအားဖြင့် မေ့လျော့ခဲ့၏။ ထိုအခြင်းအရာအားဖြင့် သင့်ကို မချွတ်ပြုကြကုန်လတ္တံ့၊

ထိုမကောင်းမှုကို သင့်မိ၊ သင့်ဖ၊ သင့်ညီ၊အစ်ကိုမောင်နှမ၊ သင့်ဆွေမျိုး မိတ်သင်္ဂဟတို့က ပြုကြသည်မဟုတ်၊ နတ်တို့ကပြုကြသည်လည်းမဟုတ်၊ ရဟန်း၊ ပုဏ္ဏားတို့က ပြုကြသည်လည်းမဟုတ်၊ စင်စစ်သင်သာပြုခဲ့၏၊ သင်သည် ထိုမကောင်းမှုအကျိုးကို ခံစားရလတ္တံ့'

တစ်ဖန်ယမမင်းသည် တတိယသေမင်းတမန်ကို ဆက်မေးပြန်သည်။

'အမောင်ယောကျ်ား သင်သည် လူ့ပြည်၌ထင်ရှားဖြစ်သော တတိယ သေမင်းတမန်ကို မမြင်ခဲ့သလော'

'အရှင်၊ ကျွန်ုပ်မမြင်ခဲ့ပါ'

'အမောင်ယောကျ်ား သင်သည် သေ၍ တစ်ရက်၊ နှစ်ရက်၊ သုံးရက် ရပြီးသော အရည်ယို၍ ပုပ်ပွနေသော မိန်းမလူသေကောင်၊ ယောကျ်ား လူသေကောင်တို့ကို မမြင်ခဲ့သလော'

'အရှင်၊ မြင်ခဲ့ပါသည်'

'အမောင်ယောကျ်ား သိကြားလိမ္မာသူဖြစ်ပါလျက် အသက်အရွယ် ကြီးရင့်သူဖြစ်ပါလျက် ငါသည် သေခြင်းသဘောရှိ၏၊ သေခြင်းကို မလွတ် မြောက်နိုင်၊ ယခုအခါ ငါသည် ကိုယ်၊ နှုတ်၊ စိတ် တို့ဖြင့် ကောင်းမှုကိုပြု အံ့၊ ဤသို့သောအကြံအစည် မဖြစ်ပေါ်ဖူးလော'

'အရှင်၊ ကျွန်ုပ်သည် ကောင်းမှုကိုပြုခြင်းငှာ မစွမ်းဆောင်နိုင်ခဲ့ပါ၊ မေ့ လျော့ခဲ့ပါသည်။

'အမောင်ယောကျ်ား သင်သည် မေ့လျော့သောကြောင့် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကုသိုလ်ကောင်းမှုတို့ကို မပြုလုပ်ခဲ့၊ သင်သည် အကြင်အခြင်း

အရာအားဖြင့် ကုသိုလ်ပြုရန် မေ့လျော့ခဲ့ပါသည်'

'အမောင်ယောကျာ်း သင်သည် မေ့လျော့သောကြောင့် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ကုသိုလ်ကောင်းမှုတို့ကို မပြုလုပ်ခဲ့ သင်သည် အကြင်အခြင်းအရာအားဖြင့် ကုသိုလ်ပြုရန် မေ့လျော့ခဲ့၏။ ထိုအခြင်းအရာအားဖြင့် သင့်ကို မချွတ်ပြုကြကုန်လတ္တံ့၊ ထိုမကောင်းမှုကို သင့်အမိ၊ သင့်အဘ၊ သင့်ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း မိတ်ဆွေတို့က ပြုသည်မဟုတ်၊ နတ်တို့က ပြုသည်လည်းမဟုတ်၊ ရဟန်း၊ ပုဏ္ဏားတို့က ပြုသည်လည်း မဟုတ်၊ စင်စစ်သင်သည်သာလျှင် ထိုမကောင်းမှုကိုပြုခဲ့၏၊ သင်သည် ထိုမကောင်းမှုအကျိုးကို ခံစားရလတ္တံ့'

ယမမင်းသည် တတိယသေမင်းတမန်ကို မေးပြီးသော် ဆိတ်ဆိတ်နေလေသည်။ ထိုအခါ ငရဲထိန်းတို့သည် နှောင်ဖွဲ့ငါးမျိုးဖြင့် ဖွဲ့ကြကုန်၏။ လောလောပူသော သံစို့ကိုလက်နှစ်ဖက်၌ ရိုက်ကြကုန်၏။ ခြေနှစ်ဖက်၌ ရိုက်နှက်ကြကုန်၏။ ရင်အလယ်၌ ရိုက်နှက်ကြကုန်၏။ ငရဲသားတို့သည် ထိုတံစို့ငါးချက်ဖြင့် ဆင်းရဲကြီးစွာ ခံစားနေရသည်။

မကောင်းမှုမကုန်သေးပါက ငရဲထိန်းတို့သည် ငရဲသားကို ဆွဲငင်ကာ ဓားမကြီးတို့ဖြင့် ခုတ်ဖြတ်ကြပြန်၏။ ငရဲသားသည် ဆင်းရဲကြီးစွာ ခံစားရပြန်၏။

မကောင်းမှုမကုန်သေးပါက ငရဲထိန်းတို့သည် ငရဲသားတို့ကို ဇောက်ထိုးမိုးမျှော် ဆွဲကိုင်ကာ ပဲခွပ်တို့ဖြင့် ခုတ်ကြပြန်၏။ ဆင်းရဲကြီးစွာ ခံစားကြရသည်။

မကောင်းမှုကံ မကုန်သေးက ငရဲထိန်းတို့သည် ငရဲသားတို့ကို ရထား၌ တပ်ဆွဲကာ အလျှံတညီးညီးတောက်လောင်နေသော သံမြေပြင်၌ အခေါက်ခေါက်အပြန်ပြန် မောင်းနှင်၏။ ဆင်းရဲကြီးစွာ ခံစားရပြန်သည်။

မကောင်းမှုကံမကုန်သေးပါက ငရဲထိန်းတို့သည် ငရဲသားတို့ကို အလျှံတညီးညီးတောက်လောင်နေသော မီးတောင်ကြီးသို့ တက်စေ-ဆင်းစေ၏။

မကောင်းမှုကံမကုန်သေးက ငရဲထိန်းတို့သည် ငရဲသားတို့ကို အလျှံတညီးညီးတောက်လောင်ပူနေသော သံဒယ်အိုးထဲသို့ ပစ်ချကြပြန်၏။ ငရဲသားတို့သည် သံဒယ်အိုးကြီးထဲ၌ အမြှုပ်ထလျက် ကျက်ကုန်သည်ဖြစ်၍ တစ်ကြိမ်မြှုပ်ပြန်၏၊ ဗိလာလည်း တစ်ကြိမ်မျောသည်။ ဆင်းရဲကြီးစွာ ခံစားရသည်။

မကောင်းမှုကံမကုန်သေးပါက ငရဲထိန်းတို့သည် ငရဲသားတို့ကို အဝီစိငရဲသို့ ပစ်ချကြကုန်၏။

အဝီစိငရဲကြီးသည်ကား အထောင့်လေးခုရှိ၏။ တံခါးလေးပေါက်ရှိ၏၊ ညီညာသော အဖို့အားဖြင့် ဝေဖန်ပိုင်းခြားထား၏။ သံတိုင်တိုင်းဖြင့်ကာရံထား၏၊ သံပြားဖြင့်မိုးထား၏၊ သံမြေပြင်ဖြစ်၏၊ အလျှံတပြောင်ပြောင်တောက်လောင်နေ၏၊ အလျှံနှင့်ယှဉ်စပ်နေ၏၊ ထက်ဝန်းကျင်ယူဇနာတစ်ရာတိုင်တိုင် ပျံ့နှံ့၍ အမြဲတည်နေ၏။

(အင်္ဂုတ္တိုရ်၊ တိကနိပါတ် - ဒေဝဒူတဝဂ်၊ ဒေဝဒူတသုတ်)

## ဘုရားရှင်လမ်းညွှန်ခဲ့သော
## သေခါနီးနှလုံးသွင်းရမည့်အာရုံတရား

ဘုရားရှင်သည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေထိုင်စဉ်ကဖြစ်သည်။

ထိုအချိန်တွင် ဒီဃာဝုဥပါသကာသည် အနာရောဂါနှိပ်စက်ရကား ပြင်းထန်စွာနာမကျန်း ဖြစ်နေရသည်။ အနာရောဂါကြောင့် ဆင်းရဲခြင်းသို့ ရောက်နေရသည်။ ဤရောဂါဝေဒနာမှ သက်သာခွင့်ရတော့မည် မဟုတ်ဟု စိတ်အားလည်း ငယ်နေသည်။

ထိုအချိန်တွင် ဘုရားရှင်ထံမှ တရားဓမ္မကို နာကြားလိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာသည်။ ဘုရားရှင်ကိုလည်း ဖူးမြော်လိုသောစိတ်ဆန္ဒ ပြင်းပြလာခဲ့သည်။

သို့အတွက် အနားတွင်စောင့်နေသော ဖခင်ဇောတိကသူကြွယ်ကို ဤသို့ပြောကြားစေခိုင်းသည်။

'ဖခင်၊ ဘုရားရှင်ထံသို့ချဉ်းကပ်၍ "အရှင်ဘုရား၊ ဒီဃာဝုဥပါသကာသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်နေရပါသည်။ ပြင်းထန်စွာသော နာမကျန်းမှု ဖြစ်နေရပါသည်။ ဒီဃာဝုဥပါသကာသည် ဘုရားရှင်၏ခြေတော်ကို ဦးခေါင်းဖြင့်ရှိခိုးလိုက်ပါသည်၊ ဒီဃာဝုဥပါသကာအား အစဉ်သနားသဖြင့် ဒီဃာဝုဥပါသကာအိမ်သို့ ကြွပေးစေလိုပါသည်" ဟု ပင့်လျှောက်ပေးပါ'

'ချစ်သား. . . ကောင်းပါပြီ၊ ဖခင်ဘုရားထံသွားရောက် လျှောက်ထား

ပေးပါမည်'

ဖခင်ဇောတိကသူကြွယ်သည် ဘုရားရှင်ထံသို့သွား၍ သားမှာသည့်အတိုင်း ဘုရားရှင်အား လျှောက်ထားသည်။ ဘုရားရှင်သည် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူလေသည်။ ထို့နောက် သပိတ်, သင်္ကန်းကိုယူဆောင်ကာ ဒီဃာဝုဥပါသကာအိမ်သို့ ကြွတော်မူလေသည်။

'ဘုရားရှင်သည် ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူပြီးလျှင် 'ဒီဃာဝု၊ သင်သည် ခန့်ကျန်း၏လော၊ မျှတ၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ကုန်၏လော၊ ဆုတ်ယုတ်သည်မှာ ထင်ပါသလော'ဟု မိန့်တော်မူ၏။

'အရှင်ဘုရား၊ တပည့်တော်သည် မခန့်ကျန်းပါ၊ မမျှတပါ၊ ဆင်းရဲဝေဒနာတို့သည် မဆုတ်ယုတ်ပါ၊ တိုးပွား၍သာ နေပါသည်' ဟုလျှောက်၏။

'ဒီဃာဝု၊ ဤသို့ဖြစ်လျှင် သင်သည် ဘုရားရှင်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသူဖြစ်လော၊ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည်စုံသူဖြစ်လော၊ အရိယာတို့နှစ်သက်အပ်သော သီလနှင့်ပြည့်စုံသူဖြစ်လော၊ ဤသို့လျှင် ကျင့်ရပါမည်'။

'အရှင်မြတ်ဘုရား ဘုရားရှင်ဟောကြားသော သောတာပန်အင်္ဂါလေးပါးတို့သည် တပည့်တော်၌ တည်ရှိပါ၏။ တရားတို့၌လဲ ထင်မြင်ပါ၏။

'ဒီဃာဝု. . . သင်သည် သောတာပန်အင်္ဂါလေးပါးတည်ရှိလျှင် ဝိဇ္ဇာမင်္ဂ ဉာဏ်လျှင် အဖို့ရှိသော -

အလုံးစုံသော သင်္ခါရတရားတို့၌မမြဲဟု အဖန်တလဲလဲရှု၍လည်းကောင်း၊

- မမြဲသောသင်္ခါရတရား၌ ဆင်းရဲဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း၊
- ဆင်းရဲသောသင်္ခါရတရား၌ အစိုးမရဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း၊
- ပယ်စွန့်အံ့ဟု အမှတ်ရှိသည်ဖြစ်၍ လည်းကောင်း၊
- စွဲမက်မှုကင်းစေအံ့ဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း၊
- ချုပ်ငြိမ်းစေအံ့ဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း နေပါလော၊ သင်သည် ဤသို့သာ ကျင့်ရပါမည်။'

'အရှင်မြတ်ဘုရား. . . ထိုဝိဇ္ဇာဘာဂိယဉာဏ်အဖို့ရှိသော ခြောက်ပါးသောတရားသည် တပည့်တော်၌ တည်ရှိပါ၏ဘုရား၊ တပည့်တော်သည် ထိုတရားတို့၌ ထင်မြင်ပါ၏။ အထူးအားဖြင့် တပည့်တော်ပူပန်မိသည်မှာ ဖခင်ဖြစ်သော ဇောတိကသူကြွယ်သည် တပည့်တော်ကွယ်လွန်သောအခါ ဆင်းရဲခြင်းသို့ ရောက်မည်ကို စိုးရိမ်နေမိပါသည်ဘုရား'

ထိုအခါ ဖခင်ဖြစ်သော ဇောတိကသူကြွယ်က -

'ချစ်သား ဒီဃာဝု၊ သင်သည်ငါ့အတွက် မစိုးရိမ်လင့် ဤသို့နှလုံးမသွင်းအပ်၊ ချစ်သားဒီဃာဝု ဘုရားရှင်ဟောကြားအပ်သော တရားကိုသာ နှလုံးသွင်းနေပါလော'ဟု တိုက်တွန်းလေသည်။

ထို့နောက် ဘုရားရှင်သည် ဒီဃာဝုအား ဆုံးမတရားဟောပြီးလျှင် နေရာမှထကာ ဖဲခွာကြွသွားတော်မူသည်။ ဒီဃာဝုဥပါသကာသည် မကြာခင်ကွယ်လွန်သွားလေသည်။

ကမ္မာကျော်စာပေ

ထိုအခါ ရဟန်းတို့သည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ဒီဃာဝုဉပါသကာ၏ လားရာဂတိကို မေးလျှောက်ထားကြလေသည်။

'ရဟန်းတို့၊ ပညာရှိသော ဒီဃာဝုသည် နိဗ္ဗာန်အားလျော်သော မဂ်ဖိုလ်တရားကို ရရောက်ခဲ့ပြီ၊ တရားဟောပုဂ္ဂိုလ်ဖြစ်သော ငါဘုရားကိုမပင်ပန်းစေ၊ ဒီဃာဝုသည် အောက်ပိုင်းသံယောဇဉ် ငါးပါးကုန်ခန်းခြင်းကြောင့် ဖြဟ္မာဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံမှပြန်လာခြင်းမရှိ၊ ထိုဘုံမှ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ဖြစ်သည်'ဟု မိန့်တော်မူလေသည်။

(မဟာဝဂ္ဂသံယုတ်-ဒီဃာဝုဉပသကာသုတ်)

## တမခွန်ပြောင်းသူတို့အတွက် အားထားမှီခိုရာတရားများ

တစ်နေ့တွင် အသက်(၁၂၀)နှစ်အရွယ် အိုမင်းရင့်ရော်နေသော ပုဏ္ဏားကြီးနှစ်ယောက်တို့သည် ဘုရားရှင်ထံသို့ ရောက်လာကြသည်။ ဘုရားရှင်နှင့် ဝမ်းမြောက်ဝမ်းသာ စကားဆိုပြီး သင့်တော်ရာ၌ ထိုင်ကြသည်။

'အရှင်ဂေါတမ၊ ကျွန်ုပ်တို့သည် အသက်(၁၂၀)နှစ်ရှိပြီး အိုမင်းရင့်ရော်သော အရွယ်ရောက်နေကြပါပြီ၊ ကျွန်ုပ်တို့သည် ဒုဂ္ဂတိဘေးမှ တားမြစ်ကြောင်း ကုသိုလ်ကောင်းမှုများ မပြုရသေးပါ။ အရှင်ဂေါတမသည် ကျွန်ုပ်တို့အား ရှည်ကြာမြင့်စွာ အကျိုးစီးပွားဖြစ်ခြင်း၊ ချမ်းသာခြင်းအကျိုးငှာ ဆုံးမသွန်သင်မှုပြုပါ'ဟု လျှောက်ထားကြသည်။

'ပုဏ္ဏားတို့. . . အိုခြင်း၊ နာခြင်း၊ သေခြင်းသည် ဤသတ္တလောကကို အဆင့်ဆင့် ပို့ဆောင်အပ်၏၊ ဤမျက်မှောက်ဘဝ၌ ကိုယ်ဖြင့်စောင့်စည်း

ခြင်း၊ နှုတ်ဖြင့်စောင့်စည်းခြင်း၊ စိတ်စောင့်စည်းခြင်းသည် တမလွန်ဘဝသို့ ပြောင်းသွားသူအတွက် မှီခိုအားကိုးရာဖြစ်ပါသည်။

'အိုနာသေရေးဒုက္ခဘေးသည် ဇီဝိတိန္ဒြေကို အဆင့်ဆင့်ပို့ဆောင်အပ်သည်၊ သတ္တဝါတို့၏အသက်သည် တိုတောင်းလှ၏။ အိုခြင်းတရားသည် အဆင့်ဆင့်ပို့ဆောင်အပ်သော သတ္တဝါတို့အား ကိုးကွယ်ရာမရှိ သေခြင်းတရား၌ ဤမည်သောဘေးကို ပညာမျက်စိဖြင့် မြင်အောင်ရှုလျက် ချမ်းသာကို ဆောင်နိုင်သော ကုသိုလ်ကောင်းမှုတို့ကို ပြုရာသည်။

ဤမျက်မှောက်ဘဝ၌ ကိုယ်နှုတ်စိတ်ဖြင့် စောင့်စည်းခြင်းသည်လည်းကောင်း၊ အသက်ဝိညာဉ်ရှင်သန်နေစဉ် ကောင်းမှုပြုခြင်းသည်လည်းကောင်း တမလွန်လောကပြောင်းသွားသူအား ချမ်းသာခြင်းငှာ ဖြစ်ပါသည်။

'ပုဏ္ဏားတို့ . . . ဤသတ္တလောကကို အိုခြင်းမီး၊ နာခြင်းမီး၊ သေခြင်းမီးတို့သည် လောင်မြိုက်နေပါသည်။ ဤမျက်မှောက်ဘဝ၌ ကိုယ်, နှုတ်, စိတ်စောင့်စည်းခြင်းသည် တမလွန်ဘဝသို့ ပြောင်းသွားသူအတွက် အားထား, မှီခိုကိုးကွယ်ရာ ဖြစ်ပါသည်။

အိမ်ကို မီးစွဲလောင်သည်ရှိသော် အကြင်အိုးခွက်စသော ပစ္စည်းတို့ကို ထုတ်ယူအပ်၏၊ ထိုမီးမလောင်ခဲ့ရသော ပစ္စည်းများသည် အိမ်ရှင်အတွက် အကျိုးရှိမည်။ ဤအတူ ဤသတ္တလောကကို အိုခြင်း, သေခြင်းမီးတို့သည် စွဲလောင်ကုန်၏။ ချမ်းသာကို ဆောင်စွမ်းနိုင်သော ကုသိုလ်ကောင်းမှုကို ပေးလှူခြင်းဖြင့် ထုတ်ယူအပ်ပါသည်။ပေးလှူအပ်ပြီးသော အလှူဒါနသည်

ကောင်းစွာထုတ်ယူထားပြီးသည်နှင့် တူပါ၏။

(အင်္ဂုတ္တိုရ်-ဒုတိယပဏ္ဏာသပ-ဗြဟ္မဏဝဂ်၊
ပထမ-ဒုတိယ ဒွေဗြဟ္မဏသုတ်)

## မကောင်းသောစွဲလမ်းမှုဖြင့်သေလျှင်

(ဆရာတော် အရှင်ဇနကာဘိဝံသ)

အောက်ပြည်မြို့တစ်မြို့မှာ ဘုန်းကြီးတစ်ပါး သေလောက်သော ရောဂါ ဖြစ်နေလို့ ဒကာများလာ၍ အိပ်ကြတယ်၊ တောရွာက ဆွေမျိုးများ ကလဲ လာပြီးအိပ်ကြသတဲ့၊ အဲဒီအခါမှာ ဘုန်းကြီးက အားလုံးအိပ်ကြ ပြီထင်လို့ တောကဆွေမျိုးများကိုနှိုးပြီး အထက်ဘုံပေါ်မှာ ငွေတွေရှိတဲ့ အကြောင်းကိုပြောပါသတဲ့၊ အိပ်မပျော်တဲ့ မြို့ကဒကာတွေကလည်း ပြုစု တော့တို့က၊ ပေးစရာရှိတော့ သူ့ဆွေမျိုးတွေလို့ပြောပြီး ထိုဘုန်းကြီးမသေ ခင် အထက်ဘုံပေါ်တက်ပြီး ငွေတွေကိုယူကြပါရောတဲ့၊ ထိုဘုန်းကြီး ပျံလွန်တဲ့အခါ စပါးကြီးမြွေကြီးဖြစ်ပြီး အိပ်ရာပေါ်မှာခွေနေတာတွေ့လို့ အခြားနေရာ သွားပို့သော်လည်း ဒီနေရာကိုပဲ အတော်ကြာကြာ ပြန်ပြန် လာသတဲ့။

ဉပပတ်ပဋိသန္ဓေဆိုတာ တစ်ခါတည်းကြီးကြီးမားမား ဖြစ်နိုင်ပါတယ်၊ အဲဒီမြွေကတော့ ဉပပတ်ပဋိသန္ဓေဖြစ်မှာပေါ့၊ စာထဲမှာလည်း မြှုပ်ထားတဲ့ ပစ္စည်းဉစ္စာစွဲပြီးသေလို့ ဉစ္စာစောင့်မြွေကြီး ဖြစ်နေတာတွေ တွေ့ရပါတယ်။

(တစ်ဘဝသံသရာစာအုပ်၊ စာ-၄၀၀)

**ကမ္ဘာကျော်စာပေ**

## မတွေဝေဘဲသေရခြင်းနည်း

မတွေဝေဘဲသေရခြင်း အကျိုးတရားများကို ဘုရားရှင်သည် -

- သီလအကျိုးတရားများကို ဖော်ပြရာ၌လည်းကောင်း၊
- မရဏာနုဿတိဘာဝနာ၏ အကျိုးတရားများကို ဖော်ပြရာ၌လည်း ကောင်း၊
- မေတ္တာဘာဝနာ အကျိုးတရားများ ဖော်ပြရာ၌လည်းကောင်း ရရှိနိုင်မည့်အကျိုးတရားတစ်ခုအဖြစ် ဟောတော်မူခဲ့ပါသည်။

ထို့ကြောင့် မတွေဝေဘဲ သေရခြင်းတည်းဟူသောအကျိုးကို ယခုဘဝ မျက်မှောက်ပြုနိုင်ရန် -

(၁) ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလတို့ စောင့်ထိန်းရမည်။

(၂) အခါအားလျော်စွာ မရဏာနုဿတိကို ပွားများနေရမည်။

(၃) မေတ္တာတရားကို လက်ကိုင်ထားရပါမည်။

ဤတရားများကို ကျင့်သုံးဆောက်တည်နေလေ့ရှိသောသူတို့သည် ဘဝကူးပြောင်းရာတွင် မတွေဝေဘဲ၊ ထိတ်လန့်ကြောက်ရွံ့မှုမရှိဘဲ ငြိမ်သက် တည်ငြိမ်အေးဆေးစွာ ဘဝသစ်သို့ ကူးပြောင်းရသည်။ သုဂတိဘုံအဆင့် ဆင့်သို့ ရောက်ရှိခံစားကြရသည်။

## သေခါနီးမိတ်ဆွေ

စာရေးသူအဘွားသည် အသက်(၈၀)အရွယ်၌ ကွယ်လွန်ခဲ့သည်။ ကွယ် လွန်စဉ် အနီး၌ရှိသော ဖခင်က -

**ကမ္ဘာကျော်စာပေ**

'ကိုရင်ရဲ့အဘွားကတော့ ကောင်းရာရောက်မှာသေချာပါတယ်၊ အမေ သေခါနီးမှာ သားသမီး၊ လယ်ယာ၊ ဥစ္စာမအောက်မေ့ဘဲ ရတနာသုံးပါးကို သတိရဖို့ပြောဆိုပြီး ဘုရားစာ၊ တရားစာဖတ်ပြတဲ့အခါမှာ ငြိမ်သက်စွာ နားထောင်ပြီးအသက်ထွက်သွားမှန်း မသိအောင်ပင် ဝိညာဉ်ချုပ်သွား ပါတယ်'ဟု ပြောပြသည်။

သေခါနီး မိတ်ဆွေကောင်းရရန် အလွန်အရေးကြီးပါသည်။ အဘွားသေ ခါနီးတွင် တတ်သိသောဖခင်က မိခင်အတွက် သေခါနီးမိတ်ဆွေကောင်း ပြုလုပ်ပေးခဲ့သဖြင့် အဘွားသည် မုချကံကောင်း၍ ကောင်းသောဘုံ၊ ဘဝသို့ ရောက်ရလိမ့်မည်ဟု ယုံကြည်မိပါသည်။

ယင်းသို့မဟုတ်ဘဲ အောက်သွေးများ မလျှောက်တော့ဘဲ သေတော့ မည်ဟုဆိုလျှင် သားသမီးဆွေမျိုးညာတိတို့၏ ငိုသံတွေကိုကြားသွားရလျှင် ကောင်းရာသုဂတိသို့ ရောက်ဖွယ်မရှိတော့ပါ၊ သို့အတွက် ပုဂ္ဂိုလ်တစ်ဦးဦး သေတော့မည်ဟုဆိုလျှင် အထူးသတိထားရမည်မှာ ဝိုင်းအုံကာမငိုကြွေးကြ ရန် အရေးကြီးလှပေသည်။ အကယ်၍ ငိုကြွေးနေလျှင် ထိုငိုသံကိုကြားရ၍ သေရမည့်သူမှာ အိမ်သူအိမ်သားတို့အပေါ်မှာ ငဲ့ကွက်မှုဝင်သွားသဖြင့် ထိုငဲ့ကွက်မှုတန်းလန်းနှင့် သေသွားပါက မိမိအိမ်မှာပင် ခွေး၊ ဆိတ်၊ ကြက်၊ ငှက်၊ သန်း၊ ကြမ်းပိုးမှစ၍ စွဲလမ်းဖြစ်ပွားတတ်ပါသည်။

(ဒီ-၄-၂၊ ၂၂၆)

သေခါနီး မိတ်ဆွေမရှိလျှင် မကောင်းတဲ့အာရုံတွေ စွဲလမ်းပါက ကောင်း ရာရောက်ရန် မလွယ်ပါ၊ မကောင်းသောအသက်မွေးမှုဖြင့် အသက်မွေး

ကမ္ဘာကျော်စာပေ

ဝမ်းကျောင်းပြုသူပင်ဖြစ်စေကာမူ သေခါနီးမိတ်ဆွေရလျှင် ကောင်းရာ သုဂတိသို့ ရောက်နိုင်ပါသည်။

လူသားဖြစ်သော ပုဂ္ဂိုလ်တို့သည် ရောဂါဝေဒနာဖိစီး၍ သေခါနီးဆဲဆဲ အခါကာလဝယ် ကိုယ်၌ဖြစ်သော ဆင်းရဲဒုက္ခအစုစုတို့သည် လေညာသို့ ရှေးရှုနိုင်ယှုအပ်သော မြက်မီးရှူးကဲ့သို့ မိမိကိုယ်ကို လောင်တတ်သောသ ဘောရှိပါသည်။

သတ္တဝါအားလုံးတို့သည် သေလွန်ကြသောအခါ လားရောက်ရာ ဘဝငါး ပါးရှိပါသည်။

- လူ့ဘဝသို့ လားရောက်ရှိခြင်း
- နတ်, ဗြဟ္မာဘဝသို့ လားရောက်ရခြင်း
- ငရဲဘဝသို့ လားရောက်ရခြင်း
- ပြိတ္တာဘဝသို့ လားရောက်ရခြင်း
- တိရစ္ဆာန်ဘဝသို့ လားရောက်ရခြင်း။

ယင်းလားရောက်ရာဘဝငါးမျိုးတွင် ငရဲဘဝသို့ ရောက်ရမည့်သူသည် ငရဲနိမိတ်စသည်တို့ ထင်မြင်လာသောအခါ ပြင်းပြပူလောင်သော စိတ်၏ ဆင်းရဲခြင်းသည် ဖြစ်ပါသည်။ သေခါနီးဆဲဆဲကာလဝယ် ငရဲအိုး, ငရဲထိန်း, ငရဲမီးလျှံ, ခွေးနက်ကြီးအစရှိသော မကောင်းသောငရဲဘဝနှင့် သက်ဆိုင် သော နိမိတ်များ ထင်မြင်လာတတ်ပါသည်။

ထိုအချိန်အခါမျိုးဝယ် လူနာအနီး၌ ပြုစုစောင့်ရှောက်နေကြသော သူတို့ က ဘုရားအစရှိသော ကောင်းသောကုသိုလ်ဆိုင်ရာ အာရုံများဖြင့် ပြုပြင်

ကာ ပြောဆိုပေးနိုင်ပါလျှင် ငရဲရောက်ရမည့်ဘေးမှ လွတ်ကင်းပြီး နတ်ပြည် စသော ကောင်းသောဘုံဘဝသို့ ရောက်ရှိစေနိုင်ပါသည်။

## မုဆိုးနတ်ပြည်ရောက်ရပုံ

သောဏတောင်ခြေဝယ် ပစ္စေလကျောင်း၌ သီတင်းသုံးနေသော သောဏအမည်ရှိသော ဓမ္မကထိကပုဂ္ဂိုလ်တစ်ပါး ရှိပါသည်။ ထိုမထေရ်၏ ဖခင်သည် ခွေးအပေါင်းခြံရံလျက် သောဏတောင်ထက်သို့တက်ကာ သားကောင်တို့ကို သတ်ဖြတ်လျက် အသက်မွေးဝမ်းကျောင်း ပြုလေသည်။

သားမထေရ်သည် မိမိ၏ဖခင်ကို ဆိုဆုံးမသော်လည်း မတတ်နိုင်ချေ။ 'ငါ၏ဖခင်သည် ငါရှိလျက် ဆင်းရဲဘဝသို့ မရောက်စေသင့်'ဟု နှလုံးပြု ပြီးလျှင် ဖခင်အသက်အရွယ် အိုမင်းသောအခါဝယ် ဖခင်အလိုမတူဘဲ လျက်ပင် ရဟန်းပြုပေးထားလေသည်။

ထိုရဟန်းကြီးအား သေရာညောင်စောင်း၌ လျောင်းအံ့သောအခါဝယ် ငရဲနိမိတ်များသည် ထင်လာလေသည်။ သေလာတောင်ခြေမှ ကြီးမား ကြောက်မက်ဖွယ်ကောင်းသော ခွေးကြီးတို့သည် ရဟန်းကြီးကို စား သောက်မည်ကဲ့သို့ ဝိုင်းဝန်းလာကြသည်။

ရဟန်းအိုသည် အလွန်ကြောက်လန့်ရကား -

'ချစ်သား သောဏ၊ ခြောက်ပါ-ခြောက်ပါ'ဟု ကြောက်လန့်တကြား အော်ဟစ်ပြောဆိုလေသည်။ သားမထေရ်က -

'ရဟန်းကြီး အဘယ်ကိုယောင်ယမ်းပါသနည်း' ဟု မေး၏။

'ချစ်သားသောဏ ငါ့အား ခွေးကြီးတို့သည် ကိုက်စားအံ့ဟု လာနေကြသည်ကို သင်မမြင်သလော၊ လျင်စွာခြောက်ပါ'ဟု ဆို၏။

ထိုအခါ သားမထေရ်သည် 'ငါ့အဖ ရဟန်းအိုအား ငရဲနိမိတ်သည် ထင်ချေပြီ၊ အဘယ်သို့လျှင် ငါလိုသားကောင်း၏ အဖဖြစ်လျက် ငရဲသို့ကျရအံ့နည်း၊ အဘရဟန်းအို၏ ဆောက်တည်ရာဖြစ်စေအံ့'

ဟုနှလုံးသွင်းပြီး သာမဏေတို့ကို အထူးထူးသော ပန်းတို့ကိုယူဆောင်စေပြီးလျှင် စေတီပြင်၊ ဗောဓိပြင်တို့၌ထားလျက် ပန်းအခင်း, ပန်းနေရာဖြင့် ပူဇော်ခြင်းကို ပြုစေသည်။

ထို့နောက် အဘရဟန်းအိုကို ညောင်စောင်းနှင့်တကွ စေတီရင်ပြင်သို့ သယ်ဆောင်စေပြီး ညောင်စောင်း၌ပင် နေစေလျက် -

'အဘရဟန်းအို၊ ဤပူဇော်ခြင်းကို သင်၏အကျိုးငှာ ငါသည်ပြုအပ် ၏၊ ဘုန်းတော်ကြီးမြတ်သောဘုရား ဤသည်ကား ကျွန်ုပ်၏ဆင်းရဲလှသောလက်ဆောင် အပူအဇော်ဖြစ်ပါသည်ဟုဆိုပြီး ဘုရားရှိခိုးစေကာ စိတ်ကိုကြည်ညိုပါလော့'ဟု တိုက်တွန်းကြည်ညိုစေသည်။

အဘရဟန်းအိုသည် မထေရ်ဆိုတိုင်းပြု၍ ဘုရားကိုရှိခိုး၍ စိတ်ကိုကြည်ညိုစေသည်။

ထိုခဏမှာပင် ရဟန်းအိုအား နတ်ပြည်နိမိတ်သည် ထင်ထာလေသည်။ နန္ဒဝန်ပန်းဥယျာဉ်၊ စိတ္တလတာဥယျာဉ်၊ မိဿကဥယျာဉ်၊ ပါရုသကဥယျာဉ် နတ်ဗိမာန်၊ နတ်ကချေသည်တို့သည် ဝိုင်းရံ၍ တည်ကုန်သကဲ့သို့

ထင်သည်။

ထိုအခါ ရဟန်းအိုက -

'ချစ်သား သောဏ၊ ဆုတ်လော့၊ ရှားလော့'ဟု ဆိုသည်။

'ရဟန်းအို ဘယ်ကိုယောင်ယမ်းပြန်ပါသနည်း' ဟု မထေရ်က မေးသည်။

'ချစ်သား သင့်မိခင်တို့သည် လာကြကုန်၏'ဟု ဆိုသည်။

ရဟန်းအိုအား နတ်ရွာနိမိတ်သည် ထင်သည်ဟု မထေရ်သည် သိလေသည်။

(ဥပရိပဏ္ဏာသ အဋ္ဌကထာနှင့် ဝိဘင်းအဋ္ဌကထာ)

## ဘ၀နေ၀င်သေနည်းပြင်ဆင်ပေးသော မိတ်ဆွေကောင်း

လောကတွင် လူသားမှန်သမျှသည် မိမိ၏ဆွေမျိုးသားချင်းများထဲမှသော်လည်းကောင်း၊ ဆွေမျိုးသားချင်း မတော်သူများထဲမှသော်လည်းကောင်း၊ သေခါနီးကာလ၊ သေလုနီးပါးဖြစ်နေသော လူနာတစ်ဦးဦးကို တွေ့ဖူးကြပါလိမ့်မည်။

ထိုလူနာမျိုးကို တွေ့သောအခါ မိမိနှင့်သားချင်းတော်လျှင် တော်သလို ရင်းနှီးလျှင် ရင်းနှီးသလို သေခါနီးကုသိုလ်အာရုံကောင်းထင်နိုင်အောင် နည်းပေးလမ်းပြ ပြုသင့်ကြသည်။ သေလုနီးပါး ဝေဒနာခံစားနေရသူ သည် ဥစ္စာပစ္စည်းရှိလျှင် ပစ္စည်းဥစ္စာမစွဲလမ်း၊ မတွယ်တာစေရန်ကိုလည်းကောင်း၊ သားသမီး, သားမယားရှိလျှင် သားမယားအပေါ်၌ မတွယ်တာ

မစွဲလမ်းစေရန်လည်းကောင်း၊ ဆုံးမစကား နည်းပေးလမ်းပြပြုသင့်သည်။

သေလုနီးပါး ဖြစ်နေသောသူသည် ပဉ္စည်းဥစ္စာ လယ်ယာရွှေငွေ၊ မိဘ၊ သားသမီး၊ ဇနီး၊ ခင်ပွန်း၊ အိမ်ရာစသည်တို့အပေါ်၌ စွဲလမ်းတွယ်တာ ကာ သံယောဇဉ်တွယ်ပြီး သေလွန်ပါက ငရဲ၊ တိရစ္ဆာန်စသော အပါယ်ငရဲသို့ ကျရောက်တတ်ကြပေသည်။

သေလုနီးပါးဖြစ်သော လူနာ၏ ဆွေမျိုးမိဘစသည်တို့သည် ပရိဒေဝ မီးတောက်လောင်ကာ လူနာမသေမီကပင် စိုးရိမ်သောကရောက်ကာ ငို ကြွေးဘဘ်ကြလေသည်။ ထိုသို့ ပြုမူနေကြခြင်းသည် သေအံ့ဆဲဆဲလူအား မကောင်းသောဘုံဘဝသို့ ရောက်သွားစေရန် အားပေးသည်နှင့်တူ၍ ထိုသို့ မပြုလုပ်မိကြရန် အထူးသတိထားကြရသည်။

ထိုသို့သောအချိန်တွင် မိဘဆွေမျိုးများနှင့် လူနာပြုစုနေကြသော သူတို့ သည် လူနာအာရုံကောင်းရစေရန် ရတနာသုံးပါးနှင့်စပ်ဆိုင်သော စကား များကို ပြောကြားအားပေးနေရမည်။

ထိုသို့ ဘဝနေဝင် သေခါနီးအာရုံငင်နေသော သူများအတွက် ဘုရား ရှင်လက်ထက်က နည်းပေးခဲ့သော သေနည်းပြင်ဆင်ရန်နည်းသည် အား လုံးလိုက်နာဆောင်ရွက်သင့်သော နည်းဖြစ်ပါသည်။

ဘုရားရှင်လက်ထက်က မဟာနာမ်အမည်ရှိသော ဥပါသကာသည် ပြင်းထန်သော ဝေဒနာကိုခံစားနေရပြီး သေခါနီးဆဲဆဲဖြစ်သော ပညာရှိ ဥပါသကာအား မည်ကဲ့သို့ အားပေးစကား ပြောကြားသင့်ပါသနည်းဟု ဘုရားရှင်ကို လျှောက်ထားသည်။

## ကမ္မာကျော်စာပေ

ဘုရားရှင်က မဟာနာမ်အား အောက်ပါသံယောဇဉ်ပယ်ဖြတ်နည်းအဆင့်ဆင့်ကို လမ်းညွှန်ပြသခဲ့ပါသည်။

'မဟာနာမ်ပညာရှိသော ဥပါသကာအား သက်သာရာရစေနိုင်သော လေးပါးသောတရားတို့ဖြင့် နှစ်သိမ့်စေအပ်၏။

'အသင်သည် နှစ်သိမ့်ပါ၊ အသင်သည် ဘုရား၌ကြည်ညိုခြင်းရှိ၏။ တရား၌ တည်ကြည်ခြင်းရှိ၏။ သံဃာ၌ကြည်ညိုခြင်းရှိ၏။ အရိယာတို့နှစ်သက်အပ်သော သီလရှိ၏။ ဤသို့ နှစ်သိမ့်စေအပ်၏။

'အသင့်အား မိဘနှစ်ပါးတို့အပေါ်၌ ငဲ့ကွက်ခြင်းရှိပါသေးသလော'ဟု မေးအပ်၏။ 'ကျွန်ုပ်မှာ မိဘနှစ်ပါးအပေါ်၌ ငဲ့ကွက်ခြင်းရှိပါသေး၏'ဟု ဖြေခဲ့သော် 'အသင်သည် သေခြင်းသဘောရှိသူဖြစ်၏၊ မိဘတို့အပေါ်၌ ငဲ့ကွက်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သေရမည်သာဖြစ်၏။ ထို့ကြောင့် မိဘတို့အပေါ်၌ ငဲ့ကွက်ခြင်းကို စွန့်ပယ်ပါလော' ဟု တိုက်တွန်းအပ်၏။

'ကျွန်ုပ်သည် မိဘတို့အပေါ်၌ ငဲ့ကွက်ခြင်းကို ပယ်အပ်ပြီး' ဟူသော် 'အသင်သားမယားတို့အပေါ်၌ ငဲ့ကွက်ခြင်းရှိပါသေးသလော'ဟု မေးအပ်၏။ 'ရှိပါသေးသည်'ဟုဖြေခဲ့သော် သားမယားတို့အပေါ်၌ ငဲ့ကွက်ခြင်းကို စွန့်ပယ်ရန် တိုက်တွန်းအပ်၏။

'ကျွန်ုပ်သည် သားမယားတို့အပေါ်၌ ငဲ့ကွက်ခြင်းကို ပယ်စွန့်အပ်ပြီ'ဟု ဆိုသော် 'အသင့်အား လူ၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့၌ ငဲ့ကွက်ခြင်းရှိပါသေးသလော'ဟု မေးအပ်၏။ 'ရှိပါသေးသည်' ဟုဖြေဆိုခဲ့သော် 'နတ်၌

ဖြစ်သော ကာမဂုဏ်တို့သည် လူ့ဌ်ဖြစ်သောကာမဂုဏ်တို့ထက် သာလွန်မွန်မြတ်ပါ၏။ အသင်သည် လူ့ဌ်ဖြစ်သော ကာမဂုဏ်တို့ကို ပယ်စွန့်ပြီး စတုမဟာရာဇ်နတ်တို့၌ စိတ်ကိုသက်ဝင်စေပါလော'ဟု တိုက်တွန်းအပ်၏။

'ကျွန်ုပ်သည် လူ့ပြည်၌ ကာမဂုဏ်တို့ကို ပယ်စွန့်ပြီး စတုမဟာရာဇ်နတ်တို့၌ စိတ်ကို သက်ဝင်စေအပ်ပြီဟု' ဆိုသော် 'တာဝတိံသာနတ်တို့သည် စတုမဟာရာဇ်နတ်တို့ထက် သာလွန်မွန်မြတ်ကုန်၏။ အသင်သည် စတုမဟာရာဇ်နတ်တို့၏စိတ်ကို သက်ဝင်ပါလော'ဟု တိုက်တွန်းအပ်၏။

ဤနည်းဖြင့် ယာမာ, တုသိတာ, နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တိနတ်ပြည်တို့ကို တစ်ဘုံပြီးတစ်ဘုံ သက်ဝင်ရန် တိုက်တွန်းသွားအပ်၏။

'ကျွန်ုပ်သည် ပရိနိမ္မိတဝသဝတ္တိနတ်တို့မှ စိတ်ကိုပယ်စွန့်ပြီး ဗြဟ္မာလောက၌ စိတ်ကိုသက်ဝင်စေအပ်ပြီး ဟုဆိုခဲ့သော် 'ဗြဟ္မာလောကသည် မတည်မြဲသောသက္ကာယ၌ အကျုံးဝင်သောတရားဖြစ်သည်။ အသင်သည် ဗြဟ္မာလောကမှ စိတ်ကိုပယ်စွန့်ပြီး သက္ကာယ ချုပ်ရာနိဗ္ဗာန်၌ စိတ်ကိုရှေးရှုဆောင်ပါလော' ဟု တိုက်တွန်းအပ်၏။

'ကျွန်ုပ်သည် မတည်မြဲသော ဗြဟ္မာလောကမှစိတ်ကို ပယ်စွန့်ပြီး သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ စိတ်ကိုရှေးရှုဆောင်ပြီးပါပြီ'ဟု ဆိုခဲ့သော် 'ဤသို့ လွတ်မြောက်သောစိတ်ရှိသော ဥပသကာ၏ လွတ်မြောက်မှုကို နှစ်ပေါင်းတစ်ရာပတ်လုံး လွတ်မြောက်သောစိတ်ရှိသော ရဟန်း၏လွတ်မြောက်မှုနှင့် တစ်စုံတစ်ရာ ခြားနားခြင်းမရှိ။

ဘုရားရှင် လမ်းညွှန်ပြခဲ့သော 'ဤဘဝနေဝင်သေနည်းပြင်' နည်းလမ်း

သည် သေခါနီးသူအတွက် အကောင်းဆုံးမိတ်ဆွေ၊ သစ္စာရှိမိတ်ဆွေ၊ ကောင်းကျိုးလိုလားသော မိတ်ဆွေဖြစ်ပါတော့သည်။

(မဟာဝဂ္ဂသံယုတ်၊ ဂိလာနသုတ်)

## သေခါနီးတရားနာရ ဖဂ္ဂုန

တစ်ရံရောအခါ အရှင်ဖဂ္ဂုနသည် သေလောက်သည့်ရောဂါဝေဒနာ ဖြစ်နေ၏။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်ထံသွားပြီးလျှင် -

'မြတ်စွာဘုရား၊ ဖဂ္ဂုနမထေရ်သည် သေလောက်သောရောဂါဝေဒနာ ဖြစ်နေပါပြီ၊ ကြွရောက်၍ တရားဓမ္မဟောပြောပါဦးဘုရား'

ဟုလျှောက်ထားလေသည်။ မြတ်စွာဘုရားသည် သတ္တဝါတို့အား သနားကြင်နာတော်မူသည့်အတိုင်း ကြွရောက်တော်မူကာ တရားဓမ္မ ဟောပြောတော်မူပြီးနောက် ပြန်ကြွသွားတော်မူသည်။

မကြာမီ အရှင်ဖဂ္ဂုန ပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူခါနီး၌ အလွန်ကြည်လင်သော ဣန္ဒြေရှိသည်ဟု အကဲခတ်လိုက်သည်။

ထိုအကြောင်းကို ရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်ထားပြသည်။ ထိုအခါ မြတ်စွာဘုရားက . . .

'ချစ်သားအာနန္ဒ၊ သေခါနီးအခါ ငါဘုရားကိုပင့်၍ တရားနာလျှင် တရားထူးရနိုင်သည်။ သို့မဟုတ် သံဃာတော်ကိုပင့်၍ တရားနာလျှင် တရားထူးရနိုင်၏။ သို့မဟုတ် မိမိသိပြီးသောတရားကို ပွားများနေက တရားထူးရနိုင်၏ဟု ဟောတော်မူလေသည်။

ကမ္ဘာကျော်စာပေ

## သေနည်းတတ်တဲ့ညီမလေး

ညီမလေးမြင့်မြင့်သန်း

ညီမလေးဆုံးပြီးတဲ့ နောက်တစ်နေ့မှာ ကိုကိုသာသနာ့ရိပ်သာသို့ ရောက်လာတယ်၊ ညီမလေးတရားအားထုတ်ခဲ့တဲ့ ဖြူးမြို့မဟာစည် သာသနာ့ရိပ်သာပါပဲ၊ ဆရာတော်ဦးနရပတိလဲ နယ်လှည့်တရားဟောရာက ခေတ္တပြန်ရောက်လာလို့ ညီမလေးဘယ်ပုံအသက်ပျောက်ခဲ့ရတယ်ဆိုတာကို ကိုကိုလျှောက်ထားမိခဲ့ပါတယ်။

'မြင့်မြင့်သန်းမဆုံးခင် ငါးရက်လောက်က သူသေရင်သူ့အတွက် ရည်မှန်းပြီး ရိပ်သာအဝင်လမ်းကို ကွန်ကရစ်လမ်းခင်းပေးဖို့ မှာခဲ့ပါတယ်ဘုရား၊ နောက်မဆုံးခင်တစ်ရက်က ညီမလေးဟာ ခွဲသလိပ်တွေကျပ်သွားပြီး ချောင်းဆိုးလို့လဲမရ၊ မျိုလို့လဲမရ၊ အသက်ရှူလို့မရ မွန်းကျပ်ပြီး မေးခိုင်သွားပါတယ်ဘုရား၊ နောက်အသက်ပြန်ရှူလာနိုင်တဲ့အခါကျတော့ အလွန်အားကုန် မောဟိုက်ပြီး စကားသိပ်မပြောနိုင်တော့ပါဘူးဘုရား'

'အေး အဲဒီလိုအချိန်မျိုးမှာ အနားကနေပြီး တရားရှုမှတ်နေဖို့ သတိပေးရတယ်'

မှန်ပါဘုရား၊ အဲဒီတစ်ညလုံး တပည့်တော်အမေ၊ ညီမလေးအနားမှာ ပြုစုရင်းနဲ့ တရားဓမ္မနဲ့ စပ်လျဉ်းတဲ့စကားတွေကိုပဲ ပြောပြနေပါတယ်ဘုရား၊ တပည့်တော်က ညီမလေးဟာ ဉာဏ်စဉ်နာပြီး ယောဂီပုဂ္ဂိုလ်ဖြစ်တယ်နော်၊ ဒီတော့ အနုလောမဉာဏ်ပြီးရင် ဘာဉာဏ်ဖြစ်တုံးလို့ မေး

လိုက်တော့ ဂေါတြဘုလို့ အားယူပြီး ခပ်သဲ့သဲ့လေးနဲ့ ဖြေပါတယ်ဘုရား'

'အေး. . ဒါဆိုရင် အနုလောမဉာဏ် ရင့်သန်နေတဲ့ ပုဂ္ဂိုလ်ဟာ ဂေါတြဘုဉာဏ်ဖြစ်ဖို့ နီးနီးလေးပဲ၊ ဂေါတြဘုဉာဏ်ဟာ မဂ်ဉာဏ်ဖြစ်တော့မယ် အသိပေးလိုက်တဲ့ ဉာဏ်ပါ၊ မဂ်ဉာဏ်ဖြစ်ပြီးတာနဲ့ ဖိုလ်ဉာဏ်ဟာလဲ တစ်ဆက်တည်း ဖြစ်လာတော့တာပါပဲ၊ ဒီတော့ ညီမလေးလဲ အမှတ်တရား ကို မလွှတ်ပါစေနဲ့လို့ သတိပေးလိုက်ပါတယ်ဘုရား။

'ညီမလေးလဲ ရှုမှတ်တဲ့အကြောင်း အသက်ရှုကျပ်သွားစဉ်ကတော့ 'ငါတော့ သေရတော့မှာဘဲထင်ပြီး ဘုရားဂုဏ်တော်များကို ရွတ်တဲ့အကြောင်း၊ နောက်တော့ ဝိပဿနာရှုမှတ်ရင်းနှင့် အသက်ပြန်ရှုလာနိုင်တဲ့အကြောင်း ပြန်ပြောပါတယ်ဘုရား'

'အေး. . . ဒီလိုဆိုရင် အမှတ်တရားလက်မလွှတ်ဘဲကိုး'

'တင်ပါ့ဘုရား တပည့်တော်တို့ သတိပေးတဲ့အခါမှာ ဗိုက်ပေါ်လက်ကလေးတင်ပြီး ငြိမ်ငြိမ်သွားတာတွေ့ရတယ်၊ နောက်ပြောသေးတယ်ဘုရား၊ ကျွန်မ ရှုမှတ်တဲ့အခါ နောက်ဆုံးရောက်ခဲ့တဲ့အဆင့်တွေကို ခဏလေးနဲ့ ပြန်ရောက်ပါတယ်တဲ့'

'အဲဒါ သူရောက်ခဲ့ရတဲ့ ဉာဏ်ရဲ့ထူးခြားမှုပဲ၊ အားထုတ်ဖူးတဲ့ ရခဲ့ဖူးတဲ့ ယောဂီများတော့ သိကြပါတယ်'

'မှန်ပါဘုရား၊ နောက်နေ့နံနက်(၉)နာရီလောက်ကျတော့ ဒီလိုပဲ ချွဲတွေကျပ်ဆို့ပြီး အသက်မရှုနိုင်တော့ဘဲ မေးခိုင်သွားပြန်ပါတယ်ဘုရား၊ တအောင့်နေတော့ အသက်ပြန်ရှုလာနိုင်တာနဲ့ တပည့်တော်က ဝိပဿနာ

တရားကို ရှုမှတ်ဖို့ တစ်ခွန်းလောက်ပဲ သတိပေးလိုက်ပါတယ်ဘုရား၊ နောက်မျက်လုံးတော့ ဖွင့်လာပြီး တပည့်တော်နဲ့အနားမှာ ထိုင်နေတဲ့သူရဲ့ မောင်လေးကို တစ်ကြိမ်စိကြည့်ပြီးတော့ မျက်စိလေးတွေ တည်ငြိမ်သွားပါ တယ်ဘုရား၊ နောက်မျက်စိမှတ်သွားပြီ အသက်ကို ရှည်ရှည်လျားလျား အားယူပြီးတော့ လေး, ငါး, ရှစ်ကြိမ်ခန့် ရှူပြီး ငြိမ်သက်သွားပါတော့တယ် ဘုရား'

မင်းညီမလေး မြင့်မြင့်သန်းဟာ ဝိပဿနာရှုမှတ်ရင်းနဲ့ အသက်ကုန် သွားတာ သေချာပါတယ်၊ ရှေးကတစ်ခါသေမတတ်ဖြစ်စဉ်က ဝိပဿနာ ရှုမျတ်ရင်းနဲ့ လွတ်မြောက်ခဲ့ပါတယ် မဟုတ်လား၊ နောက်တစ်ခါထပ်ဖြစ် တော့ ပထမတစ်ခါ လွတ်မြောက်တာကို သတိရပြီး ဝိပဿနာကိုပဲ ထပ်ရှု မှတ်မှာပဲ၊ အာစိဏ္ဏကံဆိုတဲ့ အဆက်မပြတ်ရှုမှတ်မှုတွေ ရှိနေတာပဲ'

'တင်ပါ့ဘုရား၊ ဒီလိုဆိုရင် သူမရဲ့လားရာဂတိ ကောင်းလိမ့်မယ်ထင်ပါ တယ်'

'အင်း. . . အသိဉာဏ်ရရှိတော်မူကြတဲ့ ဘုရားရဟန္တာများကတော့ သေသွားတဲ့ပုဂ္ဂိုလ် ဘယ်ဂတိလားသည်၊ ဘယ်ဘဝကိုလားတယ်၊ ရှုမှတ် ရင်းနဲ့ စုတိစိတ်ခဲတ်ကျသွားတဲ့ ပုဂ္ဂိုလ်ဟာ ဘာဉာဏ်ရသွားတယ်ဆိုတာ သိကြလေတယ်။ ရေနစ်သော ယောကျ်ားတစ်ယောက်ဟာ သူသည် ကြိုး စားအားထုတ်မှု မပြုရင်ဖြင့် ရေလယ်၌နစ်၍သေရတော့မယ်ဆိုတာကို သိတယ်၊ ဒီတော့ ရေ၌မနစ်အောင် အစွမ်းကုန်တအားကုန် ကြိုးစားအား ထုတ်ပြီး ကူးခတ်ခဲ့အတွက် ကမ်းတစ်ဖက်ကို ရောက်သွားတယ်၊ ဒီဥပမာလို

ပါပဲ၊ မိမိကိုယ်ကို သေတော့မယ်လို့ သတိရှိတဲ့ယောဂီဟာလဲ အစွမ်းကုန် မီးကုန်၊ ယမ်းကုန် ကြိုးစားအားထုတ်လိုက်တဲ့အတွက် တရားထူး၊ တရား မြတ်ကို သိသွားတတ်ပါတယ်၊ တို့ရိပ်သာက ယောဂီဖြစ်တဲ့ မင်းညီမလေး ဟာ လားရာဂတိ မမှားနိုင်ပါဘူး၊ ကောင်းသောသုဂတိဘုံဘဝသို့ ရောက် နိုင်စရာအကြောင်းများစွာ ရှိပါတယ်'

ကျေးဇူးတော်ရှင် ဦးနရပတိကို ရိုသေစွာကန့်တော့ခဲ့ပြီး ကိုကိုလဲ ပြန်လာခဲ့တယ် ညီမလေး၊ ညီမလေးဟာ ဝိပဿနာတရားကို ကြိုးစားအား ထုတ်ခဲ့တဲ့ မိန်းကလေးဖြစ်လို့ -

'ညည်းညူမရှိ၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လှန်ကြောဆွဲ၊ မရှိဘဲနှင့်' ဆိုတဲ့ ဝိပဿနာအကျိုးတရားများကို ခံစားပြီး သေဆုံးခဲ့ပါတယ်။

ဒီကဗျာလင်္ကာလေးကလည်း ညီမလေးအသက်ရှင်စဉ်က မကြာခဏ ရွတ်ဆိုနေကျလင်္ကာလေးပါပဲ၊ ကျန်ရစ်ခဲ့တဲ့ မေမေတို့၊ ကိုကိုတို့၊ ညီလေး မောင်လေးတို့ကို သေတဲ့အခါ ဘယ်လိုသေရမယ်၊ အဲဒီလို သေတတ် အောင် ဘယ်တရားကို ကြိုးစားအားထုတ်ရမယ်ဆိုတာ ညီမလေးက စံနမူ နာပြသွားပါတယ်လို့ ယူဆပါတယ်၊ အဲဒီအချိန်မှာ ညီမလေးဟာ တရား ထူး၊ တရားမြတ်တွေကိုသိပြီး ကောင်းမြတ်တဲ့ဘုံဘဝမှာ ရောက်နေပြီဆို တာကို ကိုကိုတို့ ယုံကြည်နေပါတယ်၊ ဒါကြောင့် ညီမလေးကောင်းရာ သုဂတိ၌ အထက်မဂ်တရားကိုရအောင် အားထုတ်ခြင်းဖြင့် ပျော်မွေ့ပါစေ

လို့ ဆုတောင်းပြီး ပြုပြုသမျှကုသိုလ်ကို အမျှပေးဝေပါတယ်ညီမလေး

ကိုကို. .

မောင်စိုးလှိုင် (ဖြူး)

ဗုဒ္ဓမေ္မလောကစာစောင်အတွဲ - ၃၆၊ အမှတ် - ၉။

(၁၁. ၁၀. ၉၀)

## သေခြင်းကိုမတုန်လှုပ်ကြသူများ

တာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုချိန်ဖြစ်သည်။ ဘုရားလောင်းသည် တံငါရွာငယ်၌ လယ်လုပ်စားသော ပုဏ္ဏားမျိုး၌ ဖြစ်လေသည်။ ဘုရားလောင်းပုဏ္ဏားတွင် မယား၊ သား၊ ချွေးမ၊ သမီး၊ ကျွန်မဟူ၍ မိသားစု ခြောက်ယောက်ရှိလေသည်။

ဘုရားလောင်းသည် ငါးယောက်ကုန်သောသူတို့ကို. . .

- သင်တို့သည် ရအပ်သောပစ္စည်းဖြင့် တတ်နိုင်သလောက် ပေးလှူကြပါ။
- သီလကို စောင့်ထိန်းကြပါ။
- ဥပုသ်သီတင်းစောင့်သုံးကြပါ။
- သေခြင်းသဘောကို မပြတ်နှလုံးသွင်းပါ။
- တစ်နေ့ သေရမည်ကို သိထားကြပါ။
- သတ္တဝါအပေါင်းတို့အား သေခြင်းသည်မြဲ၏။

**ကမ္မာကျော်စာပေ**

- အသက်ရှင်ခြင်းသည်ကား မမြဲ။
- ခပ်သိမ်းသော သင်္ခါရတို့သည် အနိစ္စဖြစ်ကုန်၏။ ကုန်ခြင်း, ပျက်ခြင်း သဘောရှိကုန်၏။
- နေ့ညဥ့်မပြတ် မမေ့မလျော့သတိပြုကြပါ။

ဟုဆုံးမလေသည်။ အားလုံးကလည်း အဆုံးအမ၌ တည်ကြ၍ မရဏာသာတိကို မမေ့မလျော့ ပွားများနေကြသည်။

တစ်နေ့တွင် ဘုရားလောင်းနှင့် သားတို့သည် လယ်သို့သွား၍ ထွန်ကြသည်၊ သားသည် အမှိုက်တို့ကိုစုပုံ၍ မီးရှို့သည်၊ ထိုအမှိုက်ပုံးအနီးရှိ တောင်ပို့တစ်ခု၌ အဆိပ်ပြင်းသော မြွေတစ်ကောင်သည် နေသည်။ မီးခိုးသည် ထိုမြွေ၏မျက်စိကို ထိခတ်မိရာမြွေသည် ဤသူကြောင့် ငါ့အားဘေးဖြစ်ရသည်ဟုဆိုကာ အမျက်ထွက်ပြီး တောင်ပို့မှတက်ကာ ကိုက်လေသည်။ သားသည်မြွေဆိပ်ဒဏ်ကြောင့် လဲကျသည်။ ဘုရားလောင်းသည် သားလဲကျသည်ကိုမြင်၍ လာကြည့်သည်၊ သားသည် ပြင်းသောမြွေဆိပ်ဒဏ်ကြောင့် ချက်ချင်းပင် သေလေသည်၊ ဘုရားလောင်းသည် သားအလောင်းကို ချီမ,ယူ၍ သစ်ပင်ရင်း၌ထားသည်။ သားအတွက် မငိုမယိုဘဲ

- ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုသည်ကား ပျက်စီး၏။
- သေတတ်သောသဘောရှိသော ဝတ္ထုသည်ကားသေ၏။
- ခပ်သိမ်းသောသင်္ခါရသည် အနိစ္စဖြစ်ကုန်၏။ သေခြင်းလျှင် အပြီးရှိကုန်၏။

အနိစ္စအဖြစ်ကိုမှတ်၍ လယ်ကိုဆက်လက်ထွန်လေသည်။

ကမ္ဘာကျော်စာပေ

ဘုရားလောင်းသည် လယ်အနီး၌ ဖြတ်သွားသောအိမ်နီးချင်း ယောကျ်ား တစ်ယောက်ကို ဤသို့မေးသည်။

'အမောင် အိမ်ပြန်မည်လား'

'ဟုတ်ကဲ့ ပြန်ပါမည်'

'ဒါဆို ငါ့အိမ်ဝင်ပြောပေးပါ။ ယနေ့ ထမင်းကိုတစ်ယောက်စာပဲ ယူခဲ့ပါ။ လယ်တောသို့ အားလုံးလဲအဝတ်သစ်ဝတ်, နံ့သာလက်စွဲပြီး လိုက်လာခဲ့ ပါလို့ ပြောပေးပါ'

အိမ်နီးချင်းယောကျ်ားသည် ပုဏ္ဏေးမကို ဘုရားလောင်းမှာသည့်အတိုင်း ဝင်၍ပြောပြသည်။

'အမောင်၊ ဤစကားကိုသင့်အား မည်သူကမှာလိုက်ပါသနည်း'

'ရှင်မ၊ ပုဏ္ဏားကြီးက မှာလိုက်ပါသည်'

ထိုအခါ ပုဏ္ဏေးမသည် သားသေသည်ကိုသိသည်။ ပုဏ္ဏားအား တုန် လှုပ်ခြင်းသည် မဖြစ်ချေ။ ပုဏ္ဏေးမသည် အာဟာရကို ကျွန်မကိုယူစေပြီး အားလုံး အဝတ်စားသစ်ဝတ်ကာ နံ့သာများလက်စွဲပြီး လယ်တောသို့ ထွက်ခွာလာခဲ့ကြသည်။

တစ်ယောက်သောသူမျှ ငိုခြင်းမရှိ၊ ဘုရားလောင်းသည် သားအလောင်း ထားသော အရိပ်၌ပင်ထိုင်ကာ အစာကိုစားသည်။ စားပြီးသော် အားလုံး ထင်းတို့ကို သယ်ဆောင်ကြပြီး သားအလောင်းကို မီးသင်္ဂြိုလ်ကြလေသည်။ အားလုံးသည် မီးရှို့ရင်း မရဏာဿတိကို ပွားများနေကြသည်။

သူတို့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် ပူယောင်ပြ

သည်။ သိကြားမင်းသည် 'ငါကို ဤနေရာမှရွှေ့စေသည်'ဟု ဆင်ခြင်ကြည့်သည်။ ထိုသူတို့၏သီလတန်ခိုးကြောင့် ပူသည်အဖြစ်ကို သိသည်။

သိကြားမင်းသည် ထိုသူတို့ကို ကြည်ညိုသည်ဖြစ်၍

" ငါသည် ထိုသူထံသွား၍ ခြင်္သေ့သံနှင့်တူစွာဆိုအံ့၊ ထို့နောက် ထိုသူတို့၏အိမ်ဝယ် ရတနာခုနစ်ပါးဖြင့်ပြည့်စေအံ့"

ဟုကြံစည်ပြီး ထိုသူတို့ထံသို့သွားလေသည်။ သုသာန်အနားသို့ ရောက်သော် အနားသို့သွားပြီးလျှင် -

" အမောင်တို့၊ သင်တို့သည် အဘယ်အမှုကိုပြုနေကြသနည်း"

" တစ်ယောက်သော သူကို မီးသင်္ဂြိုဟ်နေကြပါသည်"

" သင်တို့သည် လူကိုမသင်္ဂြိုဟ်ကုန်၊ သမင်တစ်ကောင်ကို သတ်၍မီးဖုတ်နေလေသည်တကား "

" အရှင်၊ သမင်ကို မီးဖုတ်သည်မဟုတ်၊ လူကိုမီးသင်္ဂြိုဟ်နေပါ၏"

" ထိုသူသည် သင်တို့ရန်သူဖြစ်ပါသလား "

" အရှင်၊ ရင်၌ဖြစ်သော သားဖြစ်ပါသည်၊ ရန်သူမဟုတ်ပါ"

" ဒါဆိုလျှင် သင်တို့မချစ်သော သားဖြစ်ပေမည် "

" အရှင် အလွန်ချစ်သော သားဖြစ်ပါသည် "

" အလွန် ချစ်သောသားဖြစ်လျှင် အဘယ်ကြောင့်မငိုပါသနည်း"

" အရှင်၊ မြွေသည် အရေဟောင်းကို စွန့်၍ သွားသကဲ့သို့ သား သည် မိမိကိုယ်ကိုစွန့်၍ သွားပါသည်။ ကိုယ်သည်ခံစားခြင်းမရှိ၊

တမလွန်ဘဝသို့လားသည်။ သေလွန်၍ မီးသဂြိုလ်ခံရသော သားသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိပါ၊ သားသွားရာဂတိကိုလည်းမသိပါ၊ သားအတွက်စိုးရိမ် စရာမရှိပါ။

သိကြားမင်းသည် ပုဏ္ဏေးမဘက်သို့ လှည့်၍ မေးပြန်သည်။

"သေသောသူသည် သင်နှင့် အဘယ်သို့ တော်စပ်ပါသနည်း"

" အရှင်၊ ဆယ်လလွယ်မွေးပြီး ကျွေးမွေး သုတ်သင်ထားရ သော သားဖြစ်ပါသည်"

" မိခင်၊ အဖသည်ကား ယောကျ်ားဖြစ်သောကြောင့် မငိုသည် ထားပါဦး၊ မိခင်နှလုံးသားသည် ကားနူးညံ့သည်၊ အသင်အဘယ်ကြောင့် မငိုပါသနည်း "

" အရှင်၊ ကျွန်ုပ်၏သားသည် မခေါ်ဘဲလာ၍ ခွင့်မလွှတ်ဘဲ ပြန်သွားပါသည်။ အလိုအလျောက်လာ၍ အလိုအလျောက် ပြန်သွားသော သူ၌ ငိုကြွေးနေခြင်းသည် အဘယ်အကျိုးရှိပါသနည်း ၊ မီးဖုတ်ခံရသော သားသည်လည်း ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို သိမည်မဟုတ်ပါ၊ သားသည် လားရာဂတိအတိုင်း သွားပါ၏၊ စိုးရိမ်နေရန်မလိုပါ"

သိကြားမင်း သည် နှမကို မေးပြန်၏

" သေသောသူသည် သင်နှင့် မည်သို့တော်စပ်ပါသနည်း"

" အရှင်၊ သေသောသူသည် ကျွန်ုပ်၏မောင် ဖြစ်ပါသည်"

" မိခင်နှင့် နှမတို့သည် မောင်၌ချစ်တတ်ပါသည်။ သင်သည် အဘယ့်ကြောင့်မငိုပါသနည်း "

" အရှင် ၊ အကယ်၍ ငိုကြွေးနေပါက ကိုယ်ကြုံလို့ရှိသော ရှိပါသည်။ ငိုနေ၍ ဘာမျှ အကျိုးမရှိပါ ၊ ဆွေမျိုးတို့စိတ်ဆင်းရဲဖွယ်သာ ရှိပါသည်။ မီးဖုတ်ခံရသော မောင်သည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိပါ၊ သူလားရာ ဂတိအတိုင်း သွားပါသည်"

သိကြားမင်းသည် ချွေးမကို မေးပြန်၏

" သေသောသူသည် သင်နှင့် မည်သို့ တော်စပ်ပါသနည်း"

" အရှင် ၊ ကျွန်ုပ်၏လင်ဖြစ်ပါသည်"

" မိခင် ၊ မိန်းမတို့သည် လင်သေသော် ကိုးကွယ်ရာ မရှိကုန် ၊ မုဆိုးမဖြစ်ကုန်၏ ၊ သင်အဘယ်ကြောင့် မငိုပါသနည်း "

" အရှင် ၊ သေသောသူအတွက် စိုးရိမ်ခြင်းသည် သူငယ်၏သဘောဖြစ်ပါသည်၊ သူငယ်သည် သွားနေသော လပြည့်ဝန်းကို မြင်၍ လကိုပေးပါ-ပေးပါဟု ငိုတောင်းနေသကဲ့သို့သာ ဖြစ်ပါမည်၊ မီးဖုတ်အပ်သောလင်သည် ကျွန်ုပ်၏ငိုခြင်းကို သိမည်မဟုတ်ပါ၊ သူလားရာဂတိအတိုင်း သွားပါသည်"

သိကြားမင်းသည် ကျွန်မကို မေးပြန်သည်

" မိခင် ၊ သေသောသူသည် သင်နှင့် မည်သို့ တော်စပ်ပါသနည်း"

" အရှင် ၊ သေသောသူသည် ကျွန်ုပ်၏အရှင်ဖြစ်ပါသည်"

" သေသောသူသည် သင့်ကို နှိပ်စက်သည် ထင်သည်၊ ယခု နှိပ်စက် ဒဏ်မှလွတ်ပြီဆိုပြီး သင်မငိုသည်မဟုတ်ပါလော"

" အရှင် ၊ ဤသို့မဆိုလင့် ၊ အရှင့်စကားသည် သေသောသူအား

မသင့်ပါ၊ ကျွန်ုပ်၏ အရှင်သားသည် ခန္တိမေတ္တာ၊ ကရုဏာနှင့် ပြည့်စုံပါသည်။ ရင်၌ ဖြစ်သော သားကဲ့သို့ဖြစ်ပါသည်"

" ထိုသို့ဖြစ်လျှင် အဘယ့်ကြောင့် သင်မငိုပါသနည်း"

" အရှင် သေသောသူသည် ကွဲသောအိုး ပြန်၍ဆက်စပ်မရသကဲ့သို့ ရှိပါသည်၊ စိုးရိမ်စရာမလိုပါ။ မီးဖုတ်ခံရသော အရှင်သားသည် ကျွန်ုပ်ငိုသည်ကို သိမည်မဟုတ်ပါ ၊ သူ၏လားရာ ဂတိအတိုင်းသွားပါသည်"

သိကြားမင်းသည် အလုံးစုံသော သူတို့၏ တရားစကားကိုကြားရသောအခါ အလွန်ကြည်ညိုလှသည်။

" သင်တို့သည် မမေ့မလျော့ မရဏာဿတိကို ပွားများကြသည်၊ ယနေ့မှစ၍ သင်တို့သည် လက်ဖြင့် အလုပ်မလုပ်ကြကုန်လင့် ၊ သိကြားမင်းဖြစ်သော ငါသည် သင်တို့၏အိမ်၌ ရတနာခုနစ်ပါးတို့ကို အတိုင်းအရှည် မသိသည်ကိုပြုအံ့ ၊ သင်တို့သည် အလိုရှိသမျှ လှူကြပါ၊ သီလဆောက်တည်ကြပါ"

သိကြားမင်းသည် ထိုသို့ ပြောပြီးနောက် အိမ်၌ ရတနာတို့ကို အတိုင်းအရှည်မသိ ပြည့်စေပြီးနောက် ပြန်သွားလေသည်။

( မဇ္ဈိကုဏ္ဏာသလဝဂ်၊ ဥရဂဇာတ်၊ ပဉ္စကနိပါတ် )

## ဥပစ္ဆေဒကကံဖြင့် နေဝင် – နတ်ပြည်တွင်စံရသူ

ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ကောသလတိုင်းတွင်း ရှိ ဇနပုဒ်ရွာများသို့ ခရီးလှည့်လည် ကြွတော်မူစဉ် ထူကာအမည် ရှိသော ပုဏ္ဏားရွာသို့ ရောက်ရှိလာသည်။

ထိုရွာသူရွာသားတို့သည် ဗြဟ္မဏ အယူဝါဒ ရှိပြီးဘုရား၏ မကြည်ညိုကြကုန် ၊ ဘုရားရှင် ရောက်လာမည်ဟု သတင်းကြားရသော အခါ-

" ရဟန်းဂေါတမသည် ဤရွာသို့ဝင်ကာ နှစ်ရက် သုံးရက်ကြာ အကယ်၍ နေပါမူ ရွာသားများ ဂေါတမဘုရား၏ တရားစကား၌ သက်ဝင်သွားလိမ့်မည် ၊ ငါတို့ ဗြဟ္မဏဝါဒတရား ဆောက်တည်ရာမရ ဖြစ် လိမ့်မည်"

ဟု ကြံစည်မိကြပြီး ဘုရားရှင်နှင့် သံဃာတော်များနေရာ မရစိမ့် သောငှာ မြစ်ဆိပ်၌ ထားသော လှေတို့ကို ဝှက်ကြသည်။ တံတားလမ်း ကူးများ ဖျက်ထားကြသည်။ ရေချမ်းစဉ် များကိုလည်းဖျက် သိမ်းထားကြ ပြီး ရွာသူရွာသားများသောက် သုံးရန်အတွက် ရေတွင်းတစ်တွင်းသာ ချန် ထားကြသည်။

ဘုရားရှင်သည် ပုဏ္ဏားတို့၏ အကြံအစည်ကိုသိသည်။ ပုဏ္ဏားတို့ အား သနားကရုဏာ ထားသဖြင့် ရဟန်းအပေါင်းခြံရံကာ ကောင်းကင် ခရီးဖြင့် ကြွပြီးရွာထိပ် အနီး သက်ဆင်းကာ သစ်ပင်ရင်းတွင် သီတင်းသုံး နေထိုင်လေသည်။

ကမ္ဘာကျော်စာပေ

ဘုရားရှင်နှင့် သံဃာတော်များ ရွာထိပ်သို့ ရောက်လာပြီဟု သတင်းကြားသောအခါ ပုဏ္ဏားတို့သည် စုဝေးတိုင်ပင်၍ ကတိကဝတ်ပြု ကြသည်။

" ရဟန်းဂေါတမကို မည်သူမျှ မကြိုဆိုရ ၊ ဆွမ်းမလောင်းရ "

ထိုအမိန့်ကို တစ်ရွာလုံး လိုက်နာစေပြီး ရွာတံခါးကို ပိတ်ထား လိုက်သည်။ အမျိုးသမီးတို့သည် ရေခပ်ထွက်ကြသည်။ ပုဏ္ဏားခေါင်း ဆောင်တို့၏ အမိန့်ကြောင့် ဘုရားရှင် သီတင်းသုံးရာ သစ်ပင်အနီးသို့ ရောက်ကြသော်လည်း ဘုရားရှင်ကို မကြည့်ဝံ့ကြ ၊ မျက်နှာလွှဲ၍သာ သွားကြသည်။"

ပုဏ္ဏားခေါင်းဆောင်တစ်ဦး၏ ကျွန်မသည် ရဟန်းအပေါင်း ခြံရံ လျက် သီတင်းသုံးနေသော ဘုရားရှင်ကို ငဲ့စောင်းကြည့်မိသည်။ ဘုရား ရှင်နှင့် သံဃာတော်များ တွေ့မြင်ရသောအခါ ယိုဖိတ်သော သဒ္ဓါစိတ်ကို မထိန်းသိမ်းနိုင်ဘဲ ရှိပြီး မိမိဒ္ဓပါလာသော ရေကို လှူလိုစိတ်ပေါ်လာသည်။

တစ်ဖက်ကလည်း ရွာခေါင်းဆောင်တို့၏ ချမှတ်ထားသော စည်း မျဉ်းကို ဖောက်ဖျက်ရမှာ ကြောက်ရွံ့နေမိသည်။

" ငါသည် ဤကဲ့သို့သော ကောင်းမှုတည်း ဟူသော မျိုးစေ့ကို ကြဲချရာ မြေကောင်းသဖွယ် ဖြစ်သော အလှူခံပုဂ္ဂိုလ်ကို ရပါလျက် သောက် ရေတစ်ခွက်ကို လှူဒါန်းပြီး မိမိဆောက်တည် ကိုးစားရာကို မပြုလုပ်မိငြား အံ့ ၊ ငါသည် ဤသို့ဆင်းရဲစွာ အသက်မွေးရသော သူ့ကျွန်အဖြစ်မှ အဘယ်မှာ ကျွတ်ပါအံ့နည်း ၊ ငါ့အရှင်သခင်ပုဏ္ဏား ၊ သူကြွယ်နှင့် ရွာသူ

ရှာသားတို့ ဖမ်းဆီး၍ သတ်လိုက သတ်ပါစေတော့ ၊ ငါသည် ကောင်းမှု မျိုးစေ့ စိုက်ပျိုးရာ လယ်မြေကောင်းဖြစ်သော ဘုရားရှင်နှင့် သံဃာတော် များကို ရေကိုလှူပါတော့အံ့ "

အမျိုးသမီးငယ်ကျွန်မသည် ဤသို့ဆုံးဖြတ်ပြီး မိမိ ဆန္ဒကိုအဖော် တို့ကို ပြောပြသည်။ အဖော်တို့က ထိုသို့မပြုလုပ်ရန် တားမြစ်ကြသည်။ ကန့်ကွက်ကြသည်၊ ခြိမ်းခြောက်ကြသည်။

အမျိုးသမီးငယ်သည် တားမြစ်ချက်များကို ဥပေက္ခာပြုလိုက်သည်။ သဒ္ဓါစိတ်ကြောင့် အသက်ခန္ဓာ ပျက်စီးမည်ကို မကြောက်ရွံ့ ၊ မစိုးရိမ် လေတော့ ၊ အားလုံးကို ဖဲခွာကာ ဘုရားရှင် ထံသို့ သွားလေသည်။

" တပည့်တော်မရေကို အလိုရှိသလို သုံးဆောင်တော်မူပါဘုရား"

အမျိုးသမီးငယ်သည် ဘုရားရှင်ရှေ့တွင် ရေအိုးကို ချပြီးဖိတ်ကြား လှူလိုက်သည်။ ဘုရားရှင်သည် အမျိုးသမီးငယ်၏ ကြည်လင်သော သဒ္ဓါ စိတ်ကို သိရှိ၍ ကိုယ်တော်တိုင် ရေစစ်ဖြင့်စစ်၍ သောက်သုံးသည်၊ လက် ခြေတို့ကို ဆေးကြောသည်။

ရေအိုးသည် ဘုရားရှင်သုံးပြီးသော်လည်း ၊ ပြည့်မြဲပြည်နေသည်။ အမျိုးသမီးငယ်သည် ထိုရေကိုမြင်ရသောအခါ ပိုမို သဒ္ဓါကြည်ညိုစိတ် ဖြစ်လာသည်။ ဝမ်းမြောက်ဝမ်းသာစိတ်သည် တသိမ့်သိမ့် ခံစားနေရလေ သည်။

သောက်ရေကို သံဃာတော်တစ်ပါးပြီး တစ်ပါးဆက်လက် လှူဒါန်းသည်။ ရေသည် ကုန်သည်မရှိ ပြည်မြဲပြည့်လျက်ရှိသည်။ အားလုံး

သံယာလျှုပြီးသောအခါ အမျိုးသမီးငယ်သည် ကြည်နူးဝမ်းမြောက်သော စိတ်ဖြင့် ပြည့်မြ ရေအိုးကို ရွက်ကာ အိမ်သို့ပြန်ခဲ့လေသည်။

အမျိုးသမီးငယ်၏ အရှင်ပုဏ္ဏားကြီးသည် အကြောင်းစုံသိထားပြီး ဖြစ်သဖြင့် ဒေါသထွက်ကာ အသင့်စောင့်နေလေသည်။

ဤကျွန်မသည် ရှာနေသူတို့၏ ကတိကဝတ်ကိုဖျက်ကာ ငါ၏ အရှက်ကိုခွဲသည် ဟုဆိုကာ ခြံဝင်းအတွင်းဝင်လာသော အမျိုးသမီးငယ် ၏ဆံပင်ကို ဆောင့်ဆွဲကာ ဘယ်ပြန်ညာပြန် ပြင်းထန်စွာ ရိုက်နှက်လေ သည်။ အမျိုးသမီးငယ် မြေ၌လဲကျသွားသောအခါ ကတိကဝတ်ဖျက်ပြီး ငါ့ကို အရှက်ခွဲဦး " ဟုဆိုကာ ခြေဖြင့် ဆက်လက်ကန်ကျောက်လေသည်။

အမျိုးသမီးငယ်သည် ဘုရားရှင်အပေါ်၌ ကြည်ညိုသောစိတ်၊ ဝမ်းမြောက်သော စိတ်ဖြင့် ခံစားလျက်ပင် ရရှိသော ဒဏ်ရာဖြင့် ထိုနေရာ ၌ပင် ချက်ချင်း သေလေသည်။

အမျိုးသမီးငယ်သည် တာဝတိံသာ နတ်ပြည်ဝယ် အေးမြသော ရေယဉ်ရှိပြီး ကြီးမားသော ဘုံဗိမာန်ဝယ် နတ်သမီးဖြစ်ရလေသည်။ ရွှေ လှေပိုင်ရှင် နတ်သမီးအဖြစ် ကျော်ကြားသည်။

ဘုရားရှင်သည် ရှင်အာနန္ဒာကို ခေါ်ကာ ရေတွင်းမှ ရေကိုသယ် ယူစေသည်။ ရှင်အာနန္ဒာက ရှာသားတို့ရေတွင်းကိုပိတ်ဆို့ထားကြောင်း လျှောက်သည်။ ဘုရားရှင်က သုံးကြိမ်တိုင်တိုင် စေခိုင်းမှ ရှင်အာနန္ဒာ သည် သပိတ်ကိုယူကာ ရေသွားခပ်သည်။

ရှင်အာနန္ဒာ မထေရ် ကြွသွားသောအခါ ရေတွင်းမှ ရေတို့သည်

အပိတ်အဆို့ တို့ကို ဖောက်လျက် ရေများ လျှံထွက်လာသည်။ ပိတ်ဆို့ထားသော မြက်တို့သည်လည်း ရေနောက် မျောပါကုန်သည်။

ရေအလျဉ်သည် တဖြည်းဖြည်း ကြီးလာပြီး ရေကန် ရေအိုင်တို့ကို ပြည့်လျှံပြီး တစ်ရွာလုံး ရေပတ်လည်ဝိုင်းတော့သည်။

ထိုအံ့ဖွယ် အခြေအနေကို တွေ့ရသောအခါ ပုဏ္ဏားတို့သည် ကြောက်ရွံ့ကြပြီး ဘုရားရှင်ထံ လာရောက်ဝန်ချ ကန်တော့ကြသည်။ ထိုခဏမှာပင် ရေအလျဉ်သည် ပျောက်သွားသည်။

ထိုအခါကျမှ ရွာသူရွာသားတို့သည် ဘုရားရှင်နှင့် သံဃာတော်တို့ကို ပင့်ဖိတ်ကာ နေရာပေးကြသည်။ ဆွမ်းအလို့ငှာ ပင့်ဖိတ်ကြသည်။

နောက်နေ့နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဖြင့် လုပ်ကျွေးကြသည် ။ ဆွမ်းဘုဉ်းပေးပြီး သောအခါ ဘုရားရှင်အနီး၌ ထိုင်နေကြသည်။

ထိုအချိန်တွင် နတ်သမီးသည် မိမိ၏ စည်းစိမ်ချမ်းသာကို စုံစမ်းကြည့်သော် လူ့ဘဝက ရေလှူခဲ့သည့် ကောင်းမှု အကျိုးကို သိရှိကာ-

"ငါသည် ယခုပင် ဘုရားရှင်ထံ သွားရောက်ကန်တော့မည်။ ကောင်းမြတ်သော အကျင့်ရှိသော ပုဂ္ဂိုလ်တို့၌ ပြုအပ်သော အကျိုးအာနိသင် ရရှိပုံကို လူ့လောက၌ ထင်ရှားစေအံ့"

ဟု ကြံစည်ပြီး တက်ကြွ ဝမ်းမြောက်သော စိတ်ဖြင့်နတ်သမီးတစ်ထောင်ခြံရံလျက် ကြီးကျယ်ခမ်းနားသော မိမိ၏ အဆောင်အယောင်များဖြင့် ဘုရားရှေ့မှောက်ရောက်လာကာ ဘုရားရှင်ကို ရှိခိုးလေသည်။

ဘုရားရှင်သည် ထိုနတ်သမီးကို လူအများရှေ့မှာပင်မေးသည်။ နတ်သမီးကလည်း အကြောင်းစုံ လျှောက်ထားကြသည်။

ထိုအခါကျမှ ပုဏ္ဏားတို့သည် အံ့သြ ဝမ်းမြောက်ကြကာ ဘုရားရှင်ကို အတိုင်းထက် အလွန်ကြည်ညိုကြလေသည်။ ဘုရားရှင်သည် နတ်သမီးကို သစ္စာလေးပါးတရား ဟောကြားရာ နတ်သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ဘဝနေဝင်ခါနီး ဒဏ်ရာဒဏ်ချက် ပြင်းထန်စွာခံစား နေရလျက်ပင် သဒ္ဓါကြည်လင်သော စိတ်ဇောကြောင့် နတ်သမီးဘဝ ခံစားရသော အမျိုးသမီးငယ်၏ ဘဝသည် ဥပစ္ဆေဒကံဖြင့် နေဝင်ရစေကာမူ နတ်ပြည်၌ ဖြစ်ရလေသည်သာ ။

( ဝိမာန ဝတ္ထု )

## ဘဝနေဝင် ကြိုတင်သိ၍ ကြိုတင်ပြင်ခဲ့သော သုဇာတ မင်းသား

သုဇာတမင်းသား . . . . .

အဿကတိုင်း အဿကမင်းကြီး၏ မိဖုရားကြီး မွေးသော သားကြီးဖြစ်သည်။များသော အခြွေအရံ ပေါ်များသော မင်းသားဖြစ်သည်။

တစ်နေ့တစ်ချိန်တွင် ထိုမင်းသား၏ မိခင် မိဖုရားကြီး ကွယ်လွန်ခဲ့၍ အဿကမင်းကြီးသည် အခြား မိဖုရားတစ်ပါးကို မိဖုရားကြီးမြှောက သည်။

ထိုမိဖုရားမှ မကြာခင် သားတစ်ယောက် ဖွါးမြင်ခဲ့၍ မင်းကြီးက ဆုပေးခဲ့သည်။ မိဖုရားက ထိုဆုကိုနောင်မှ ယူမည်ဟု ဆိုသည်။

သုဇာတသားကြီး တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လာသောအခါ မိဖုရားကမိမိသားငယ်အတွက် အိမ်ရှေ့မင်းအရာကို တောင်းဆိုခဲ့သည်။

မင်းကြီးယည် သားကြီးသုဇာတရှိနေ၍ ထိုဆုကိုမပေးလို၍ မိဖုရားကို ထိုဆုမတောင်းရန် တားမြစ်ခဲ့သည်။ မိဖုရားက လက်မခံ၊ မင်းမှာ သစ္စာ လူမှာကတိရှိသည့်ကျင့်ဝတ်ကို အကျပ်ကိုင် တောင်းလာသည်။

သို့အတွက်မင်းကြီးသည် မတတ်သာတော့၍ သားကြီးသုဇာတကိုခေါ်ကာ အကျိုးအကြောင်းပြောပြသည်။ မြို့သစ်တစ်မြို့ အသစ်ပေးပြီး ထို မြို့၌သွားရောက်နေရန် ပြောသည်။ သုဇာတမင်းသားက ထိုမြို့ကို လက်မ ခံချေ။

အဃကမင်းကြီးက အခြားမိမိ၏မိတ်ဆွေနိုင်ငံမင်းများထံ သွားရောက်နေထိုင်ရန်ပြောသည်။ သုဇာတမင်းသားက ထိုအကြံကိုလည်း လက်မခံ၊ တောအရပ်သို့သွားရောက်နေထိုင်လိုကြောင်းသာ လျှောက်ထားသည်။

အဃကမင်းကြီးသည် သားကြီး၏အလိုဆန္ဒကို နောက်ဆုံးလိုက်လျှောခဲ့သည်။ မိမိနတ်ရွာစံလျှင် တိုင်းပြည်သို့လာရောက်အုပ်ချုပ်ပါဟု သားကြီးကိုမှာသည်။

သုဇာတမင်းသားသည် ဖခင်ထံမှခွင့်ရသောအခါ တောသို့ဝင်ပြီး

မုဆိုးများနှင့်အတူတူ နေလေသည်။

တစ်နေ့သုဇာတမင်းသားသည် တောကောင်ရရန် တောပစ်ထွက်ခဲ့သည်။ ကဿပဘုရားရှင်လက်ထက်က ရဟန်းအတူတူဝတ်ခဲ့ဖူးပြီး မိတ်ဆွေဖြစ်ခဲ့ဖူးသောနတ်သားတစ်ပါးသည် သုဇာတမင်းသားအကျိုးကို လိုလားသဖြင့် သားကောင်ယောင်ဆောင်ပြီး သုဇာတမင်းသားကို လှည့်ပတ်ခေါ်ဆောင်ကာ ရှင်မဟာကစ္စည်း၏ တောရကျောင်းအနီးသို့ရောက်အောင် ဖြားယောင်းခေါ်ဆောင်ခဲ့သည်။

သုဇာတမင်းသည် သမင်ကို မရ,ရအောင် ပစ်ခတ်ဖမ်းယူမည်ဟူသောဖွဲ့ဖြင့် လိုက်လာရာ ရှင်မဟာကစ္စည်းကျောင်းအနီးသို့ ရောက်ရှိခဲ့သည်။ ကျောင်းအနီးသို့အရောက်တွင် နတ်သားသည် ကွယ်ပျောက်သွားခဲ့သည်။

သုဇာတမင်းသားသည် သမင်ပျောက်ကိုရှာရင်း ဆက်လက်လာခဲ့ရာ ရှင်မဟာကစ္စည်းမထေရ်၏ သစ်ခက်မိုးတဲကျောင်းကိုတွေ့ပြီး ကျောင်းဝင်းထဲသို့ ဝင်ခဲ့သည်။ ကျောင်းထဲ၌ ရှင်မဟာကစ္စည်းမထေရ်မြတ်ကြီးကို တွေ့မြင်ရသောအခါ ပါလာသောလေးမြားကိုချပြီး ရပ်နေမိသည်။

ရှင်မဟာကစ္စည်းထေရ်မြတ်ကြီးသည် မင်းသား၏ဘဝကို မိမိ၏တန်ခိုးတော်ဖြင့်သိ၍ ချီးမြှင့်လိုသောစိတ်ရှိသည်။

"ခိုင်ခံ့သောသစ်သားလေးကို မြေ၌ထောက်၍ ရပ်နေသောသင်သည် ပြည့်ရှင်မင်းလော၊ မင်းသားလော၊ မုဆိုးလော"ဟု

မထေရ်မြတ်ကမေးသည်။

"အရှင်ဘုရား၊ တပည့်တော်သည် အသကမင်း၏သားတော် သုဇာတ ဖြစ်ပါသည်။ လူသူကင်းဝေးသောတော၌ မုဆိုးတို့ကိုအမှီပြုကာ သားသမင်တို့ကို ဖမ်းဆီးနေပါသည်။ အရှင်ဘုရားသီတင်းသုံးရာ သစ်ခက်တဲ သမင်ပျောက်ကိုရှာရင်း အရှင်ဘုရားကိုမြင်၍ ရပ်နေပါသည်ဘုရား"

"ဘုန်းကံကြီးသောမင်းသား၊ သင်ရောက်လာခြင်းသည် ကောင်းသောရောက်လာခြင်းဖြ ်ပါသည်။ မကောင်းသောရောက်လာခြင်းမဟုတ်ပါ။ဤသောက်ရေအိုးမှ ရေကိုယူ၍ ခြေ,လက်ဆေးကြောပါ၊ သောက်ရေလဲသောက်ပါ"

"ရဟန်းတော်အရှင်မြတ်ဘုရား၊ အရှင်ဘုရား၏ စကားသည် ကောင်းပါသည်။ နာပျော်ဖွယ်ရှိပါ၏။ အပြစ်ကင်းစင်ပါ၏၊ အကျိုးစီးပွားနှင့်စပ်ပါ၏၊ သာယာလဲ သာယာပါ၏၊ အကျိုးစီးပွားကိုသိ၍ ပြောဆိုသည်ဖြစ်ပါ၏ဘုရား။ ရဟန်းတော်အရှင်မြတ်ဘုရား၊ တောတောင်ချုံတို့၌ ကောင်းစွာမွေ့လျော်ခြင်းသည် အဘယ်နည်း၊ တပည့်တော် အရှင်ဘုရားစကားနာယူ၍ပစ္စုပ္ပန်, တမလွန်နှစ်တန် အကျိုးရှိသော တရားတော်အစုကို" ကျင့်ကြံလိုပါသည်ဘုရား။

"ငါ့တရားကိုနာကြားပြီး ကျင့်ကြံလိုသောမင်းသား၊ သတ္တဝါအားလုံးကို ရိုက်ပုတ်၊ ပစ်ခတ်၊ သတ်ဖြတ်၊ ညှင်းဆဲခြင်းမရှိသည်ကို ငါနှစ်သက်ပါသည်၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးသားမယားတို့ကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်သောက်စားမှု ရှောင်

ကြည်ခြင်း၊ ကိုယ်နှုတ်နှလုံးဖြင့် ညီညွတ်စွာကျင့်ခြင်း၊ ပရိတ်တရား၌ အကြား အမြင်များခြင်း၊ သူတစ်ထူးကျေးဇူးကိုသိခြင်း၊ ဤတရားတို့သည် ယခုပစ္စုပ္ပန်မျက်မှောက်ဘဝ၌ ချီးမွမ်းအပ်သော တရားများဖြစ်ကြပါသည်။

အရှင်မဟာကစ္စည်းသည် မင်းသားကို ဤသို့တရားဟောပြီး မင်းသား၏အသက်အပိုင်းအခြားကို အနာဂတံသဉာဏ်တော်ဖြင့် ကြည့်တော်မူသည်။

မင်းသားသည် ငါးလမျှသာ အသက်ရှင်မည်ကိုသိတော်မူ၍ မင်းသားကို "မင်းသား၊ သေခြင်းသဘောသည် သင့်အနီး၌တည်၏၊ ငါးလအတွင်းသာ သင်၏အသက်တည်မြဲ၏၊ မင်းသား-သတိရလော့၊ အပါယ်ဆင်းရဲမှ လွတ်ပါစေလော"ဟု မိန့်တော်မူ၏။

မင်းသားသည် များစွာထိတ်လန့်တုန်လှုပ်သည်ဖြစ်၍

"အရှင်ဘုရား၊ တပည့်တော်သည် အဘယ်ဇနပုဒ်သို့သွား၍ အဘယ်သို့သော အမှုကိုလည်းကောင်း၊ အဘယ်သို့သော ယောကျ်ား များပြုသင့်ပြုထိုက်သော ကိစ္စ၌လည်းကောင်းပြုပြီး အဘယ်မည်သော အတတ်ဖြင့် မအိုမသေဖြစ်ရပါအံ့နည်းဘုရား"ဟု လျှောက်ထားသည်။

'မင်းသား၊ သတ္တဝါမှန်သမျှ မအို၊မသေရာ အရပ်မည်သည်မရှိ၊ မအို မသေသောကိစ္စသည်လည်းကောင်း၊ အတတ်သည်လည်းကောင်း ယောကျ်ားတို့ပြုအပ်သော အရာမဟုတ်၊ စည်းစိမ်ပေါကြွယ်သော ဘုရင် မင်းမြတ်သော်မှ သေဘေးမှမလွတ်နိုင်၊ ဘဏ္ဍာက ကဏ္ဍုတ်သားတို့သည် ရဲရင့်သတ္တိရှိကုန်၏။လုံ့လရှိကုန်၏။ရန်သူအား နှိမ်နှင်းပုတ်ခတ်

နိုင်ကုန်၏ဟု သင်မင်းသား ကြားဖူးသည်မဟုတ်ပါလော၊ မျိုးရိုးစဉ်ဆက်က နေမင်းကဲ့သို့ ထင်ရှားသောထိုသူတို့ပင် သေရမည်သာဖြစ်သည်။ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ ဒွန်းစဏ္ဍားမျိုးဟူသော ဇာတ်အားဖြင့်ရှိသော သူတို့ပင်လည်း သေရမည်သာဖြစ်သည်။ ဗေဒင်ကျမ်းကို ရွတ်ဖတ် သရဇ္ဈာယ်နိုင်သော ဗေဒင်ပညာရှင်တို့သည်လည်းကောင်း၊ အတတ်ပညာ ရှင်တို့သည်လည်းကောင်း အမှတ်မုချ အိုရ, သေရမည်သာဖြစ်သည်'

'တရားလမ်းဖြင့် ငြိမ်းချမ်းသော ကာယကံ၊ ဝစီကံရှိကုန်သော စောင့် စည်းအပ်သော စိတ်ရှိကုန်သော လောဘစသော ကိလေသာတို့ကို ပူပန် စေတတ်သော ခြိုးခြံသောအကျင့်ရှိကုန်သော ပုထုဇဉ်သေက္ခရသေ့မြတ်တို့ သော်မှ ကံအစွမ်းအလျောက် သေချိန်ရောက်က သေရသည်သာ'

'ဘာဝနာအားဖြင့် ခါခါထပ်ထပ် ပွားများအပ်ပြီးသော စိတ်ရှိသော၊ မြဲအပ်ပြီးသော မဂ်ကိစ္စရှိကုန်သော၊ အာသဝေါတရားလေးပါးမှ ကင်းလွတ် ပြီးသော ရဟန္တာတို့သော်မှ ကုသိုလ်ကံအကုသိုလ်ကုန်ခြင်းကြောင့် ရုပ်နာမ် နှစ်ဖြာ ကိုယ်ခန္ဓာကို စွန့်ပစ်ရကုန်သေး၏'

'ရဟန်းတော်အရှင်မြတ်ဘုရား၊ အရှင်ဘုရားသည် အကျိုးစီးပွားရှိသော တရားတော်တို့ကို ကောင်းစွာဟောကြားပေးခဲ့ပါသည်။ အရှင်ဘုရားသည် တပည့်တော်ကိုးကွယ်အားထားရာ ဖြစ်တော်မူပါဘုရား'

'မင်းသား သင်သည် ငါ့ကိုကိုးကွယ်ရာဟူ၍ မဆည်းကပ်ပါနဲ့၊ ငါသည် ပင် ဘုရားရှင်ကိုကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့ပါ၏။ သင်သည် ကြီးမား သော လုံ့လရှိသော ဘုရားရှင်ကိုသာလျှင် ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ လော'

ကမ္ဘာကျော်စာပေ

'အရှင်မြတ်ဘုရား၊ အရှင်မြတ်ဘုရား၏ ဆရာတစ်ဆူဖြစ်သော ဘုရားသည် အဘယ်မြို့ရွာဇနပုဒ်၌ ရှိပါသနည်း၊ တပည့်တော်သည် အတုမရှိသော ဘုရားကို ဖူးမြင်ရန်သွားပါမည်'

'မင်းသား ဘုရားရှင်ပရိနိဗ္ဗာန်ပြုသွားပါပြီ'

'အရှင်မြတ်ဘုရား၊ အရှင်မြတ်ဘုရား၏ဆရာဖြစ်သော ဘုရားရှင်သာ ရှိမည်ဆိုလျှင် ယူဇနာတစ်ထောင်ဝေးပါစေ၊ တပည့်တော်သွားရောက်ဖူးမြော်ပါမည်၊ ယခုပရိနိဗ္ဗာန်ပြုလေပြီဖြစ်သော ဘုရားရှင်ကို တပည့်တော်ကိုးကွယ်ဆည်းကပ်ပါ၏။ ဘုရားရှင်ဟောကြားခဲ့သော တရားတော်ကိုလည်း ဆည်းကပ်ကိုးကွယ်ပါ၏။ ဘုရားရှင်၏တပည့်သား သံဃာတော်ကိုလဲ ကိုးကွယ်ဆည်းကပ်ပါ၏ဘုရား။

'တပည့်တော်သည် ယခုချက်ချင်း သူ့အသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။ မိမိမယားဖြင့်သာ တင်းတိမ်ရောင့်ရဲပါမည်ဘုရား'

သုဇာတမင်းသားသည် သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်ပြီးနောက် မထေရ်မြတ်က ဤသို့မှာကြားတော်မူပါသည်။

'မင်းသား၊ သင်သည် ဤတောထဲ၌နေသဖြင့် အကျိုးမရှိ၊ သင်မင်းသား၏အသက်သည် မကြာမြင့်တော့ချေ၊ ငါးလအတွင်းသာ ရှိတော့သည်၊ သို့အတွက် သင်သည် သင့်ခမည်းတော်ထံသို့ပြန်၍ ဒါနစသောကောင်းမှုတို့ကိုပြုပါလေ၊ နတ်ရွာသို့ရောက်အောင် ကြိုးစားအားထုတ်ပါလေ'

'အရှင်မြတ်ဘုရား၊ တပည့်တော်အရှင်မြတ်စကားကို နာထောင်၍ပြန်ပါ

မည်၊ အရှင်ဘုရားသည် အစဉ်သနားခြီးမြှောက်သောအားဖြင့် တပည့်တော် နေထိုင်ရာအဿကတိုင်းပြည်သို့ ကြွတော်မူစေချင်ပါသည်ဘုရား'

သုဇာတမင်းသားသည် အရှင်မဟာပစ္စည်းမထေရ်မြတ် မိမိဖိတ်ကြားသည်ကို သည်းခံတော်မူသည့်အဖြစ်ကို သိရှိ၍ ရှိခိုးပြီးလျှင် မထေရ်မြတ်ကို လက်ယာရစ်ပတ်ကာ ခမည်းတော်ရှိရာ အဿကတိုင်းသို့ ပြန်လေသည်။

တိုင်းပြည်သို့ရောက်လျှင် ဥယျာဉ်ထဲသို့ဝင်ရောက်နားပြီး ခမည်းတော်ကို အကြောင်းကြားစေသည်။ ခမည်းတော်မင်းကြီးသည် သားကြီးရောက်ကြောင်း သတင်းကြားလျှင်ကြားချင်း အခြွေအရံနှင့်တကွ ဥယျာဉ်တော်သို့ ထွက်ခဲ့သည်။ သားတော်ကိုတွေ့သောအခါ ဖခင်၏ချစ်ခြင်းမေတ္တာဖြင့် ပွေ့ဖက်နမ်းရှုပ်ပြီး နန်းတော်သို့ ခေါ်ဆောင်ခဲ့သည်။

နန်းတော်သို့ရောက်သောအခါ သားတော်ကို အဘိသိက်သွန်းပြီး မင်းမြှောက်ရန် စီစဉ်သည်။

'ခမည်းတော်မင်းမြတ်၊ ကျွန်ုပ်၏အသက်အပိုင်းအခြားသည် အနည်းငယ်မျှ သာရှိပါတော့သည်။ ယနေ့မှစ၍ နောက်လေးလရောက်လျှင် စုတေမနေသေလွန်ပါတော့အံ့၊ ကျွန်ုပ်အား မင်းအဖြစ် ဘယ်အကျိုးရှိပါတော့အံ့နည်း၊ ခမည်းတော်ကိုအမှီပြု၍ ကုသိုလ်ကောင်းမှုကိုသာ ဆည်းပူးပြုလုပ်ပါတော့အံ့'

သုဇာတမင်းသားသည် ခမည်းတော်ကို မိမိနှင့်ရှင်မဟာကစ္စည်းတွေ့ဆုံပုံ၊ ရှင်မဟာကစ္စည်းတရားဟောပုံ၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးကြီးမားပုံ၊ ရှင်မဟာကစ္စည်း ဂုဏ်တော်အကြောင်းစုံကို လျှောက်ထားပြောပြသည်။

အဿကမင်းကြီးသည် သားတော်၏စကားကို ကြားရသောအခါ များစွာ ထိတ်လန့်တုန်လှုပ်အံ့သြသော စိတ်ရှိသည်ဖြစ်၍ ရတနာသုံးပါးကို လည်းကောင်း၊ ရှင်မဟာကစ္စည်းကိုလည်းကောင်း ကြည်ညိုသောစိတ် ဖြစ်တော်မူသည်။ ထို့နောက် မင်းကြီးသည် ကြီးကျယ်ခမ်းနားသော ကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်စေ၍ ကျောင်းပြီးသောအခါ ရှင်မဟာကစ္စည်းကို တစ်ဖန်စေလွှတ်၍ ပင့်စေသည်။

ရှင်မဟာကစ္စည်းမထေရ်မြတ်သည် အဿကမင်းကြီးကိုလည်းကောင်း၊ တိုင်းသူပြည်သားများကိုလည်းကောင်း ချီးမြှောက်တော်မူလိုသည်ဖြစ်၍ ကြွရောက်တော်မူသည်။ မင်းကြီးနှင့် သုဇာတမင်းသားတို့သည် မထေရ်မြတ်ကို ကောင်းမွန်စွာ ကြိုဆိုပြီး ပစ္စည်းလေးပါးဖြင့် ရိုသေစွာ ပြုစုလုပ်ကျွေးကြသည်။

မထေရ်မြတ်သည် မင်းကြီးနှင့်တကွ မင်းပရိသတ်တို့ကို ငါးပါးသီလနှင့် သရဏဂုံကိုတည်စေပြီး တရားဓမ္မများ ဟောပြောပြတော်မူသည်။

သုဇာတမင်းသားသည် သီလကိုဆောက်တည်၍ ရှင်မဟာကစ္စည်း မထေရ်မြတ်ကိုလည်းကောင်း၊ သံဃာတော်များကိုလည်းကောင်း၊ ရိုသေစွာ ပြုစုလုပ်ကျွေး၍ လေးလတို့ပတ်လုံး လျှဒါန်းပေးကမ်းသည့် တရားတော်ကိုနားကြားသည်။ သီလကိုဆောက်တည်၍ နေလေသည်။

လေးလရောက်သော သုဇာတမင်းသားသည် ကွယ်လွန်၍ တာဝတိံသာ နတ်ပြည်သို့ရောက်ပြီး ခုနှစ်ယူဇနာရှိသော နတ်ရထားကြီး ဖြစ်ပေါ်ခံစားရလေသည်။ အထောင်မကသော နတ်သမီးအခြွေအရံများ ရှိလေသည်။

ဘဝနေဝင်ခရီး အချိန်ကာလကို ကြိုတင်သိသော သုဇာတမင်းသားသည် ဘဝနေဝင် နည်းလမ်းကောင်းများ ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ခဲ့သဖြင့် တာဝတိံသာနတ်ပြည်၌ နတ်သားအဖြစ် နတ်စည်းစိမ်တို့ကို ကောင်းစွာ ခံစားရလေသည်သာ။

(ဝိမာနဝတ္ထု)

## နေဝင်ခါနီး တစ်ဒင်္ဂပြင်ဆင်ခွင့်ရလိုက်သောနွားကျောင်းသား နွားကျောင်းသားလေး ကာပါလ။

နံနက်စောစော နွားကျောင်းရင်းစားရန် မုယောမုန့်ကိုယူပြီး ရာဇဂြိုလ်မှ နွားများကို မောင်းနှင်ထွက်ခဲ့သည်။

ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ထိုနွားကျောင်းသား၏ ယနေ့သေရမည့်အဖြစ်ကို မဟာကရုဏာတော်ဉာဏ်တော်တွင် ထင်တော်မူသည့်အတွက် ထိုနွားကျောင်းသားကို နတ်ပြည်ရောက်စေရန် အထောက်အပံ့ကိုပေးအံ့ဟု နှလုံးသွင်းပြီး ထိုနွားကျောင်းသား နွားကျောင်းရာအရပ်သို့ ကြွတော်မူသည်။

နွားကျောင်းသားသည် မိမိအနီးသို့ရောက်လာသော ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို မြင်တော်မူ၍ မိမိမုယောမုန့်ကို လှူလိုသောစိတ်ဆန္ဒများ တဖွားဖွား ပေါ်လာသည်၊

ထိုခဏမှာပင် နွားများကသူတစ်ပါးပဲခင်းကို ဝင်စားကုန်ကြသည်။ နွားကျောင်းသားသည် ဘာလုပ်ရမည်မသိ။

'မထေရ်မြတ်ကို မုန့်အရင်လှူရမည်လော၊ နွားတွေကိုအလျင်မောင်းရမည်လော' ဝေခွဲမရဖြစ်မိသည်။

'ပဲခင်းရှင်တို့ ငါ့ကိုပြုလိုရာပြုပါစေ၊ မထေရ်ကြီးကြွသွားပါက ငါမုန့်မလှူရဘဲရှိလိမ့်မည်၊ ငါသည်မထေရ်ကို မုန့်အလျင်လှူမည်၊ နောက်မှနွားသွားမောင်းမည်'

နွားကျောင်းသားသည် ဤသို့ဆုံးဖြတ်ပြီး မိမိမုယောမုန့်ကို မထေရ်မြတ်ကို ရိုသေစွာ လောင်းလှူလေသည်။ မထေရ်မြတ်ကလည်း နွားကျောင်းသားကို စောင့်ရှောက်သောအားဖြင့် အလှူခံတော်မူလေသည်။

နွားကျောင်းသားသည် မုန့်များကို လှူဒါန်းပြီးနောက် လမ်းအန္တရယ်ကို မကြည့်ဘဲ နွားများကို သွားရောက်မောင်းနှင်ရန် အလျင်အမြန် ပြေးသွားလေသည်။ ထိုလမ်းတွင် မြွေဟောက်တစ်ကောင်သည် ခွေနေရာမှ နွားကျောင်းသားခြေကို ကိုက်ခဲလေသည်။ နွားကျောင်းသားသည် နွားမောင်းလိုသောဇောကြောင့် မြွေကိုက်သည်ကို ရုတ်တရက်မသိ၊ နွားတို့ကိုသာ ပဲခင်းမှ မောင်းထုတ်ခဲ့လေသည်။

အရှင်မောဂ္ဂလာန်သည် ထိုနွားကျောင်းသားကို အစဉ်သနားသဖြင့် ထိုနေရာမှာပင်ထိုင်၍ မုယောမုန့်ကို ဘုဉ်းပေးလေသည်။

နွားကျောင်းသားသည် နွားမောင်းရာမှအပြန် မထေရ်မြတ်ဘုဉ်းပေးနေသည်ကို တွေ့မြင်ရသောအခါ အလွန်ဝမ်းမြောက်ကြည်နူးသောစိတ် တသိမ့်သိမ့် ခံစားနေရလေသည်။

နွားကျောင်းသား ဝမ်းမြောက်သောစိတ်ဖြစ်လျက် ထိုင်ချစဉ် မြွေဆိပ်

သည် တစ်ကိုယ်လုံးပျံ့နှံ့တည်ပြီး ဦးခေါင်းရောက်ကာ ချက်ချင်းသေဆုံးလေသည်။

ထိုခဏမှာပင် အိပ်သောယောက်ျားနိုးသော်လားကဲ့သို့ နွားကျောင်းသားသည် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရလေသည်။

ဘဝနေဝင်ခါနီး တဒင်္ဂပြင်ဆင်ခွင့်ရလိုက်သော နွားကျောင်းသား၏ ဘဝကုသိုလ်ကား ထူးသည်ဟု ဆိုရမည်သာ။

(ဝိမာနဝတ္ထု၊ ကာပါလနတ်သားဝတ္ထု)

## ဘဝနေဝင်ခါနီး သရဏဂုံတည်၍ နတ်ပြည်ရောက်ရသော ဆတ္တလုလင်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ဖြစ်ပါသည်။ သေတဗျရွာ၌ အမျိုးအမည်အားဖြင့် မထင်ရှားသော ပုဏ္ဏားတစ်ဦး၌ ဆတ္တအမည်ရှိသော သားတစ်ယောက်ရှိသည်။

ထိုဆတ္တပုဏ္ဏားလုလင်သည် အရွယ်ရောက်သော် အဖ၏စေလွှတ်ချက်အရ ဥက္ကဋ္ဌမြို့သို့သွား၍ ပေါက္ခရသာတိပုဏ္ဏားကြီးထံတွင် ဗေဒင်အတတ်ပညာတို့ကို သင်ယူလေသည် ပညာပါရမီလည်းရှိ၊ လုံ့လဝီရိယလည်းရှိ၍ မကြာမြင့်မီ ပုဏ္ဏားတို့တတ်အပ်သော အတတ်ပညာအားလုံး တတ်မြောက်၍ ပညာသင်ခြင်းကိစ္စ ပြီးမြောက်လေသည်။

ဆတ္တလုလင်သည် ဆရာကိုရိုသေစွာရှိခိုး၍ ဤသို့ပြောဆိုမေးမြန်းလေသည်။ 'ကျွန်ုပ်သည် ဆရာထံ၌ အတတ်ပညာတို့ကို သင်ယူခဲ့ရာ ယခုတတ်

ပြောက်ခဲ့ပါပြီ၊ ဆရာတို့အတွက် ဆရာအဖိုးအခကို အဘယ်မျှပေးရပါမည်နည်း

'တပည့်၊ ဆရာတို့အတွက် အဖိုးအခမည်သည်ကား တပည့်၏ပစ္စည်းဥစ္စာ ချမ်းသာဆင်းရဲကြည့်၍ ပေးရသည်။ ထို့ကြောင့် သင်သည် ဥစ္စာအင်အားရှိသူဖြစ်က အသပြာတစ်ထောင်ယူခဲ့ပါ'

ဆတ္တလုလင်သည် ဆရာကိုရိုသေစွာရှိခိုးပြီးလျှင် မိဘရပ်ရွာသို့ ပြန်ခဲ့သည်။ မိဘတို့ကို ရိုသေစွာရှိခိုး၍ ပညာတတ်ခဲ့ပြီးကြောင်းကို ပြောပြသည်။ မိဘတို့သည်လည်း အလွန်နှစ်သက် ဝမ်းမြောက်ကြလေသည်။ ထို့နောက် ဆတ္တလုလင်သည် ပညာသင်ခအတွက် ဆရာကိုပူဇော်ရမည့် အဖိုးအခကို မိဘတို့အား ပြောကြားသည်။

'ကျွန်ုပ်အား ဆရာ့အတွက် ပေးသင့်ပေးထိုက်သော အသပြာတစ်ထောင်ကိုပေးပါ၊ ယနေ့ပင်ဆရာထံသို့ပြန်၍ အသပြာကိုပေးပါမည်'

'ချစ်သား၊ ယနေ့အဖို့ အချိန်မရှိတော့ပါ နက်ဖြန်မှသွားပါ'

မိဘတို့သည် ဤသို့ပြောပြီးလျှင် အသပြာတို့ကိုထုပ်၍ ထားလေသည်။ ခိုးသူတို့သည် ထိုအကြောင်းကိုကြားသိ၍ ဆတ္တလုလင်ကိုသတ်၍ ဥစ္စာထုပ်ကိုယူကြရန် တိုင်ပင်ပြီး နောက်နေ့စောစောတွင် ဆတ္တလုလင် ဖြတ်သွားမည့် တောအုပ်တစ်နေရာမှ စောင့်၍နေကြလေသည်။

ထိုအခါ ဘုရားရှင်သည် နံနက်မိုးသောက်၍ မဟာကရုဏာသမာပတ်မှထ၍ လောကကိုကြည့်သည်ရှိသော် ဆတ္တလုလင်၏ သရဏဂုံ၌တည်မှု၊ သီလတို့၌တည်မှုဖြစ်ပြီးနောက် ခိုးသူတို့သတ်၍ သေသောအခါ နတ်ပြည်

၌ဖြစ်မည်ကို သိတော်မူ၍ ဆတ္တလုလင်လာရာလမ်းခရီး တစ်ခုသောသစ်ပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူသည်။

ဆတ္တလုလင်သည် ဆရာကိုပူဇော်ရန် အသပြာထုပ်ကိုယူ၍ ဥက္ကဋ္ဌရွာသို့ ရှေးရှုလာခဲ့စဉ် တစ်ခုသောသစ်ပင်ရင်း၌ သီတင်းသုံးနေသာ ဘုရားရှင်ကို မြင်ရသောအခါ အနီးသို့သွားလေသည်။

'ဘယ်အရပ်သို့ သွားမည်နည်း'

'အရှင်ဂေါတမ၊ တပည့်တော်၏ဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏားကြီးအား ဆရာအတွက် ပူဇော်ရန်ဥက္ကဋ္ဌရွာသို့ သွားပါမည်'

'လုလင်၊ သင်သည် သရဏဂုံသုံးပါးကိုလည်းကောင်း၊ ငါးပါးသီလတို့ကိုလည်းကောင်း သိပါသလော'

'အရှင်ဘုရား၊ မသိပါ'

ဘုရားရှင်သည် ဆတ္တလုလင်ကို သရဏဂုံသုံးပါးအကြောင်းကိုလည်းကောင်း၊ ငါးပါးသီလအကြောင်းကိုလည်းကောင်း၊ အကျယ်တဝင့်ဟောကြားတော်မူလေသည်။

ပညာပါရမီခံရင့်သန်ခဲ့သော ဆတ္တလုလင်သည် ဘုရားရှင်ဟောကြားအပ်သော သရဏဂုံသုံးပါး၊ ငါးပါးသီလအကျိုးအပြစ်ကို ကောင်းစွာသိရှိပြီးဖြစ်လေသည်။ ဘုရားရှင်သည် ဆတ္တလုလင်ကို သရဏဂုံတည်ပုံ၊ ငါးပါးသီလဆောက်တည်ပုံတို့ကိုလည်းကောင်း၊ ဆက်လက်သင်ကြားပေးလေသည်။

ဆတ္တလုလင်သည် သရဏဂုံနှင့် ငါးပါးသီလဆောက်တည်မှုကို ကောင်း

စွာတတ်သိပြီးသောအခါ ဘုရားထံခွင့်ပန်၍ ဆက်လက်ထွက်ခွာခဲ့သည်။ လမ်းတစ်လျှောက်လုံးလည်း ရတနာသုံးပါးဂုဏ်ကို အောက်မေ့လျက် သရဏဂုံကို ရွတ်ဆို၍ သွားလေသည်။

ဆတ္တလုလင်သည် ဆက်လက်ခရီးထွက်လာသည်တွင် ခိုးသူတို့ပုန်းအောင်းနေသော နေရာသို့ရောက်လျှင် တစ်ယောက်သောခိုးသူသည် ချုံကြားမှ အဆိပ်လူးမြားဖြင့်ပစ်ခတ်ရာ ဆတ္တလုလင်သည် ထိုအဆိပ်ဒဏ်ရာဖြင့် ကွယ်လွန်လေသည်။

ဆတ္တလုလင်သည် တာဝတိံသာနတ်ပြည်၌ အိပ်သောယောကျ်ားနိုးသည့်လားသို့ နတ်သမီးတစ်ထောင် ခြံရံလျက်လှည်းအစီးတိုက်များစွာ အခြံအရံရှိသော အဆင်းတန်ဆာတို့ကို ဝတ်ဆင်သော နတ်သားဖြစ်လာလေသည်။

ဆတ္တလုလင်သေလွန်သည့်အကြောင်းကို တွေ့ကြသောသူတို့သည် သေတဗျရွာသို့သွား၍ ဆတ္တလုလင်၏မိဘတို့ကိုလည်းကောင်း၊ ဥက္ကဋ္ဌရွာသို့သွား၍ ပေါက္ခရသာတိပုဏ္ဏားကိုလည်းကောင်း အကြောင်းကြားကုန်လေသည်။ ဆတ္တလုလင်၏ မိဘဆွေမျိုးများတို့သည်လည်းကောင်း၊ ပေါက္ခရသာတိပုဏ္ဏားကြီးနှင့် နောက်ပါအခြံအရံတို့သည်လည်းကောင်း ပူဆွေးငိုကြွေးကြလျက် ဆတ္တလုလင်သေသောနေရာသို့လာရောက်ကြလေသည်။

ဆတ္တလုလင်သေဆုံးသောနေရာသို့ သေတဗျရွာသားများ၊ ဥက္ကဋ္ဌရွာသားများ၊ ဣစ္ဆာနင်္ဂလရွာသားများ စုဝေးရောက်လာကြရာ ပရိသတ်အစုအဝေးကြီးသည် ကြီးမားစွာဖြစ်လေသည်။ ဆတ္တလုလင်၏မိဘတို့သည်

လမ်းခရီးမနီးမဝေးတွင် ဆတ္တလုလင်ကို မီးသင်္ဂြိုဟ်ရန် ထင်းပုံကိုစီမံကြလေသည်။

ထိုအချိန်မှာပင် ဘုရားရှင်သည် သံဃာတော်များနှင့်အတူ ဆတ္တလုလင်သင်္ဂြိုဟ်ရာသို့ ကြွရောက်ခဲ့သည်။

ဆတ္တမာဏဝနတ်သားသည် မိမိရရှိသောနတ်စည်းစိမ်ကို ဆင်ခြင်သည်ရှိသော် သရဏဂုံသုံးပါး၌တည်ခြင်းကိုလည်းကောင်း၊ ငါးပါးသီလဆောက်တည်ခြင်း၏အကျိုးကိုလည်းကောင်း၊ သိရှိကာ လွန်စွာအံ့ဩသောစိတ်ဖြစ်ကာ ဘုရားရှင်အား ကြည်ညိုသောသဒ္ဓါတရားသည် လွှမ်းမိုးသွားလေသည်။

'ငါသည် ယခုပင် ဘုရားရှင်နှင့် သံဃာတော်တို့ကို သွားရောက်ဖူးမြော်အံ့'

ဤသို့လျှင် ဆတ္တမာဏဝနတ်သားသည် အခြံအရံနှင့်တကွ ဘုရားထံသို့ ရောက်လာခြင်းဖြစ်သည်။

ဘုရားရှင်သည် ဆတ္တမာဏဝနတ်သားကိုလည်းကောင်း၊ ထိုအရပ်၌အစည်းအဝေးရောက်လာသော နတ်ပရိသတ်တို့ကိုလည်းကောင်း အလိုအဇ္ဈာသယကို ကြည့်တော်မူ၏။ အစဉ်အတိုင်း သစ္စတရားတော်ကို ဟောကြားတော်မူလေသည်။

သစ္စာတရားတော်၏ အဆုံး၌ဆတ္တမာဏဝနတ်သားသည်လည်းကောင်း ဆတ္တမာဏဝလုလင်၏ မိဘတို့သည်လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ လူအပေါင်းတို့သည်လည်း သစ္စာတရားကို သိမြင်ကြ

ကုန်လေသည်။

ဆတ္တာမာဏဝနတ်သားသည် ပီမိသောတာပန်တည်သောအဖြစ်ကို သိပြီး နောက် ဘုရားရှင်နှင့် သံဃာတော်တို့ကို ရိုသေစွာရှိခိုးလျက် လူ့ဘဝမ်ဘ တို့ကို ပြန်ကြားကာ နတ်ပြည်သို့ပြန်လေသည်။

ဘုရားရှင်သည် ရဟန်းသံဃာနှင့်အတူ နေရာမှထကာကြွသွားတော် မူလေသည်။ လုလင်၏မိဘတို့သည်လည်းကောင်း ပေါက္ခရသာတိပုဏ္ဏား ကြီးနှင့် အခြံအရံတို့သည်လည်းကောင်း ဘုရားရှင်နောက်သို့ အစဉ်လိုက် ၍ လှည့်လည်ကာ ပြန်ခဲ့ကြလေသည်။

## ဘဝနေဝင်ကုသိုလ်ပြင်ဆင်ခွင့်ရခဲ့သော သူဆင်းရဲမ

ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် နိရောဓသမာပတ်ဝင်စား၍ ခုနှစ်ရက်မြောက်သောအခါ နိရောဓသမာပတ်မှ ထတော်မူသည်။ လောကဌ် ကယ်တင်ချီးမြှင့်အပ်သောသူကို မဟာဂရုဏာတော်ဖြင့် ရှုကြည့် တော်မူသည်။

မထေရ်မြတ်သည် အိမ်တစ်အိမ်၌ ကပ်ရပ်နေရသော အမျိုးသမီးတစ် ဦးသည် ယနေ့ပင်သေဆုံး၍ ငရဲသို့ကျရောက်မည်ကို မြင်တော်မူသည်။

သို့အတွက် မထေရ်မြတ်ကြီးသည် ထိုအမျိုးသမီးကို ငရဲဒုဂ္ဂတိဘေးမှ ကယ်တင်မရန် မဟာကရုဏာဖောစေသည်။

ထိုအမျိုးသမီးသည်ကား ရာဇဂြိုလ်မြို့သူဖြစ်သည်။ သူမအိမ်တွင် မြွေ ဆိပ်နှင့်တူသော ကပ်ရောဂါကျရောက်ရာ တစ်အိမ်လုံးသေဆုံးခဲ့ကြသည်။

ကမ္ဘာကျော်စာပေ

ထိုသူမတစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည်။

သူမသည် တစ်အိမ်သားလုံး မိမိမျက်မှောက်တွင် ကပ်ရောဂါဖြင့် မရှုမလှသေဆုံးသည်ကို တွေ့မြင်ရသောအခါ အလွန်တရာထိတ်လန့်ကြောက်ရွံ့ပြီး စည်းစိမ်ဥစ္စာတို့ကိုစွန့်လွှတ်ကာ ခြေဦးတည်ရာသို့ ထွက်ပြေးခဲ့သည်။

ထိုသို့ထွက်ပြေးလာပြီး အိမ်တစ်အိမ်တွင် အသနားခံတောင်းပန်ပြီး ကပ်ရပ်နေလေသည်။ အိမ်ရှင်များကလည်း သနားသဖြင့် ထမင်းချိုးထမင်းကျန်များကို ပေးကမ်း၍ ကျွေးမွေးထားသည်။

ရှင်မဟာကဿပမထေရ်သည် ထိုအမျိုးသမီးရှိရာသို့ ရှေးရှုကြွတော်မူသည်။ ထိုအချိန်တွင် သိကြားမင်းသည် အဘွားအိုဟောင်ဆောင်လျက် အလွန်အရသာရှိသော နတ်ဩဇာတို့ကို ယူဆောင်လျက် မထေရ်မြတ်ထံသို့ ချဉ်းကပ်လာသည်။

မထေရ်မြတ်သည် သိကြားမင်းမှန်းသိ၍ 'ကောသိယနွယ်ဖွားဖြစ်သော သိကြားမင်း၊ သင်သည် ပြုအပ်ပြီးသော ကောင်းမှုရှိသူဖြစ်ပါလျက် အဘယ်ကြောင့် ဤသို့ပြုလုပ်ရပါသနည်း၊ အထီးကျန်သူဆင်းရဲတို့၏ စည်းစိမ်ချမ်းသာကို မလုယက်သင့်ပါ' ဟု မိန့်ကြားတော်မူသည်။

မထေရ်မြတ်သည် သိကြားမင်းကိုတားမြစ်ပြီး အမျိုးသမီးထံသို့ ရှေးရှုပြီး ဆက်လက်ကြွတော်မူလေသည်။

အမျိုးသမီးသည် မိမိရှေ့တွင်လာရောက်ရပ်နေသော ရှင်မဟာပဿပမထေရ်မြတ်ကြီးကို တွေ့မြင်ရသောအခါ. . .

'ဤမထေရ်မြတ်ကြီးကား ဘုန်းတန်ခိုးအာနုဘော်ကြီးသော ရှင်မဟာ

ကဿပမထေရ်မြတ်ကြီးပေပဲ၊ ဘုန်းကံကြီး၍ လာဘ်ပေါ်များသော ဤအရှင်မြတ်ကြီးအား လှူသင့်လှူထိုက်သော ခဲဖွယ်ဘောဇဉ်လဲ ငါ့တွင်မရှိ၊ ဤညစ်ပေနေသော ထမင်းခွက်၌ရှိသော မြက်အမှိုက်၊ မြူမှုန့်တို့ဖြင့် ရောသောဆားမပါ၊ အရသာမရှိ အေးစက်နေသော ထမင်းချိုးနှင့် ပုန်းရည်ဟင်းမျှကို ဤအာနုဘော်ဘုန်းရှင်မထေရ်ကြီးအား လောင်းလှူရန် မသင့်ပါချေ။ လောင်းဘဲမလောင်းလှူရဲပါ'

အမျိုးသမီးသည် ဤသို့ကြံစည်ပြီးလျှင် မထေရ်မြတ်ကြီးကို မကြည့်ဘဲ.

'ကန်တော့ဆွမ်းပါဘုရား'

ဟု လျှောက်ထားလိုက်လေသည်။

မထေရ်မြတ်သည် ခြေဖဝါးတစ်လှမ်းမျှလှမ်း၍ ဆက်ရပ်မြဲ ရပ်နေလေသည်။ ထိုအခါ အိမ်ရှေ့ရှိ လူတို့သည် သူ့ထက်ငါလာရောက်ပြီး ဆွမ်း, ဆွမ်းဟင်းများကို လာရောက်လောင်းလှူကြသည်။ မထေရ်မြတ်က လက်မခံချေ။

သူတကာလောင်းလှူနေသည်ကို ဝမ်းနည်းပက်လက်ငေးမော ကြည့်ရှုနေမိသော အမျိုးသမီးသည် ထိုသူတို့လောင်းလှူသည်ကို လက်မခံသည်ကို တွေ့မြင်ရသောအခါ 'သြော်. . ဤအရှင်မြတ်သည် ငါ့အားသာလျှင် ချီးမြှောက်တော်မူလို၍ ဤအရပ်သို့ ကြွတော်မူလာသည် တကား၊ ငါ၏ဥစ္စာကို အလှူခံလိုရတကား'

ဤသို့သိရှိပြီး ဝမ်းမြောက်ဝမ်းသာသောစိတ်ဖြစ်ကာ မိမိ၌ရှိသော ထမင်းချိုးအသိုးကိုပင် ရိုသေစွာမထေရ်မြတ်၏သပိတ်ထဲသို့ လောင်းလှူ

ဟုတ်တယ်လေ၊ ကျွန်မအမြင်က ဘုရားရှင်ဆိုတာ သာမန်ထမင်းစား ရေသောက်သွားတာလောက်ကို လောကဝတ်မရ အချိန်ကုန်ခံပြီး မေးနေမှာ မဟုတ်ဘူးလို့ ကျွန်မထင်ပြီး . . .

ကျွန်မဲအသိနဲ့ ကျွန်မဖြေလိုက်တာပါပဲ။

"အမျိုးသမီးငယ် . . . သင်ဘယ်သွားမလို့လဲ"

ဘုရားရှင်က ဆက်လက်မေးမြန်းပါတယ်။ ကျွန်မကလည်း ချက်ချင်းပါပဲ . . .

'မသိပါဘုရား' လို့ ခပ်တိုတိုလျှောက်ထားလိုက်မိပါတယ်။

ပရိသတ်ကြီးကတော့ ပိုပြီး အံ့သြသွားကြတယ်။ ခေါင်းတထောင်ထောင်နဲ့ ကျွန်မကိုလှမ်းကြည့်ပြီး တစ်ချို့ကလည်း ---

'ဒီကလေးမ စိတ်မှကောင်းသေးရဲ့လား' လို့ စူးစမ်းအကြည့်နဲ့ ကြည့်ကြပါတယ်။

ဘုရားရှင်ကတော့ မေးခွန်းသာဆက်မေးပါတယ်။

'အမျိုးသမီးငယ် သင်တကယ်မသိဘူးလား' တဲ့။

'သိပါတယ်ဘုရား'

ကျွန်မက လျှောက်ထားလိုက်ပါတယ်။ ပရိသတ်ကြီးကတော့ ကျွန်မအဖြေကို ကြားလိုက်တာနဲ့တစ်ပြိုင်နက်ပဲ အာမေဋိတ်သံတွေတောင် အချို့ထွက်ကြပြီး . . .

'အစက ဒီမိန်းကလေးကို ယဉ်ကျေးသိမ်မွေ့သူလေးလို့ ထင်ခဲ့တာ။ ယခုတော့ ဘယ်လိုမိန်းကလေးလဲ၊ ဘုရားရှင်အမေးကို အရူးမလို ကိုးရိုးကားရားတွေ အဖြေပေးနေပါကလား'လို့ ကဲ့ရဲ့စကား တိုးတိုးတိုးတိုး ပြောနေကြပါတယ်။

ဘုရားရှင်နဲ့ ကျွန်မတို့ကတော့ ပရိသတ်ရဲ့ တုံ့ပြန်ချက်တွေကို အာရုံမထားနိုင်ကြပါဘူး။ ဘုရားရှင်က ဆက်မေး၊ ကျွန်မက ဆက်ဖြေနေပါတယ်။

"အမျိုးသမီးငယ်၊ သင်ဧကန်သိသလား"

"ဧကန်မသိပါဘုရား"

ကျွန်မရဲ့ အဖြေကို ကြားသိရရင် အပေါ်ယံကြည့်ကြသူတွေအတွက်ကတော့ ဘုရားရှင်ကို မလေးမစား ကိုးလိုးကန့်လန့်ဖြေတယ်လို့ ယူဆကြမှာအမှန်ပါပဲ၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို (သေရမည်ကိုပွားများနေသူ) နေ့စဉ် ပွားများနေသူ ကျွန်မအဖို့နှင့် သဘ္ဘာဝါတို့ရဲ့ စရိုက်အနေအထား၊ ဒိတ်နေစိတ်ထားတို့ကို အတွင်းကျကျ သိမြင်တော်မူတဲ့ ဘုရားရှင်အတွက်တော့ အဓိပ္ပာယ်တွေအများကြီးရှိနေပါတယ်။

ဘုရားရှင်နှင့်ကျွန်မအတွက် သက်သက်ဆိုရင်တော့ ဒီလိုအကျဉ်းဖြေရုံမျှနှင့် လုံလောက်ပြီးသားပါ။ အမေးမှာလည်း တရားပါ၊ အဖြေမှာလည်း တရားပါပြီးသားပါ။ ဤမျှသော အမေးအဖြေနှင့်ပင် တရားပွဲ ပြီးဆုံးနိုင်ပါတယ်။

ဒါပေမယ့် သေခြင်းတရားကို စိတ်မဝင်စားသူ၊ ငါသည် တစ်နေ့သေရမှာပါကလားလို့ တစ်ရံတစ်ခါမျှ စဉ်းစားဆင်ခြင်မပြုသူ၊ သေခြင်းတရားကို မသိချင်ယောင်ဆောင်နေသူများအတွက်တော့ သံသယတွေ တသီတတန်းကြီးနှင့် အကန်းသဖွယ်ရှိနေကြမှာပါ။

ဒါကြောင့်လည်း ဘုရားရှင်တော်မြတ်က ပညာဆင်ခြင်ဉာဏ်ကင်း သေခြင်းတရားကို မေ့လျော့နေသူတို့အတွက် တစ်ဆင့်တက်ပြီး အကျယ်ဖွင့်ပြီးမေးတော်မူရှာပါတယ်။

"အမျိုးသမီးငယ် သင်ဘယ်ကလာသည်ဟု ငါဘုရားရှင်မေးသည့်အခါ မသိပါဟု သင်လျှောက်ထားခဲ့သည်။ ထိုအဓိပ္ပါယ်သည် မည်သို့ရှိပါသလဲ၊ ဖြေပါဦး"

"မြတ်စွာဘုရား၊ တပည့်တော်မ အိမ်ကလာသည်ကို အားလုံးသိပြီးသားဖြစ်ပါသည်။ ဒီအိမ်က လာသည့်ကိစ္စလောက်ကို ဤတရားပွဲအလယ်မှာ ဘုရားရှင်အနေဖြင့် မေးခွန်းထုတ်၍ အမေးပြုလုပ်မည်မဟုတ်ဟု တပည့်တော်မ ထင်ခဲ့ပါသည်။ သို့အတွက် သင်ဘယ်ကလာသနည်းဆိုတဲ့ ဘုရားရှင်ရဲ့ အမေးဟာ သင်ဘယ်ဘဝက နေပြီးဤလူ့ဘဝကို လာခဲ့တယ်ဆိုတဲ့ အမေးသာဖြစ်ရမယ်လို့ တပည့်တော်ယူဆမိပါတယ်ဘုရား။ တပည့်တော်မသည် ဘယ်ဘဝကနေပြီး ဤဘဝကိုလာခဲ့ရသည်ကို သေချာစွာ မသိသောကြောင့် မသိပါဘုရားဟု လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်ဘုရား"

"ဘယ်သွားမလဲဆိုတဲ့ ငါဘုရားရှင်ရဲ့ မေးခွန်းအပေါ်မှာ သင်၏ မသိပါ

ဆိုတဲ့ အဖြေနဲ့ အဓိပ္ပါယ်ကတော့ ဘယ်လိုပါလဲ အမျိုးသမီးငယ်"

"မြတ်စွာဘုရားရဲ့ ဒုတိယအမေးကိုတော့ ဤဘဝမှ သေဆုံးသွားတဲ့ အခါ ဘယ်ဘဝကို သွားရမည်နည်းဟု မေးတော်မူခြင်းပဲ ဖြစ်မှာပဲဟု ယူဆပြီး တပည့်တော်မဟာ ဤလူ့ဘဝမှ သေဆုံးသည့်အခါ ဘယ်ဘဝကို သွားရမည်မသိသောကြောင့် မသိပါဘုရားဟု လျှောက်ထားရခြင်းဖြစ် ပါသည်ဘုရား"

"သင်အမျိုးသမီး တကယ်မသိဘူးလားဆိုတဲ့ ငါဘုရားရှင်ရဲ့ မေးခွန်း အဖြေ အဓိပ္ပါယ်ကကောကွယ်"

"တပည့်တော်ဟာ ဘယ်ဘဝက လာ၍ ဘယ်ဘဝကိုသွားရမည်ကို မသိသော်လည်း သေရမည်ကိုတော့ နေ့စဉ်နှလုံးသွင်းနေသည့်အတွက် သေရမည်ကိုတော့ သိနေ၍ သိပါသည်ဟု လျှောက်ထားခြင်းဖြစ်ပါသည် ဘုရား"

"အမျိုးသမီးငယ်၊ သင်သည် ငါဘုရားပညာဖြင့် ရည်ညွှန်း၍မေးသည် ကို ကောင်းစွာဖြေနိုင်ပေသည်။ ကောင်းလေစွ. . . ကောင်းလေစွ. . . ကောင်းလေစွ"

ကျွန်မရဲ့အဖြေပေါ်မှာ ဘုရားရှင်က ကောင်းချီးနုမော် သာဓုအနုမောဒ နာ ပြုတော်မူပါတယ်။ တရားတော်အဆုံးမှာလည်း ကျွန်မဟာ သောတပန် တည်ခဲ့ပါတယ်။

တကယ်တော့ ကျွန်မတို့ သတ္တဝါမှန်သမျှ မွေးဖွားခြင်းဇာတိ ဖြစ်လာ ကတည်းက သေဆုံးခြင်း မရဏဆိုတဲ့ဘဝမှာ နိဂုံးချုပ်ရမှာပါ။ ဒါကို

အားလုံးကမေ့လျော့ပြီး ဘယ်နေ့ဘယ်ရက် ဘယ်နှစ်တွေမှာ ငါဘာလုပ်မယ် ညာလုပ်မယ်လို့သာ စီစဉ်စီမံဆောင်ရွက်နေကြပါတယ်။ မုချ သေရမယ့်ဟာကိုတော့ မည်သူမျှ ကြိုတင်ပြင်ဆင်မထားကြပါဘူး။ တကယ်တော့ ကျွန်မတို့ဟာ မရဏနုဿတိ နေ့စဉ်ပွားများပြီး သေခြင်းတရားကို ကြိုတင် ပြင်ဆင်ထားကြရမှာပါ။

(ဓမ္မပဒ - အမျိုးသမီးငယ် ဝတ္ထု)

## ဘဝနေဝင် ကြည်ညိုခွင့်ရလိုက်သော ကပ်စေးနှဲသူ၏သား

ကျွန်ုပ်၏အဖေသည် သာဝတ္ထိမြို့တွင် တစ်စုံတစ်ယောက်သော သူအား တစ်စုံတစ်ရာသော ပစ္စည်းကိုမျှ မပေးခဲ့ဖူး၍ အဒိန္နပုဗ္ဗကလို့ ခေါ်ကြပါတယ်။ အဖေဟာ သာဝတ္ထိမြို့မှာ ပုဏ္ဏားမျိုးသူဌေးတစ်ဦးပါ။

အဖေဟာ တကယ်တော့ ပစ္စည်းတွယ်တာမက်မောသူတစ်ဦးဖြစ်ပြီး အလှူအတန်းကို စိတ်မဝင်စားပါဘူး။ သာဝတ္ထိပြည်မှာ နေလိုလလို ထင်ရှားပေါ်နေတဲ့ ဘုရားရှင်ကိုလည်း ဥပေက္ခာပြုပြီး မသိကျိုးကျွံပြုနေပါတယ်။ ဘုရားရှင်ကိုထားတော့ မိမိအမျိုးအနွယ် ပုဏ္ဏားတို့ကိုပင် ပေးလှူခြင်းမရှိခဲ့ပါဘူး။

ကျွန်တော်တို့ကိုလည်း ဘုရားရှင်ကိုမဖူးဖို့ မပေးလှူဖို့ အမြဲဩဝါဒပေးခဲ့ပါတယ်။ အဖေဟာ ဘယ်လောက်ကပ်စေးနှဲသလဲဆိုရင် သားတစ်ယောက်တည်းသာရှိတဲ့ ကျွန်ုပ်ကိုပင် ကောင်းကောင်းဝတ်စားဆင်ယင်

မပေးခဲ့ပါဘူး။ တန်ဆာနားတောင်းကြီးကို ဝတ်ဆင်ပေးထားတဲ့ အတွက် ပတ်ဝန်းကျင်က ကျွန်ုပ်ကို သားနားတဲ့နားတောင်းကြီးနဲ့ဆိုပြီး ချဲ့မွမ်းသလို လိုနဲ့ နာမည်ပြောင်း အမည်ပေးထားကြပါတယ်။

တစ်နေ့မှာ ကျွန်ုပ်ရောဂါဖြစ်ပါတယ်။ ဖခင်သူဌေးကြီး ကပ်စေးနှဲသူ ဆိုတော့ ဆေးဝါးကုသရင်း ငွေကုန်မှာစိုးတော့ ဆရာလည်းပင့်ပြီး မကု ဘူး။ ဆေးဝါးလည်းဝယ်မကျွေးပါဘူး။

အဲဒါနဲ့ ကျွန်ုပ်ရဲ့ရောဂါဟာ တဖြည်းဖြည်းပြင်းထန်သထက် ပြင်းထန် ပြီး ရောဂါကလည်း ကျွမ်းသတဲ့ကျွမ်းလာပါတယ်။ ကျွန်ုပ်မစားနိုင် မသောက်နိုင် သေလုနီးပါးဖြစ်လာပါပြီ။

မေမေကတော့ သားအတွက် စိုးရိမ်သောဝင်ပြီး မျက်ရည်လေး တစ်စစ နဲ့ပေါ့။ ဒါပေမယ့် ဖေဖေ့ကိုလည်း မပြောရဲရှာဘူး။ ကျွန်ုပ်တို့ ဇာတိမျိုး နွယ်ရဲ့ သဘောက မိန်းမတွေဟာ ယောက်ျားသြဇာကို ဘာမျှပြန်လှန် ပြောခွင့်မရှိဘူး မဟုတ်လား။ မိခင်ကတော့ တစ်ဦးတည်းသောသား အ တွက် ရင်နင့်အောင် ခံစားနေရပေမယ့် ဖခင်ကို ဘာမျှပြောခွင့် ဆိုခွင့် မရှိလေတော့ ကျိတ်ပြီးငိုနေရုံမျှတစ်ပါး အခြားမတတ်နိုင်ပါဘူး။

ကျွန်ုပ်သေလုမတတ်ဖြစ်နေတော့ မိခင်ကြီးသည်းမခံနိုင်တော့ပါဘူး။ ဖခင်ကို အရဲစွန့်ပြီး ဆရာပင့်ပြီး ဆေဝါးကုသဖို့ တိုက်တွန်းပြောရှာပါ တယ်။

ကျွန်ုပ်ဖခင် ဦးကပ်စေးကတော့ ဆရာပင့်ဖို့ စိတ်မကူးပါဘူး။ ကပ်စေး နဲတဲ့နေရာမှာ စံထိုက်တဲ့ ပုဂ္ဂိုလ်ပါ။ ဆေးဆရာထံသွားပြီး ဒီလိုရောဂါမျိုး

ဖြစ်လာရင် ဘယ်လိုကုရသလဲဆိုပြီး ဆေးနည်းသွားမေးသတဲ့။ မေးပြီး တော့ သူကိုယ်တိုင် သစ်သီး, သစ်ခေါက်, သစ်ရွက် သွားရှာပြီး သူကိုယ်တိုင် ဆေးဖော်ပြီး ကျွန်ုပ်ကိုတိုက်ကျွေးပါတယ်။

ရောဂါအခြေအနေကို တတ်သိနားလည်သော ဆရာကိုမပြဘဲ ဆရာပြောလိုက်တဲ့ ဆေးနည်းကို သူ့ဘာသာသူ ဖော်စပ်ပြီး ကုသတဲ့အတွက် ကျွန်ုပ်ရောဂါဟာ မသက်သာပါဘူး။ ဆိုးသထက် ဆိုးလာပါတယ်။

ဒီလိုနဲ့ ကျွန်ုပ်ဟာ သေအံ့မူးမူးဖြစ်လာပါပြီ။

ကျွန်ုပ်အဖေ ဦးကပ်စီးအတွေးက "ငါ့သားတော့ သေတော့မှာ အမှန်ပဲ။ ငါ့သားသေရင်တော့ ဘေးလူတွေက သတင်းလာမေးကြတယ်။ သူတို့က သတင်းလာမေးရင် ငါ့ဆေးလိပ်စသည့် ဧည့်ခံရဦးမယ်။ အလောင်းထုတ်ဖို့ အလုပ်သမားစသည်ငှားရဦးမယ်။ အဲဒီတော့ အဲဒီအတွက် ငွေမကုန်ရအောင် ယခုကတည်းက အပြင်ထုတ်ထားတာ ကောင်းတယ်လို့ တွေးပြီး ကျွန်ုပ်ကိုအိမ်အပြင်ထုတ်ထားလိုက်ပါတယ်။

ကျွန်ုပ်ဟာ သေငယ်ဇောမျောနေပါပြီ။

ထိုအချိန်မှာ ဘုရားရှင်ဟာ နံနက်မိုးသောက် မဟာကရုဏာသမာပတ်မှထ၍ လောကကိုကြည့်တဲ့အခါမှာ ယနေ့ပင်သေတော့မည့် သေပြီး ငရဲရောက်ရမည့် ကျွန်ုပ်ကို တွေ့မြင်တော်မူသွားပါတယ်။

ဘုရားရှင်ဟာ အနာဂတ်ကာလတွင် ကျွန်ုပ်၏ မှီခိုရာ ဖခင်အတွက် တရားရရာ အများသူတို့ သစ္စာလေးပါးသိဖို့ရာ အထောက်အပံ့ကို သိမြင်တော်မူပြီး သပိတ်သင်္ကန်းယူပြီး နောက်ပါရဟန်းအပေါင်းခြံရံလျက်

သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံဝင်တော်မူပါတယ်။

ဘုရားရှင်ဟာ ကျွန်ုပ်အိမ်နားရောက်တော့ ခြောက်ဖြာသော ရောင်ခြည်တော်ကို ကျွန်ုပ်ထံ စေလွှတ်ပေးတော်မူပါတယ်။

ဤရှုမငြီးဖွယ် အသွယ်သွယ်ပဝင်းသော အရောင်အဆင်းတို့သည် ဘယ်က လာသနည်း။ ကျွန်ုပ်သည် ရောင်ခြည်လာရာကို စူးစမ်းလှေ့လာကြည့်ပါသည်။ ကျွန်ုပ်သည် ဘုရားရှင်၏ ခြောက်သွယ်သော ရောင်ခြည်ကို ဟိုမှသည်မှ လှေ့လာကြည့်မိပါသည်။

ဟော- ဖူးတွေ့ရပါပြီ။ ကောင်းမြတ်တင့်တယ် သပ္ပါယ်တော်မူလှသော ဘုရားရှင်ကို ကျွန်ုပ်အိပ်နေရာ ညောင်စောင်းမှ ဖူးတွေ့လိုက်ရပါပြီ။ စိတ်ထဲမှာ ကြည်နူးမှု၊ နှစ်သိမ့်မှုသည်လည်း ကျွန်ုပ်တသိမ့်သိမ့် ခံစားလိုက်ရပါသည်။

"ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ငါ့ထံသို့ ကြွရောက်သောမူလာ၏။ ရှုစမ်းပါလော။ ဤကား မြတ်စွာဘုရား၏ ရူပကာယတော်၏ ပြည့်စုံခြင်းပေတည်း။ မိမိတန်ခိုးတော်ဖြင့် နေမင်းကို သော်လည်း လွှမ်းမိုးနိုင်၏။ နှစ်သက်အပ်သည့် အဖြစ်ကြောင့် လမင်းကိုလည်း လွှမ်းမိုးနိုင်၏။ ကိုယ်တော်၏ ငြိမ်သက်ခြင်းကို အလုံးစုံသော ရဟန်းပုဏ္ဏားတို့ကို ငြိမ်သက်စေနိုင်ပေ၏-ဟူသော ပုဂ္ဂိုလ်သည် ဤပုဂ္ဂိုလ်ပင်ဖြစ်ရာ၏။ ဤလောကတွင် အမြတ်ဆုံးပုဂ္ဂိုလ်ဟူသည်ကား ဤပုဂ္ဂိုလ်ပင်လျှင်တည်း။ ငါ့ကို သနားစောင့်ရှောက်သောအားဖြင့် ဤအရပ်သို့ ကြွလာသည်ဖြစ်ရမည်"

**ကမ္ဘာကျော်စာပေ**

ကျွန်ုပ်သည် ဤသို့စဉ်းစားမိပြီး ဘုရားရှင်သည် ကျွန်ုပ်နားက ကွယ်ပျောက်သွားပါသည်။ ကျွန်ုပ်စိတ်ဝယ် ဘုရားရှင်အပေါ် ကြည်ညိုသောပီတိကား တသိမ့်သိမ့်ခံစားလျက် ကျန်ရစ်ရင်း ကျွန်ုပ်၏ ဝိညာဉ်သည် အလွန်တရာခမ်းနားတောက်ပြောင်ထွန်းလင်းသော နတ်ဘုံ နတ်ဗိမာန်များကို တွေ့မြင်ရလျှက် ဤလူ့ဘဝကို လွန်မြောက်ခဲ့ပါသည်။

အိပ်သော ယောက်ျားနိုးသောလားကဲ့သို့ တာဝတိံသာ နတ်ပြည်ဝယ်ကြီးကျယ်ခမ်းနားသော နတ်ဘုံဗိမာန်ဝယ် အရောင်အဝါအဆင်းထွန်းလင်းတောက်ပသော နတ်သားအဖြစ် ရောက်ရှိခဲ့ပါတော့သည်။

ဘဝနေဝင်ခါနီး ဘုရားရှင်က လာရောက်ကယ်ဆယ်လိုက်သဖြင့် ကျွန်ုပ်သည် လူ့ဘဝနေဝင်လှပြီး နတ်ပြည်ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏ဖခင် အဒိန္နပုဗ္ဗက ပုဏ္ဏားသည် ကျွန်ုပ်အလောင်းကို ကောင်းစွာသင်္ဂြိုဟ်ရှာပါသည်။

ကျွန်ုပ်သေပြီးနောက် ကျွန်ုပ်သေရခြင်းသည် သူ၏ကပ်စေးနဲ နှမြောမှုကြောင့် သေရသည်ဟု သဘောပေါက်ခံစားလာရ၍လားမသိ၊ သင်္ဂြိုဟ်ပြီးနောက် နှစ်ရက်ကြာတော့ ဖခင်ဟာ ကျွန်ုပ်သင်္ချိုင်းသို့ သွားပြီး ကျွန်ုပ်ကို တ.ကာ၊ တ.ကာ ငိုကြွေးနေပါသည်။

ထိုအခါ မဋ္ဌကုဏ္ဍလီနတ်သားဘဝ ရောက်ခဲ့သော ကျွန်ုပ်သည် ဤနတ်သားဘဝကို အဘယ်ကဲ့သို့သော ကောင်းမှုကြောင့် ရောက်ရသလဲဟု စူးစမ်းကြည့်မိပါသည်။

ရှေးလူ့ဘဝက ဘုရားရှင်ကို ကြည်ညိုသောစိတ်ဖြင့် လက်အုပ်ချီရုံမျှဖြင့် ကုသိုလ်ဖြင့် ဤနတ်ပြည်ကို ရောက်ရသည်ဟု ကျွန်ုပ်သိလိုက်ပါသည်။

'သြော်--ဘုန်းတော်ကြီးသော ဘုရားရှင်တို့မည်သည်ကား အံ့ဩဖွယ်ရှိခပေစွ၊ ကြီးမားသော အာနုဘော်ရှိပေစွ'

ကျွန်ုပ် မဋ္ဌကုဏ္ဍလိနတ်သားသည် ဘုရားရှင်အား လွန်လွန်ကဲကဲ ကြည်ညိုခြင်း. မြတ်နိုးခြင်းတို့ အကြိမ်ကြိမ်ပေါ်မိပါတော့သည်။

ဘယ်ပန် ကျွန်ုပ်သည် ဖခင်ပုဏ္ဏားကြီး အခြေအနေကို စူးစမ်းဆင်ခြင်ကြည့်မိပါသည်။ ဖခင်ကြီးသည် သုသာန်၌ ငိုကြွေးနေသည်ကို တွေ့မြင်မိပါသည်။

'ဤဖခင်ကြီးသည် ရှေးဘဝက ငါကိုဆေးဝါးမျှ မကုသ၊ ၊ မပြုစုခဲ့ဘဲ ယခုမှ သုသာန်၌ ငိုကြွေးနေဘိသည်။ ငါပုဏ္ဏားကြီးကို ထိတ်လန့်စေပြီး ကုသိုလ်ရစေအံ့'

ကျွန်ုပ်သည် ထိုသို့ကြံစည်ပြီးနောက် မူလလူ့ဘဝ မဋ္ဌကုဏ္ဍလိ အသွင်ဖန်ဆင်းပြီး ဖခင်ပုဏ္ဏားကြီးအနီးသို့သွားကာ 'ဟဲ့-လမင်း၊ ဟဲ့-နေမင်း' ဟု တ.ကာ လက်ကိုမြှောက်လျှက် ငိုကြွေးနေပြီး ရပ်နေလိုက်ပါသည်။

ပုဏ္ဏားကြီးသည် မိမိဘေးတွင် ထူးဆန်းစွာ လာငိုနေသော၊ ပြီးတော့ မိမိသေသွားသော သားနှင့်တူသော မဋ္ဌကုဏ္ဍလိကို အံ့ဩစွာကြည့်ရင်း-

'ငါ့သားနဲ့ တူတဲ့ မောင်လုလင်၊ သင့်မှာ လှပတင့်တယ်သော နားတောင်းစသောအဆင်းတန်ဆာ. ပန်းနံ့သာ. စန္ဒကူးတွေရှိပါလျက် လက်နှစ်ဖက်

မြှောက်ပြီး အဘယ်ကြောင့် ရှိုက်ကြီးတငင်ငိုကြွေးနေပါသလဲ၊ ကြောက်မက်ဖွယ် သုသာန်၌ သင်အဘယ်ဒုက္ခမျိုး ကြုံတွေ့နေရပါသလဲ'

ဟု သနားကရုဏာကြီးစွာနှင့် မေးလိုက်သည်။

'အို-ပုဏ္ဏားကြီး၊ ကျွန်ုပ်မှာ ရွှေဖြင့်ပြီးသော ရထားအိမ်ရှိပါသည်။ ဘီးမရှိ၍ သောကရောက်နေရပါသည်'

'ငါ့သားနှင့်တူသော သင် မပူလင့်၊ ရွှေဘီး၊ ငွေဘီး ကြိုက်ရာတောင်းပါ။ သင့်ကို ငါ့သားကိုယ်စား ငါချစ်လှ၍ လုပ်ပေးပါမည်'

"ပုဏ္ဏားကြီး၊ သင်စွမ်းနိုင်လျှင် ကျွန်ုပ်လိုချင်သော ဘီးပမာဏကို အမြန်လုပ်ပေးပါ"

"အမောင်လုလင် . . . အဘယ်မျှကြီးသောဘီးကို ပြုလုပ်ပေးရမည်လဲ"

"အသင် ပုဏ္ဏားကြီး၊ ဤမျှမြင်နေရသော နေနှင့်လကို ဘီးပြုလုပ်ပြီး ကျွန်ုပ်လှည်းမှာ တပ်ဆင်လိုပါသဖြင့် နေနှင့်လကို ရအောင်ယူပေးပါ"

"အမောင်လုလင် . . သင်သည်မိုက်ပါဘိ၊ မတောင့်တအပ်သည်ကို တောင့်တဘိ၏။ သင့်အသက်သေဖို့ရာသာရှိသည်။ လ, နေ တို့ကို ရဖို့မလွယ်လှပါ"

'အသင်ပုဏ္ဏားကြီး . . . ဘယ်လိုလဲ၊ လက်တွေ့မြင်နေရသော အရာဝတ္ထုကို လိုချင်၍ ငိုကြွေးနေသောသူသည် မိုက်မဲသလော။ မမြင်ရသော အရာဝတ္ထုကို လိုချင်၍ ငိုကြွေးနေသောသူသည် မိုက်မဲသလော'

ထိုအခါ ပုဏ္ဏားကြီးသည် သတိရပြီး 'သြော် . . . ငါသည် မရနိုင်တော့သော အရာကိုတောင့်တကာ တမင်သက်သက်သောကမီး တောက်

လောက်နေမိသည်။ အကျိုးမရှိသော ပျက်ပြားမှုကို ငါပြုလုပ်နေပါပ ကောလား'

ပုဏ္ဏားကြီးသည် သတိတရားရမှ ကျွန်ုပ်လုလင်အသွင်ဖျောက်ပြီး နတ်သားအသွင်ကို ပြမိပါသည်။ ပုဏ္ဏားကြီးသည် ကျွန်ုပ်ကို မကြည့်သေးဘဲ

'အမောင်လုလင်၊ သင်သည်အမှန်တရားကို ဆိုပါ၏။ မရှိရာငို ရှိရာငို့နှစ်မျိုးတွင် မရှိတာကို တမ်းတငိုနေသော ငါသည် မိုက်မဲလှပါ၏။ ကလေးငယ်သည် လမင်းလိုချင်၍ အခါခါ တောင့်တငိုနေသလို ငါသည်လည်း သေလေပြီးသောသားကို တောင့်တ၍ ငိုမိပါ၏။ ငါသည်သာ မိုက်မဲရ၏'

ပုဏ္ဏားကြီးသည် လုလင်ယောင်ဆောင်ထားသော ကျွန်ုပ်ကို များစွာကျေးဇူးတင်ဟန်ရှိသည်။ ကျွန်ုပ်ကို ဆက်လက်ချီးကျူးနေပြန်ပါသည်။

'အမောင်လုလင်၊ သားတည်းဟူသော သောကမီးဖြင့် လောင်ငြိးနေသော ငါ့ကို သင်သည် ပကတိစွဲလောင်နေသော မီးကိုရေဖြင့် အကြွင်းမရှိသွန်းလောင်းဘိသကဲ့သို့ ငါ၌ခံစားနေရသော အလုံးစုံသော သောကကို ပူပန်ခြင်းကို ငြိမ်းစေပြီတကား၊ ငါ့စိတ်နှလုံးဝယ် စူးဝင်နေသော သားတည်းဟူသော သောကကို သင်သည် နုတ်ပယ်ပေးအပ်ခဲ့ပြီးတကား၊ ငါသည် သောကငြိမ်းအေးပြီးဖြစ်၍ ငိုကြွေးရန်မလိုတော့ပါ။

ပုဏ္ဏားကြီးသည် ပြောပြောဆိုဆို ကျွန်ုပ်အား လှမ်းကြည့်လိုက်ရာ နတ်အသွင်ရောက်နေသော ကျွန်ုပ်ကို မြင်တွေ့သွားသဖြင့် အံ့အားသင့်ပြီး-

'အမောင်လုလင်၊ သင်သည်အဘယ်သူနည်း၊ ဂန္ဓဗ္ဗနတ်လော၊ သိကြားမင်းလော၊ ဘယ်ပုဂ္ဂိုလ်, ဘယ်သူ၏သားဖြစ်ပါသနည်း'

ဟု မေးပါသည်။

'အို-ပုဏ္ဏားကြီး အသင်စိုးရိမ်ပူဆွေးလျက် တမ်းတငိုနေသော သားဖြစ်သူ မဋ္ဌကုဏ္ဍလီဆိုသည်ကား အခြားမဟုတ်၊ ကျွန်ုပ်ပင်ဖြစ်ပါသည်။ ကျွန်ုပ်သည် သေခါနီးဘုရားရှင်ကို ဖူးမြင်ရသောကုသိုလ်ကံစေတနာကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ပါသည်။

'အမောင် လုလင်နတ်သား၊ သင်သည် လူ့ဘဝရှိစဉ်က မိမိအိမ်၌ အနည်းငယ်လှူဖူးသည်ကိုလည်းကောင်း၊ သီလစောင့်တည်သည်ကိုလည်းကောင်း ငါမတွေ့ဖူးပါ။ အဘယ်ကုသိုလ်ဖြင့် နတ်ပြည်ရောက်ရပါသလဲ'

'အို ပုဏ္ဏားကြီး၊ ကျွန်ုပ် မိမိအိမ်ဂေဟာ၌ ဝေဒနာပြင်းထန်စွာ စွဲကပ်၍ သေခါနီးတွင် ဘုရားရှင်ကြွလာ၍ ဘုရားရှင်ကို ဖူးတွေ့ရသော ကုသိုလ်ကံကြောင့် နတ်ပြည်ရောက်ရပါသည်'

ပုဏ္ဏားကြီးသည် ကျွန်ုပ်စကားကို ကြားရသောအခါ များစွာ အံ့ဩဝမ်းမြောက်သောစိတ်ဖြစ်ပြီး 'အို--အချင်းတို့၊ အံ့ဩဖွယ်ပါတကား၊ မဖြစ်ဖူး, မကြားဖူးသည်တို့ကို ကြားရပါတကား။ ဝမ်းမြောက်စွာ ကြည်ညိုပြီး လက်အုပ်ချီကာမျှဖြင့် ဤမျှ အကျိုးစီးပွားခံစားရပါတကား၊ အမှား လမ်းစဉ်ကို လိုက်မိသော ငါသည်ယနေ့ပင် ဘုရားကိုကြည်ညို, ဆည်းကပ်ပါတော့အံ့။

'ပုဏ္ဏားကြီး သင်သည် ယနေ့ကြည်လင်သောစိတ်ထားရှိစဉ်မှာပင် ဘုရား, တရား, သံဃာ ဟူသော ရတနာသုံးပါးတို့ကို ဆည်းကပ်လေပါလော'

'အမောင်နတ်သား၊ သင်သည် ငါ၏လွဲမှားနေသော အယူကို အမှန်ဖြစ်အောင် ပြုလုပ်ပေးသူဖြစ်ပါသည်။ ငါ့အကျိုးကို လိုလားသူဖြစ်ပါသည်။ သင့်စကားကို နားထောင်ပြီး ယနေ့ပင်ဘုရားထံသို့ သွားရောက်ဖူးမြော်ပါမည်။ ငါသည် ယနေ့မှစ၍ ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါမည်ဖြစ်ကြောင်း သင့်ကို ကတိပေးပါ၏။

ကျွန်ုပ်သည် ဖခင်ပုဏ္ဏားကြီးထံမှ ကတိခံဝန်ချက်ရပြီးသောအခါမှ ဘုရားရှင်ထံ သွားရောက်ဖူးမြော်ရန် ထိုနေရာမှာ ကွယ်ပျောက်ခဲ့ပါသည်။

ပုဏ္ဏားကြီးသည် သုဿန်မှနေပြီး ဘုရားကျောင်းသို့ ချက်ချင်းသွားလေသည်။ တစ်ခါမျှ ဘုရားထံသို့ မသွားဖူးသော ပုဏ္ဏားကြီး ဘုရားထံသို့ သွားသည်ကို မြင်ကြသော လူအပေါင်းတို့သည် အထူးအဆန်းသဖွယ် ပုဏ္ဏားကြီးနောက်မှ လိုက်ကြလေသည်။

ဘုရားထံသို့ ရောက်သောအခါ ပုဏ္ဏားကြီးသည် ဘုရားနှင့် ပဋိသန္ထာရစကားပြောပြီး 'အရှင်ဘုရား---တစ်စုံတစ်ခုကို မပေးလှူဖူးဘဲ သီလလည်း မစောင့်တည်ခဲ့ဘဲ အရှင်ဘုရားကို ကြည်ညိုလက်အုပ်ချီရုံမျှဖြင့် နတ်ပြည်သို့ ရောက်နိုင်ပါသလား' ဟု မေးလျှောက်ထားသည်။

'ပုဏ္ဏားကြီး၊ ယနေ့ မိုးသောက်ကပင် သင့်ကို မဋ္ဌကုဏ္ဍလီနတ်သား အကြောင်းစုံပြောပြပြီးမဟုတ်လော'

ထိုအခါမှပင် မဋ္ဌကုဏ္ဍလီနတ်သားသည် နတ်စည်းစိမ်အခြံအရံနှင့် တကွ လာ၍ ဘုရားရှင်ကို ရှိခိုးလေသည်။ ပုဏ္ဏားကြီးနှင့်တကွ ပရိသတ် တို့ပါ မြင်တွေ့လေသည်။

ဘုရားရှင်သည် ပုဏ္ဏားကြီးနှင့် တကွ ပါလာသော ပရိသတ်တို့ကို တရား ဟောပြောတော်မူရာ ပရိတ်သတ်များစွာ အကျိုးများစွာဖြစ်ထွန်းလေ သည်။

(ဓမ္မပဒ၊ မဋ္ဌကုဏ္ဍလီ ဝတ္ထု)

## ဒုဋ္ဌဂါမဏိအဘယမင်း၏ ဘဝနေဝင်ချိန်

သီဟိုဠ်နိုင်ငံ ဒုဋ္ဌဂါမဏိ အဘယမင်း ထိုင်းနိုင်ငံထူထောင်စအချိန်ဖြစ် သည်။ ရန်သူတို့နှင့် စစ်ပွဲများစွာကို ဆင်နွှဲတိုက်ခိုက်နေရသော အချိန် ကာလဖြစ်သည်။

စူဠင်္ဂဏိယစစ်ပွဲနှစ်ဖက် စစ်တပ်တို့သည် အင်အားကြီးကြသည်။ တပ် ထောင်ထာ ဗိုလ်ထုများပြားစွာနှင့် မျက်နှာချင်းဆိုင် စစ်ပွဲဆင်နွှဲကြသည်။

သွေးသံရဲရဲ စစ်မြေပြင် တလင်းသည် သွေးခြင်းခြင်းနီရဲနေသည်။ နှစ် ဖက်မှ ကျဆုံးကြသော စစ်သည်သူရဲတို့သည်ကား မြေပြင်နှင့်အမျှ ပြည့် နေသည်။

## ဘ၀စေနဝင် နည်းလမ်းပြင်

တိုက်ပွဲအလီလီဆင်နွှဲခဲ့ပြီး အောင်ပွဲအလီလီ ရခဲ့သော ဒုဋ္ဌဂါမဏိသူ့ရဲ ကောင်းမင်းသည် ဤစုဋ်ဂဏိယစစ်ပွဲတွင် ခစ်ရေးငင်များ၍ စစ်ရှုံးရသည်။ အသက်လုပြီး ကိုယ်လွတ်ရုန်းပြေးရသည်။ စီးတော်မြင်းကို တအားနှင်၍ စစ်ပွဲလွတ်ရာ တောအုပ်ဆီသို့ ပြေးရှောင်ခဲ့ရသည်။

တိဿအမတ်သည် အရှင်သခင်မင်းနှင့် ထက်ကြပ်မကွာ သစ္စာရှိရှိ အမိလိုက်ပါလာခဲ့သည်။

တောအုပ်လုံခြုံသော နေရာသို့ ရောက်သောအခါ အမောပန်းဖြေ နားကြသည်။ ဆာလောင်မှုဝေဒနာကား ပြင်းထန်စွာခံစားလာရသည်။ မင်းသည် ရာဇက္ကန္ဓြေပင် မဆည်နိုင်တော့ဘဲ နောက်ပါတိဿကို -

'အစ်ကို တိဿ၊ ကျွန်ုပ်အား ဆာလောင်မှုသည် အလွန်နှိပ်စက်နေပါသည်။ မည်သို့ ပြုလုပ်ရမည်လဲ'

ဟုမေးသည်။

'အရှင်မင်း၊ ကျွန်ုပ်ပုဆိုးအတွင်း၌ထားသော ရွှေခွက်ငယ်ဖြင့် ထမင်းယူဆောင်ထားတာရှိပါသည်'

'အစ်ကို တိဿ၊ ဒီလိုဆို ယူခဲ့ပါတော့'

တိဿအမတ်သည် ရွှေခွက်ကိုထုတ်၍ မင်း၏ရှေ့၌ ထားပေးသည်။

'အစ်ကို တိဿ၊ လေးပုံပုံပါ'

'အရှင်မင်းမြတ်၊ ကျွန်ုပ်တို့သုံးဦးသာဖြစ်လျက် အဘယ့်ကြောင့် လေးပုံပုံရပါမည်နည်း'

'အစ်ကိုတိဿ၊ ကျွန်ုပ်သည် မိမိကိုယ်ကို သိတတ်သော အရွယ်မှစ၍ သံဃာတော်အရှင်မြတ်တို့ကို မလှူဘဲ အစာအာဟာရတို့ကို စားသည်' ဟူ၍ မရှိခဲ့ဖူးပါ။ ယနေ့လည်း ကျွန်ုပ်မလှူဘဲ မစားလိုပါဘူး'

မင်း၏အမိန့်အတိုင်း တိဿအမတ်ရွှေခွက်တွင်းရှိ ထမင်းကို လေးပုံပုံလေသည်။

'အစ်ကို တိဿ၊ ဆွမ်းအချိန်ကို ကြွေးကြော်ပေးပါ'

'အရှင်မင်းမြတ်၊ လူသူမနီး တောကြီးမျက်မည်းထဲ၌ အလှူခံအရှင်မြတ်တို့ကို အဘယ်မှာ ရနိုင်ပါအံ့နည်း'

'အစ်ကိုတိဿ၊ သံဃာအရှင်မြတ်တို့ကို ရမှု၊ မရမှုသည် အစ်ကိုတွင် တာဝန်မရှိ၊ ကျွန်ုပ်ယုံကြည်မှု သဒ္ဓါရှိပါက သံဃာအရှင်မြတ်တို့ကို ရနိုင်ပါသည်။ ဆွမ်းအခါကိုသာ ရဲရဲကြွေးကြော်ပါ'

'အရှင်မြတ်တို့၊ ဆွမ်းအချိန်အခါ ရောက်ပါပြီဘုရား'

တိဿက သုံးကြိမ်တိတိ ကြွေးကြော်လိုက်သည်။ ထိုအခါ ဂေါမိယမာလက မဟာတိဿမထေရ်သည် ထိုသူ၏အသံကို ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြားရ၍ . . .

'ဤအသံကား အဘယ်သူ၏အသံနည်း'

ဟု ဆင်ခြင်ကြည့်မိသည်။

'ယခုအခါ၌ ဒုဋ္ဌဂါမဏိအဘယမင်းသည် စစ်ပွဲရှုံးသဖြင့် တောအုပ်သို့ ဝင်ထိုင်လျက် တစ်ခုသော ခွက်ငယ်မှ ထမင်းကို လေးပုံပုံစေလျက် 'တစ်ယောက်တည်း ငါမစားအံ့'ဟု ဆွမ်းအခါကို ကြွေးကြော်စေသည့် အသံ

ပါကလား၊ ယခုအခါ ငါသည် မင်းအားချီးမြှောက်ခြင်းကို ပြုသင့်၏။

မထေရ်မြတ်သည် ဆွမ်းသို့စဉ်းစားဆင်ခြင်ပြီးလျှင် အဘိညာဉ်ဖြင့် ကြွ၍ မင်းရှေ့၌ ရပ်တော်မူလေသည်။ မင်းသည် မထေရ်မြတ်ကို မြင်သောအခါ ဝမ်းမြောက်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍

'အစ်ကိုတိဿ လျှာလော့'

ဟုဆိုကာ မထေရ်မြတ်ကို ရိုသေစွာ ရှိခိုးကန်တော့သည်။

'အရှင်မြတ်၊ သပိတ်တော်ကို ပေးတော်မူပါဘုရား'

မထေရ်မြတ်က သပိတ်တော်ကို မင်းလက်ထဲသို့ ထည့်ပေးသည်။

မင်းသည် မိမိစားရမည့် အစုအပုံကိုရော မထေရ်မြတ်အတွက် ရည်စူးသော အပုံပါ သပိတ်ထဲထည့်၍ လောင်းလှူပြီး-

'အရှင်မြတ်ဘုရား၊ အာဟာရဟူသော ဘေးရန်မည်သည် တစ်ခါတစ်ရံမျှ မဖြစ်ပါရစေသတည်း'

ဟု ဆုတောင်းပြီး ရှိခိုးကာ ရပ်နေလေသည်။

'ငါ၏အရှင်သား ကြည့်ရှုနေစဉ် စားခြင်းငှာ မသင့်ပေ'

တိဿသည် ဆွမ်းသို့စဉ်းစားပြီး မိမိဝေပုံစုကို မထေရ်၏ သပိတ်ထဲသို့ လောင်းလှူလိုက်ပြန်သည်။ မြင်းကလည်း ငါ၏အစုအပုံကို မထေရ်အား လှူရန်သင့်၏ဟု ကြံမိပါသည်။ မင်းကြီးသည် မြင်းကိုကြည့်သည်။ မြင်းကလည်း မိမိအပုံကို မထေရ်လှူရန် တောင့်တသည့်အဖြစ်ကိုသိ၍ မြင်း၏ ဝေစုအပုံကိုပါ လောင်းလှူလိုက်သည်။

**ကမ္ဘာကျော်စာပေ**

မထေရ်မြတ်သည် ထိုဆွမ်းကို အလှူခံယူပြီးနောက် ပြန်ကြွလာပြီးသော် မိမိနှင့် သီတင်းသုံးဖော်ရဟန်းသံဃာအားလုံးကို ဝါစဉ်အစမှစ၍ ဆွမ်းလုတ်အနည်းငယ်စီ လိုက်လှူလေသည်။

'ငါတို့သည် အလွန်ပင်ဆာလောင်မွတ်သိပ်ကြကုန်၏။ ဆွမ်းအလှူခံ မထေရ်သည် ပိုလျှံသော ဆွမ်းတို့ကို ပို့လိုက်ပါမူကောင်းလေစွ'

မင်းသည် ဤသို့ ကြံစည်စိတ်ကူးပြီးတော့ တောင့်တမိသည်။ မထေရ်မြတ်သည် မင်း၏အကြံအစည် တောင့်တချက်ကို သိတော်မူ၍ ပိုလျှံသော ဆွမ်းကို ထိုသူတို့အတွက်မျှလောက်အောင်ပြု၍ သပိတ်တော်ကို ကောင်းကင်သို့ ပစ်လွှတ်လိုက်လေသည်။ သပိတ်သည်လာ၍ မင်း၏လက်ထဲ၌ တည်လေသည်။

ထမင်းသည် သုံးယောက်သောသူတို့အား လောက်ငလေသည်။ ထို့နောက် မင်းသည် သပိတ်တော်ကို ဆေးကြောသုတ်သင်ပြီး -

'အချည်းနှီးသော သပိတ်ကို မပို့အံ့' ဟု ကြံစည်ပြီး အပေါ်ရုံကို ချွတ်ပြီး သပိတ်၌ထားလျက် -

'ဤသပိတ်သည် ငါ၏အရှင်လက် ပြန်တည်ပါစေသတည်း' ဟု အဓိဋ္ဌာန်ဖြင့် စေလွှတ်လိုက်သည်။ သပိတ်သည် မထေရ်၏လက်၌ ပြန်လည်ရောက်ရှိသွားလေသည်။

နောင်အခါဝယ် မင်းကြီးသည် တိုင်းပြည်သူပုန်ရန်ကင်းအေး၍ အေးချမ်းသာယာလာသော အခါဝယ် ဘုရားရှင်၏ သရီရဓာတ်တော်တို့ကို

ရှစ်ခုမြောက်အဖိုးကို တည်စေ၍ အတောင် (၁၂၀)ရှိ မဟာစေတ်ကို တည်ထောင်စေသည်။

ထိုမဟာစေတီတော် မပြီးစီးခင် မင်းကြီးနာမကျန်းဖြစ်၍ နတ်ရွာစံရန် အချိန်သို့ရောက်လာခဲ့သည်။ ထိုအခါ မဟာစေတီတောင်ဘက်ဘေး၌ မင်းကြီးအား လျောင်းစက်စေပြီး သံဃာတော်တို့က နိကာယ်ငါးရပ်တို့ကို ရွတ်ဖတ်ကြသည်။ မင်းကြီးက ကောင်းစွာနာယူသည်။

ထိုအချိန်တွင် နတ်ပြည်ခြောက်ထပ်မှ ရထားခြောက်စင်းသည် ရောက်လာကြ၍ ကောင်းကင်၌ရပ်တည်နေကြသည်။

မင်းကြီးသည် ဝမ်းမြောက်သောစိတ်ဖြင့် ကောင်းမှုစာရင်းစာအုပ်ကို ယူခဲ့ကြလော့ဟုဆိုကာ ကောင်းမှုကုသိုလ်စာရင်းကို အစမှစ၍ ဖတ်စေသည်။ ထိုအလှူစာရင်းများ၌ မင်းကြီး၏ စိတ်သည်မညွတ်နိုင်-

'ရှေ့သို့ ဆက်ဖတ်ကြဦးလော့'

စာတော်ဖတ်က ဆက်ဖတ်သည်။

'အရှင်မင်း၊ စူဠင်္ဂဏိယစစ်ပွဲ၌ ရှုံးသဖြင့် တောအုပ်သို့ ဝင်ပြီးနောက် သင်မင်းကြီးထိုင်နေစဉ် ခွက်ယယ်တစ်ခုက ထမင်းကို လေးပုံ့ပုံ စေ၍ ဂေါမိယမာလကတိဿမထေရ်အား ဆွမ်းလှူဖူးပါသည်' ဟု လျှောက်သည်။

မင်း၏စိတ်သည် ထိုအလှူ၌ ကောင်းစွာ စိတ်ညွတ်တော်မူပြီးနောက်-

'ကဲ-ထားလိုက်ပါတော့ အရှင်ဘုရားတို့၊ အဘယ်နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိပါသနည်း'

**ကမ္မာကျော်စာပေ**

ဟု သံဃာတော်တို့အား လျှောက်ထားသည်။

မင်းကြီး၊ တုသိတာနတ်ပြည်သည် အားလုံးသော ဘုရားလောင်းတို့၏ နေရာဌာနဘုံဖြစ်သည်။

ဟု မိန့်ကြားသည်။

မင်းကြီးသည် သံဃာတော်၏ စကားအဆုံးတွင် နတ်ရွာစံပြီး တုသိတာမှလာသော နတ်ရထား၌တည်၍ တုသိတာဘုံသို့ သွားလေသည်။

## တံခါးမှူး၏ ဘဝနေဝင်ချိန်

သီဟိုဠ်နိုင်ငံ မစုအင်္ဂဏရွာ၌ တမေလ်(ဒမိဠ)လူမျိုးတံခါးမှူး တစ်ယောက်သည် နေ့စဉ်နေ့တိုင်း ငါးမျှားချိတ်ယူပြီး ငါးမျှားသည်။ ရလာသော ငါးကို သုံးပုံပုံသည်။ တစ်ပုံကိုရောင်း၍ ဆန်ဝယ်သည်။ တစ်ပုံကို နို့ဓမ်းနှင့်လဲသည်။ တစ်ပုံကိုချက်စားသည်။

ဤသို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုလာခဲ့ရာ အနှစ်ငါးဆယ်ကာလ ကြာခဲ့သည်။

အသက်အရွယ်ကြီးရင့်၍ နာမကျန်းဖြစ်လာပြီး အိမ်ရာထဲ လဲလျောင်းသော အချိန်ကာလ ရောက်လာခဲ့သည်။

တံခါးမှူးသည် သေရာညောင်စောင်း၌ လဲပြီးနောက် သေသောအခါ ဝယ် အပါယ်ငရဲကံသည် ထင်ထင်ရှားရှားဖြစ်ပေါ်နေသည်။

ထိုအခြေအနေကို ဂီရိကျောင်းနေ ဒုနုပိဏ္ဍပါတိကမထေရ်သည် အဘိညာဉ်ဖြင့် တွေ့သဖြင့် -

'ငါမြင်နိုက် ဤသတ္တဝါမပျက်စီးပါစေလင့်' ဟု ကြံစည်ကာ မဟာကရုဏာတော်တရား ရှေ့ထားပြီး ထိုတံခါးမှူးအိမ်သို့ ကြွလေသည်။ မထေရ်မြတ် တံခါးပေါက်စုံရပ်လာသည်ကို မြင်သော အိမ်ရှင်မသည်-

'အရှင်. . . မထေရ်မြတ်ကြွလာပါ၏'ဟု ပြော၏။

'ငါသည် အနှစ်ငါးဆယ်တို့ပတ်လုံး မထေရ်ထံသို့ မသွားဖူးချေ။ အဘယ်ရေစက်ကြောင့် မထေရ်မြတ်သည် ငါ့ထံသို့ လာရပါသနည်း။ ကန်တော့ပါသေးရဲ့ ကြွတော်မူပါဦးဟု လျှောက်လိုက်ပါလေ' ဟု ပြော၏။

ထိုအခါ မယားက မထေရ်မြတ်ကို -

'ကန်တော့ဆွမ်းပါဘုရား' ဟု လျှောက်ထားသည်။

'ဥပါသကာ၏ ခန္ဓာကိုယ်ဖြစ်ပုံက ဘယ်သို့ဖြစ်ပါသနည်း'

'အရှင်ဘုရား. . . အားနည်းလှပါ၏'

မထေရ်မြတ်သည် အိမ်တွင်းသို့ ဝင်ပြီးလျှင် တံခါးမှူးကို သတိဖြစ်စေပြီး -

'သီလကို ယူမည်လော'ဟု မေး၏။

'ကောင်းလှပါ၏ အရှင်ဘုရား'

မထေရ်သည် လူနာတံခါးမှူးတို့ သရဏဂုံသုံးပါးကို ပေးသည်။ ငါးပါးသီလကို ဆက်ပေးရန် ကြိုးစားအားထုတ်သည်။ တံခါးမှူးသည် ငါးပါးသီလကိုဆိုသော အခါဝယ် တံခါးမှူး၏ လျှာသည် လှုပ်နိုင်၏။

'ဤမျှဖြင့် သင့်လျော်လောက်ပြီ'

မထေရ်မြတ်သည် ဆုံးဖြတ်ကာ ပြန်ကြွတော်မူသည်။ ထိုမထေရ် ကြွသွားအပြီးတွင် တံခါးမှူးသည် အသက်ကုန်၍ စတုမဟာရာဇ် နတ်ဘုံ၌ ဖြစ်လေသည်။ ဖြစ်ပြီးသောခဏ၌ပင် -

'ငါသည် အဘယ်ကံကိုပြုခဲ့၍ ချမ်းသာကိုရသနည်း'

ဟုဆင်ခြင်းကြည့်မိသည်။ စူဠပိဏ္ဍပါတိက တိဿမထေရ်ကို အမှီပြု၍ ချမ်းသာရသည်ကိုသိ၍ နတ်ပြည်မှ ချက်ချင်းဆင်းလာကာ မထေရ်ကို ရှိခိုးလေသည်။

'ဤသူကား အဘယ်သူနည်း'

'အရှင်ဘုရား. . . တပည့်တော်သည် တမေလ်လူမျိုးတံခါးမှူးပါ ဘုရား'

'အဘယ်ဘုံ၌ ဖြစ်ရသနည်း'

'စတုမဟာရာဇ်ဘုံ၌ ဖြစ်ရပါသည်ဘုရား၊ အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်အား ငါးပါးသီလတို့ကို အကယ်၍ ပေးနိုင်ပါမူ အသထက် နတ်ပြည်၌ ဖြစ်ရပါမည်။ ယခုတော့ မည်သို့မျှမပြုနိုင်တော့ပါ ဘုရား'

နတ်သားသည် လျှောက်ထားပြီး နတ်ပြည်သို့ သွားလေတော့သည်။

## အနာထပိဏ်သူဌေးအား အရှင်သာရိပုတ္တရာမထေရ် ပေးသော ဘဝနေဝင်နည်းလမ်းပြင်နည်း

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ကာလကဖြစ်သည်။ ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးသည် ရောဂါ

ဝေဒနာဖိစီးပြင်းထန်စွာ ဆင်းရဲမှုကို ခံစားနေရချိန်ဖြစ်သည်။

ထိုအချိန်တွင် သူဌေးကြီးသည် မိမိ၏တပည့်လက်သားတစ်ဦးကို ခေါ်ကာ 'အမောင်၊ ဘုရားရှင်ထံသို့သွား၍ အနာထပိဏ်သူဌေးသည် ရောဂါဖိစီးနေ၍ ဆင်းရဲပင်ပန်းနွမ်းရိနေပါသည်။ ဝေဒနာလည်း ပြင်းစွာ ခံစားနေရပါသည်။ ထိုသို့ ခံစားနေရသော အနာထပိဏ်သူဌေးသည် အရှင်ဘုရားတော်ကို ဦးခိုက်ပါသည်ဘုရား'ဟု လျှောက်ထားပေးပါ။ ပြီးတော့ ရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် အနာထပိဏ်သူဌေးကြီးထံ ကြွလာစေလိုကြောင်း လျှောက်ထားတောင်းပန်ကြောင်းကိုလည်း လျှောက်ထားပေးပါ။

ဟု စေခိုင်းလိုက်လေသည်။

အနာထပိဏ်သူဌေး၏ တပည့် လုလင်သည် ဘုရားရှင်ထံသို့ သွား၍ အနာထပိဏ်သူဌေးလျှောက်ထားသည့်စကားအတိုင်း လျှောက်ထားသည်။ ထို့နောက် အရှင်သာရိပုတ္တရာထံသို့ သွားရောက်ကာ မှာသည့်အတိုင်း လျှောက်ထားသည်။

အရှင်သာရိပုတ္တရာသည် ခပ်မဆိတ်နေသည်။ သည်းခံပြီးနောက် သင်္ကန်းကို ဝတ်ရုံကာ ရှင်အာနန္ဒာကို နောက်လိုက်အဖြစ်ခေါ်ပြီး အနာထပိဏ်သူဌေးအိမ်သို့ ကြွဘော်မူလေသည်။

သူဌေးအိမ်အရောက်တွင် အသင့်ပြင်ဆင်ထားသောနေရာ၌ သီတင်းသုံးနေထိုင်တော်မူပြီးနောက် -

'သူဌေးကြီး ကျန်းမာရေးအခြေအနေ ဘယ်လိုလဲ၊ ခံစားနေရသော ရောဂါသက်သာပါရဲ့လား၊ ရောဂါဆုတ်ယုတ်ပါရဲ့လား' ဟု မေးတော်မူသည်။

'အရှင်ဘုရား သာရိပုတ္တရာ၊ တပည့်တော် နေမကောင်းသေးပါ။ ရောဂါဝေဒနာလည်း မဆုတ်ယုတ်ပါ။ အစားအသောက်တွေကလည်း မမျှတတော့ ဆိုပါတော့ဘုရား၊ သန်မာသော ယောကျ်ားတစ်ယောက်က ချွန်ထက်သော စူးဖြင့် ဦးခေါင်းကို ထိုးနေသကဲ့သို့ တပည့်တော်၏ ဦးခေါင်း၌ လွန်ကဲသော လေတို့က ထိုးနေပါသည်ဘုရား၊ သန်မာသောယောကျ်ားဟာ ခိုင်ခံ့သော ကြိုးစဖြင့် ဦးခေါင်း၌ ကျစ်ကျစ်ပါအောင် ရစ်ပတ်သကဲ့သို့ တပည့်တော်ဦးခေါင်း၌ ကိုက်ခဲနေပါသည်ဘုရား။ ကျွမ်းကျင်သော နွားသတ်ယောကျ်ားတစ်ယောက်က ထက်မြက်သော သားလှီးဓားဖြင့် နွား၏ဗိုက်သားကို လှီးဖြတ်သကဲ့သို့ တပည့်တော်ဝမ်းဗိုက်၌ လေတို့က လှီးဖြတ်နေပါသည်ဘုရား၊ သန်မာသော ယောကျ်ားမျိုးနှစ်ဦးက ချည့်နဲ့သော ယောကျ်ား၏ လက်မောင်းကို ကိုင်ဖမ်းကာ တရှဲရှဲငြိုးသော မီးကျီတွင်းမှာ ပူပြင်းစွာ ပူစေသကဲ့သို့ တပည့်တော်မှာ ပြင်းစွာပူလောင်နေရပါသည်ဘုရား၊ သို့အတွက် တပည့်တော်မှာ ရောဂါဝေဒနာ မဆုတ်ယုတ်ပါ။ တိုးတက်နေဆဲ ဖြစ်ပါသည်ဘုရား' လျှောက်ထားသည်။

'သူဌေးကြီး၊ ဤသို့ဆိုလျှင် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်တို့ကို မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလန်းလိုတော့ပါ။ ငါ့အား မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်တို့ကို မှီ၍ သိမှုတို့သည် မဖြစ်တော့ပါ' ဟု သင် သူဌေးကြီး ကျင့်ဖို့ကောင်း၏။ သူဌေးကြီးသည် ဤသို့ကျင့်ဖို့ကောင်း၏။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့တရားအာရုံတို့ကို မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလို

တော့ပါ။ ငါ့အား အဆင်း, အသံ, အနံ့, အရသာ, အတွေ့တရားအာရုံကို မှီ၍ သိမှုတို့သည် မဖြစ်တော့ပါဟု ကျင့်ဖို့ကောင်းသည်။

'သူဌေးကြီး၊ ဤသို့ကျင့်ဖို့ကောင်း၏။ အမြင်, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်တို့၌ အသိကို မှီ၍သိမှုတို့သည် မဖြစ်တော့ပါဟု ကျင့်ဖို့ ကောင်းသည်။

'သူဌေးကြီး၊ ဤသို့ကျင့်ဖို့ကောင်းပါ၏။ အမြင်, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, အတွေ့တို့ ကို မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ။ ငါ့အား အမြင်, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, အတွေ့တို့ကို မှီသိမှုသည် မဖြစ်တော့ပါဟု ကျင့်ဖို့ကောင်းပါသည်။

'သူဌေးကြီး၊ ဤသို့ကျင့်ဖို့ကောင်းပါသည်။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, အတွေ့ကြောင့် ဖြစ်သော ခံစားမှုကို မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ။ ငါ့အား မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်အတွေ့ဖြစ်သော ခံစားမှုကို မှီသိမှုသည် မဖြစ်တော့ပါဟု ကျင့်ဖို့ကောင်းပါသည်။

'သူဌေးကြီး ဤသို့ကျင့်ဖို့ကောင်းပါသည်။ မြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်, ကောင်းကင်ဓာတ်, အာကာသဓာတ်, အသိဉာဏ်ကို မက်မောမှု၊ တက်ကြွမှု, အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါဟု သင်သူဌေးကြီး ကျင့်ဖို့ကောင်းပါသည်။

'သူဌေးကြီး ဤသို့ကျင့်ဖို့ကောင်းပါသည်။ ရုပ်အစု, ခံစားမှုအစု, ထင်မှတ်မှုအစု, ပြုပြင်မှုအစု, အထူးသိမှုအစုကို မက်မောမှု, တက်ကြွမှု,

အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ။ ငါ့အား ယင်းတို့၌ မှီ၍သိမှုသည် မဖြစ်တော့ပါဟု သင်သူဌေးကြီးကျင့်ဖို့ကောင်းပါသည်။

'သင်သူဌေးကြီး ဤသို့ကျင့်ဖို့ကောင်းပါသည်။ ကောင်းကင် ပညတ်အာရုံရှိသော အာကာသာနဉ္စာယနစျာန်၊ ပထမာရုပ္ပဝိညာဏ်အာရုံရှိသော ဝိညာဏာနဉ္စာယတနစျာန်၊ နတ္ထိဘောဟု ပညတ်အာရုံရှိသော အာကိဉ္စညာယတနစျာန်၊ တတိယာရုပ္ပဝိညာဏ်အာရုံရှိသော နေဝသညာနာ သညာယနစျာန်ကို မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ။ ငါ့အား ယင်းတို့၌ မှီ၍သိမှုသည် မဖြစ်တော့ပါဟု ကျင့်ဖို့ကောင်းသည်။

သင်သူဌေးကြီးသည် ဤသို့ကျင့်ဖို့ကောင်းပါသည်။ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ။ ငါ့အား ဤလောက၊ တမလွန်လောက၌ မှီသိမှုသည် မဖြစ်တော့ပါဟု ကျင့်ဖို့ကောင်းပါသည်။

'သင်သူဌေးကြီးသည် ဤသို့ကျင့်ဖို့ကောင်းပါသည်။ အကြင် ဝတ္ထုပစ္စည်းကို ငါမြင်အပ်ပါသည်။ ကြားအပ်ပါသည်။ တွေ့အပ်ပါသည်။ သိအပ်ပါသည်။ ရောက်အပ်ပါသည်။ ရှာမှီးအပ်ပါသည်။ ထပ်ခါထပ်ခါ ရှာမှီးအပ်ပါသည်။ စိတ်ဖြင့်စေစားအပ်ပါသည်။ ထိုဝတ္ထုပစ္စည်းကို မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ။ ငါ့အား ယင်းတို့အပေါ်၌ မှီသိမှုသည် မဖြစ်တော့ပါဟုကျင့်ဖို့ကောင်းပါသည်။

ယင်းသို့ အရှင်သာရိပုတ္တရာ ဟောကြားတော်မူသောအခါ အနာ

ထပိဏ်သူဌေးကြီးသည် ငိုရှိုက်လေသည်။ မျက်ရည်တွေတွေစီးကျလေသည်။

ထိုသည်ကိုမြင်သော ရှင်အာနန္ဒာမထေရ်က -

'သူဌေးကြီး ပုစ္စည်းဥစ္စာ တွယ်တာနေမိသည်ဟု ထင်ပါသည်။ ကုသိုလ်ကောင်းမှုမှ တွန့်ဆုတ်စိုးကြောက်နေသည်ထင်ပေသည်'ဟု မိန့်ကြားတော်မူလေသည်။

'အရှင်ဘုရား အာနန္ဒာ၊ တပည့်တော် ပစ္စည်းဥစ္စာ၌ တွယ်တာရိုးအမှန်ပါ၊ ကုသိုလ်ကောင်းမှုမှ မတွန့်ဆုတ်မစိုးကြောက်ရိုးအမှန်ပါ။ အမှန်မှာ တပည့်တော်သည် ထာဝစဉ်ကာလပတ်လုံး ဘုရားရှင်ကို ဆည်းကပ်ခဲ့ပါသည်။ စိတ်ကိုထုံမွှမ်းစေတတ်ပေသော ရဟန်းတို့ကိုလည်း အမြဲဆည်းကပ်ပါသည်။ သို့သော် ဤကဲ့သို့သော တရားတော်မျိုးကို တပည့်တော် မကြား, မနာရဖူးသေးပါ'ဟု လျှောက်ထားပါသည်။

'သူဌေးကြီး၊ အမှန်မှာ လူဝတ်ကြောင်တို့အား ဤလိုတရားမျိုးသည် မထင်မြင် သဘောမပေါက်နိုင်ပါ။ ရဟန်းတော်တို့အားသာလျှင် ထင်မြင်သဘောပေါက်လွယ်နိုင်ပါသည်'ဟု အရှင်သာရိပုတ္တရာက မိန့်ကြားသည်။

'အရှင်ဘုရား သာရိပုတ္တရာ၊ ယင်းသို့ဖြစ်ပါမူ လူဝတ်ကြောင်တို့အားလည်း ဤလိုတရားမျိုးထင်မြင်သဘောပေါက်အောင် ပြတော်မူပါအရှင်ဘုရား၊ ပညာမျက်စိ၌ ကိလေသာဖုတ် ထူကုန်သော အမျိုးသားတို့သည် တရားတော်ကို မနာရသောကြောင့် အကျိုးယုတ်ရပါသည်။ တရားကို ထင်မြင်လွယ်, သဘောပေါက်လွယ်သော သူတို့သည်ရှိကြပါသည်ဘုရား။

ကမ္ဘာကျော်စာပေ

ထို့နောက် အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာမထေရ်တို့သည် အနာထပိဏ်သူဌေးကြီးအား ဆုံးမပြီး ပြန်ကြွတော်မူသည်။ မထေရ်နှစ်ပါး ပြန်ကြွသွားပြီးနောက် မကြာမီပင်လျှင် အနာထပိဏ်သူဌေးကြီးသည် ကွယ်လွန်အနိစ္စရောက်ပြီး တုသိတာနတ်ပြည်၌ ဖြစ်ရလေသည်။

အနာထပိဏ်သဌေး၏ ဘဝနေဝင်ခါနီး ပြင်ဆင်လုပ်သွားသော နည်းသည်ကား ကောင်းသောအာရုံနိမိတ်ရရှိပြီး တုသိတာတွင် စံရသည်ဘဝသို့ရောက်ခဲ့ရလေသည်တကား။

(ဥပရိပဏ္ဏာသ၊ သဠာယတနဝဂ္ဂ၊
အနာထပိဏ္ဍိကော ဝါဒသုတ္တ)
မဟာဗုဒ္ဓဝင်-ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း၊ စာ-၁၅၅-၁၇၁

## မဟာဓမ္မိက၏ ဘဝနေဝင်နည်းလမ်းပြင်နည်း

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်အချိန်ဖြစ်သည်။ သာဝတ္ထိပြည်၌ ဥပါသကာ ၂၅၀၀၀၀တို့၏ ဦးစီးခေါင်းဆောင်ဖြစ်သော မဟာဓမ္မိကနာမည်ရှိသော ဥပါသကာကြီးသည် အပေါင်းအသင်း ဥပါသကာများနှင့် သီလဆောက်တည်ခြင်း၊ ဓနီးသားမယားတို့နှင့် ဒါနပြုခြင်းစသည်တို့ကို အစဉ်တစိုက်စိတ်လက်ချမ်းသာစွာ ပျော်ရွှင်စွာဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ထိုဥပါသကာကြီး အရွယ်ကြီးရင့်ရောက်လာ၍ အနာရောဂါကပ်ရောက်လာသည်။ ထိုအနာရောဂါဖြင့် သေရာညောင်စောင်းလဲလျောင်း

နေသည့်အချိန်တွင် ဘုရားရှင်ထံသို့ လူလွှတ်ပြီး ရဟန်းတော် (၈)ပါး၊ (၁၆)ပါး စေလွှတ်ပေးပါရန် လျှောက်ထားခိုင်းပါသည်။

ဘုရားရှင်ကလည်း မဟာဓမ္မိက ဥပါသကာကြီး၏ အိပ်ရာ ညောင်စောင်းဘေး၌ ဝိုင်းရံခင်းထားသော နေရာအသီးသီး၌ ဝိုင်းထိုင်ကြ ကုန်သည်။

'အရှင်မြတ်တို့ဘုရား၊ အရှင်မြတ်တို့အား တပည့်တော်ဖူးမြင်ရခြင်း သည် ယခုနောက်ဆုံးဖူးမြော်ရခြင်းဖြစ်ပါလိမ့်မည်ဘုရား၊ တပည့်တော် ယခု အလွန်အားနည်းနေပါပြီ။ တပည့်တော် အကျိုးငှာ သုတ္တန်ဒေသနာ တရားတော်ကို ချီးမြှင့်ရွတ်ဖတ်ပေးတော်မူကြပါဘုရား'

'ဥပါသကာကြီး၊ အဘယ်သုတ္တန်ကို နာလိုပါသနည်း'

'အရှင်မြတ်တို့ဘုရား၊ အလုံးစုံသော ဘုရားရှင်တို့ မစွန့်လွှတ်သည့် သတိပဋ္ဌာန်တရားတော်ကို နာလိုပါသည်ဘုရား'

သံဃာတော်များသည် ဥပါသကာကြီး၏ ဘေးတွင် 'ဧကာယနောယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ' စသော သုတ္တန်တရားကို သံပြိုင် ညီညာ ရွတ်ဖတ်သရဇ္ဈာယ်ကြလေသည်။

ထိုအချိန်တွင် နတ်ပြည်ခြောက်ထပ်တို့မှ ရွှေငွေရတနာ ခြူးပန်းခြူးနွယ် တို့ဖြင့်လည်းကောင်း၊ တူရိယာတို့ဖြင့် လည်းကောင်း၊ ပြည့်စုံစွာတန်ဆာ ဆင်ထားသော နတ်ရထားခြောက်စင်းတို့သည် ဥပါသကာကြီးအား ခေါ် ဆောင်ရန်ရောက်လာကြသည်။

နတ်ရထားတွင်ပါလာသော နတ်သားအသီးသီးတို့က-

'အချင်း ဓမ္မိက ဥပါသကာကြီး၊ မြေကိုခွဲ၍ ရွှေအိုးကို ယူသကဲ့သို့ အကျွန်ုပ်နတ်ပြည်သို့လိုက်၍ မွေ့လျော်ရန် ဤရထားကိုတက်ပါလော့'

ဟု အသီးသီးပန်ကြားစကား ပြောကြားကြသည်။

ထိုသို့ နတ်သားတို့က အပြိုင်အဆိုင်တောင်းပန်ပြောကြားသည်ကို တရားနာရာ၌ အနှောင့်အယှက်ဖြစ်သဖြင့် ဥပါသကာကြီးက -

'ဆိုင်းငံ့ကြပါဦးလော့၊ ဆိုင်းငံ့ကြပါဦးလော့'

ဟု ဆိုလိုက်လေသည်။

ရဟန်းတော်များသည် မိမိတို့အား တားမြစ်သည့်ထင်၍ သုတ္တန်ဒေသနာတော်ရွတ်ဆိုမှုကို ရပ်တန့်ထားလိုက်ကြသည်။

ဥပါသကာကြီး၏ သားသမီးတို့သည်---

'ငါတို့၏ ဖခင်သည် ရှေးအခါတရားနာရခြင်း၌ မရောင့်ရဲနိုင်သူဖြစ်သည်။ ယခုရွတ်ဆို သရဇ္ဈာယ်နေသော သံဃာတော်များကို တားမြစ်နေပြီ၊ သေဘေးကိုမကြောက်သောဖခင်ကြီးသည် ယခုတော့ သေဘေးကို ကြောက်နေပြီ။ လောကတွင် သေဘေးကို မကြောက်သောသူမည်သည် မရှိပြီ'ဟုဆိုကာ ငိုကြွေးကြကုန်လေသည်။

ထိုအချိန်တွင် ရဟန်းတော်တို့သည် တရားတော်ကို ဆက်လက်ရွတ်ဆိုရန် အခါမဟုတ်တော့ပြီဟု အောက်မေ့ကာ ပြန်ကြွသွားတော်မူကြလေသည်။

ဥပါသကာကြီးသည် သတိရလာသောအခါ သားသမီးတို့ငိုကြွေးနေသည်ကို တွေ့မြင်ရသောအခါ 'သားတို့သမီးတို့ ဘာကြောင့် ငိုနေကြပါ

သနည်း၊ အရှင်တို့ကော ဘယ်ရောက်သွားပါသလဲ' ဟု မေးလေသည်။

'ဖခင်ကြီးတားမြစ်သောကြောင့် အရှင်မြတ်တို့ ကြွသွားပါပြီ၊ သားတို့သမီးတို့သည် သေဘေးကိုမကြောက်သောသူ မည်သည် မရှိဟုအောက်မေ့ကာ ငိုကြွေးနေကြပါသည်'

'အို-သားတို့ သမီးတို့၊ ငါသည် အရှင်မြတ်တို့နှင့် စကားပြောသည် မဟုတ်ပါ။ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားတို့ ဆိုက်ရောက်လာပြီး ငါ့ကို လာခေါ်နေသောကြောင့် ဆိုင်းငံ့ကြပါဦးလော့ဟု ငါဆိုခြင်းဖြစ်သည်'

'ဖခင်၊ နတ်ရထားကား အဘယ်မှာနည်း၊ ကျွန်ုပ်တို့ မမြင်ကြရပါ'

'ငါ့အတွက် သီကုံးထားသော ပန်းကုံးများရှိပါသလော'

'ရှိပါသည်ဖခင်'

'သားသမီးတို့၊ အဘယ်နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိသည်ဟု ကြားဖူးကြပါသနည်း'

'ဖခင်၊ ဘုရားလောင်းမှန်သမျှတို့သည် တုသိတာနတ်ပြည်၌သာ မွေ့လျော်နေထိုင်ကြကုန်သည်ဟု ကြားဖူးပါ၏'

'အသို့ဆိုလျှင် တုသိတာနတ်ပြည်မှလာသော ရထားဦး၌ ပန်းကုံးချိတ်ပါစေသတည်း'ဟု အဓိဋ္ဌာန်ပြီး ပန်းကုံးကို ပစ်လွှတ်ကြပါလော့'

သားသမီးတို့သည် ဖခင်ကြီးဆိုသည့်အတိုင်း အဓိဋ္ဌာန်ပြီး ပန်းကုံးကို ပစ်မြှောက်လိုက်ကြသည်။ ပန်းကုံးသည် တုသိတာနတ်ပြည် ရထားဦး၌ ချိတ်စွပ်၍ ကောင်းကင်၌တွဲရရွဲဆွဲ၍ တည်နေလေသည်။

အခန်းတွင်း၌ စုဝေးမိနေကြသော သားသမီးနှင့် ဥပါသကာမိတ်ဆွေများစွာတို့သည် ပန်းကုံးကိုသာမြင်ရသည်။ ရထားကိုကား မမြင်ရချေ။

'ငါသည် တုသိတာနတ်ပြည်သို့သွားပါအံ့။ သင်တို့မစိုးရိမ်, မပင်ပန်းကြကုန်လင့်၊ ငါလိုဖြစ်လိုလျှင် ငါပြုသောနည်းဖြင့် ကုသိုလ်ကောင်းမှုကိုပြုရစ်ကြကုန်လော့'

ထိုသို့မှာကြားပြီးနောက် ဥပါသကာကြီးသည် ဝိညာဉ်ချုပ်သွားသည်။ တုသိတာနတ်ရထား၌ နတ်ဝတ်တန်ဆာနှင့် တကွဖြစ်လေသည်။ တုသိတာနတ်ပြည်သို့ ရောက်သောအခါ နတ်သမီးတစ်ထောင်ခြံရံပြီးလျှင် နှစ်ဆယ့်ငါးယူဇနာကျယ်ဝန်းသော ငွေဗိမာန်ကြီးသည် ပေါ်ထွန်းလာလေသည်။

ဇေတဝန်ကျောင်းသို့ ရဟန်းတော်များပြန်ရောက်၍ ဘုရားရှင်ထံသို့ဝင်ရောက်ကန်တော့ကြသောအခါ ဘုရားရှင်က

'ချစ်သားတို့၊ ဥပါသကာကြီးကို တရားဟောခဲ့ပြီလော'ဟု မေးတော်မူသည်။

'မြတ်စွာဘုရား၊ ဟောကြားခဲ့ပြီးပါပြီ။ သို့သော် တရားမဆုံးခင် ဆိုင်းငံ့ကြပါကုန်လောဟု တားမြစ်ပါသည်ဘုရား၊ ထိုအခါ ဥပါသကာကြီး၏ သားသမီးတို့သည်လည်း ငိုကြွေးကြပါကုန်၏ ဘုရား၊ တပည့်တော်တို့လည်း ဆက်လက်သရဇ္ဈာယ်ရန် မသင့်ပြီဟု ယူဆကာ ပြန်ကြွလာခဲ့ပါတော့သည်ဘုရား'

**ကမ္ဘာကျော်စာပေ**

'ချစ်သားတို့၊ ဓမ္မိကဥပါသကာကြီးသည် သင်တို့ကို တားမြစ်စကားပြောသည်မဟုတ်ပါ၊ နတ်ပြည်ခြောက်ထပ်မှ ရောက်လာသော နတ်ရထားမှနတ်သားတို့က ဥပါသကာကြီးကို ဖိတ်ခေါ်ကြသဖြင့် ဥပါသကာကြီးက တရားနာနေသည်ကို အနှောင့်အယှက်ဖြစ်၍ နတ်သားတို့ကို ခဏစောင့်ရန် စကားပြောခြင်းဖြစ်သည်။

'မြတ်စွာဘုရား၊ ဥပါသကာကြီးသည် ယခုအဘယ်ဘုံ၌ ဖြစ်ပါသနည်းဘုရား'

'ချစ်သားတို့၊ တုသိတာနတ်ဘုံ၌ဖြစ်၏'

'မြတ်စွာဘုရား၊ ဓမ္မိကဥပါသကာကြီးသည် မကြာမီကာလကပင်သားသမီးဆွေမျိုးများအလယ်၌ ပျော်ရွှင်စွာ စံနေရ၏။ ယခုတစ်ဖန် ဘဝပြောင်းသောအခါ၌လည်း မွေ့လျော်ပျော်ဖွယ်သောအရပ်၌ ဖြစ်ရ၏'

'ချစ်သားတို့၊ ဟုတ်မှန်ပေ၏။ ကုသိုလ် ကောင်းမှု၌ မမေ့မလျော့ကြကုန်သော သူတို့သည် ဤပစ္စုပ္ပန်ဘဝ၌လည်း မွေ့လျော်ရ၏။ တမလွန်ဘဝ၌လည်း မွေ့လျော်ရ၏။ ကောင်းမှုကံ၏ စင်ကြယ်ခြင်းကို မြင်၍ထိုသူသည် ပစ္စုပ္ပန်, တမလွန်မှ ကျော်သောဘဝတို့၌ အလွန်မွေ့လျော်ရပေ၏။

(ဓမ္မပဒ၊ ယမကဝဂ္ဂ၊ ဓမ္မိက ဥပါသကာဝတ္ထု)

**ပြီးပါပြီ။**

တက္ကသိုလ် သျှင်သိရိ
(ဓမ္မာစရိယ–ဘိအေ)

ကမ္ဘာကျော်စာပေ

ငါ့ထက်ကြီးသူ၊ များဗိုလ်လူ
သေသူတွေလည်း များလှပြီ။
ငါနှင့်ရွယ်တူ၊ များဗိုလ်လူ
သေသူတွေလည်း များလှပြီ။
ငါ့အောက်ငယ်သူ၊ များဗိုလ်လူ
သေသူတွေလည်း များလှပြီ။
ငါလည်းဤအတူ၊ တစ်နေ့မူ
ထိုသူလိုပဲ သေရမည်။

## သေနည်းကောင်း

"ငါသေတော့မည်" ဟုထင်မှတ်ရသော အချိန်ပိုင်းတွင် မိမိ၏ စိတ်အာရုံကို ကြည်လင်အောင် ရှင်းရှင်းထား၍နေပါ။

"သံယောဇဉ်" ဟူသမျှ ဘာသံယောဇဉ်မှ (ပစ္စည်းသံယောဇဉ်၊ လူသံယောဇဉ် စသည်) မိမိ၏စိတ်အာရုံတွင် ဝင်ရောက်မလာစေရ၊ ဝင်ရောက်လာလျှင် ဖယ်ထုတ်ပစ်ပါ။

မိမိပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် စသည်တို့တွင် မိမိစိတ်ဝင်စား၍ အနှစ်သက်ဆုံးသော ကုသိုလ်အာရုံ တစ်ခုခုကို ထပ်ပြန်တလဲလဲ စွဲနေအောင် နှလုံးသွင်း၍ ကျေနပ်ဝမ်း မြောက်နေရပါသည်။

"ကုသိုလ်အာရုံ" တစ်ခုခုကို စိတ်ကြည်လင်အောင် နှလုံးသွင်း၍ စိတ်ဝင်စားကာ ပျော်မွေ့ရင်း သေသွားတတ်ရမည်။

တောင်တန်းသာသနာပြုဆရာတော်ကြီး
ဦးဥတ္တမသာရ

- ကမ္ဘာကျော်စာပေ

## ယပ်တောင်လက်ဆုံးမစာ

"ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်"

※　သူ့ကိုယ်လည်း ကိုယ်မပိုင်
ကိုယ့်ကိုလည်း သူမပိုင်
ကိုယ့်ကိုယ်ကိုမှ ကိုယ်မပိုင်
ဘယ်သူ့ကိုမှ ဘယ်သူမပိုင်
ဖြစ်ချိန်တန်လျှင် ကံအတိုင်းဖြစ်
ပစ္စည်းကိုလည်း လူကပစ်
မမြဲတဲ့ အနိစ္စအစစ်
ကြောက်စရာကောင်းတဲ့ ဒုက္ခအစစ်
အစိုးမရတဲ့ အနတ္တအစစ်။

※　မအိုပါလို့ ငါကဆိုလည်း
ဆိုတိုင်းမရ၊ အိုကြရ
အနတ္တခန္ဓာကိုယ်ပါတကား။

- မနာပါလို့ ငါကဆိုလည်း
  ဆိုတိုင်းမရ၊ နာကြရ
  အနတ္တခန္ဓာကိုယ်ပါတကား။

- မသေပါလို့ ငါကဆိုလည်း
  ဆိုတိုင်းမရ၊ သေကြရ
  အနတ္တခန္ဓာကိုယ်ပါတကား။

ကမ္ဘာကျော်စာပေ

# ဧည့်သည်

❋ လာတုန်းကလည်း၊ တစ်ယောက်တည်းနော့
လက်တွဲခေါ်ကာ၊ ဖော်မပါဘူး
ဥစ္စာချည်းနှီး ကိုယ်ထီးတည်း . . .။

❋ ပြန်သွားတော့လည်း တစ်ယောက်တည်းနော့
လက်တွဲခေါ်ကာ ဖော်မပါဘူး
ဥစ္စာချည်းနှီး ကိုယ်ထီးတည်း . . .။

❋ လာပြီးတော့နား၊ မသွားသေးခင်
ချိန်လေးတွင်မှ၊ ဝန်းကျင်ယှက်နွယ်
နှောင်ကြိုးတွယ်ကြ၊ ပြုံးရယ်မဲ့ငို
ချစ်မုန်းပိုကြ၊ မလိုဒေါသ
လိုလောဘနှင့်၊ ဘဝရိပ်မြုံ
ကကြိုးစုံခဲ့၊ ကံကုန်မိုးချုပ်
လက်တွဲဖြုတ်ကာ၊ သုတ်သုတ်ဆောလျင်
ခရီးနှင်သည်၊
တို့လျှင် ဧည့်သည်ပါတကား . . .။

**ကမ္ဘာကျော်စာပေ**

## သွားနှင့်မည်

ကံခြေရာနောက်၊ ကောက်ကောက်ပါအောင်
မုန်းရှောင်မရ၊ ငါလိုက်ရပြီ
ငါမလိုက်ချင်သေးပါ။

ဖွေရှာသိမ်း၊ ပစ္စည်းရွှေငွေ
ငါ့မြေ ငါ့အိမ်၊ စည်းစိမ်ဥစ္စာ
ရတနာကို၊ ငါကခုံမင်
မစွန့်ချင်လည်း၊ ငါပင်စွန့်ရ၊ ပစ်ခဲ့ရပြီ
ငါက မစွန့်ပစ်ချင်သေးပါ။

ဩော်. . . မလိုက်မနေ၊ နေချင်မရ
မစွန့်ချင်လည်း၊ စွန့်ပစ်ခဲ့ရ
ဘဝလက်ကျန်၊ ငါကံကပင်
ခရီးတွင်ပြီ
တွင်တွင်လျှောက်လို့ သွားနှင့်မည်။

ကမ္ဘာကျော်စာပေ